ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် – ၃၂၀ ၇၅၀ ၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၀ ၀၀၁ ၀၁၁၀

ဥပုသ်စာဖြေကျောင်းသင်ခန်းစာ
မြန်မာလူကြီးတန်း

အုပ်ရေ – ၄၀၀၀

ဓမ္မဒါန

ပုံနှိပ်သူ။ ဦးဒိုဟင်ပေါင် (၀၇၉၄၅)၊ ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဦးကျော်စိန်ဖေ (၀၃၀၃၇)၊ ဥပုသ်စာဖြေကျောင်းသင်ခန်းစာ၊ အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ်

# ဥပုသ်စာဖြေကျောင်းသင်ခန်းစာ

## မြန်မာလူကြီးတန်း

# ဝိညာဉ်တော်၏အသီး

**Richard O'Ffill ရေးသားသော**
***THE FRUIT OF THE SPIRIT*** **စာအုပ်ကို**
**အငြိမ်းစားဆရာကြီးဦးစောဂေးလ်ဘတ်ဂျီးက မြန်မာပြန်ဆိုသည်။**

ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ
၂၀၁၀ ခုနှစ်

(ပထမအကြိမ်)

ဥပုသ်စာဖြေကျောင်းသင်ခန်းစာ

**မြန်မာလူကြီးတန်း**

# ဝိညာဉ်တော်၏အသီး

ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ
၂၀၁၀ ခုနှစ်

F-1

**မာတိကာ**


၁။ ၎င်းတို့၏အသီးအားဖြင့်
၂။ ဝိညာဉ်တော်၏အသီးကားချစ်ခြင်းဖြစ်၏
၃။ ဝိညာဉ်တော်၏အသီးကားဝမ်းမြောက်ခြင်းဖြစ်၏
၄။ ဝိညာဉ်တော်၏အသီးကားငြိမ်သက်ခြင်းဖြစ်၏
၅။ ဝိညာဉ်တော်၏အသီးကားသည်းခံခြင်းဖြစ်၏
၆။ ဝိညာဉ်တော်၏အသီးကားကျေးဇူးပြုခြင်းဖြစ်၏
၇။ ဝိညာဉ်တော်၏အသီးကားကောင်းမြတ်ခြင်းဖြစ်၏
၈။ ဝိညာဉ်တော်၏အသီးကားသစ္စာရှိခြင်းဖြစ်၏
၉။ ဝိညာဉ်တော်၏အသီးကားနူးညံ့သိမ်မွေ့ခြင်းဖြစ်၏
(စိတ်နှိမ့်ချခြင်း)
၁၀။ ဝိညာဉ်တော်၏အသီးကားကိုယ်ကိုချုပ်တည်းခြင်းဖြစ်၏
၁၁။ ဝိညာဉ်တော်၏အသီးကားဖြောင့်မတ်ခြင်းဖြစ်၏
၁၂။ ဝိညာဉ်တော်၏အသီးကားသမ္မာတရားဖြစ်၏
၁၃။ ဝိညာဉ်တော်၏အသီးကားခရစ်ယာန်တို့၏အကျင့်စရိုက်

## “ဝိညာဉ်၏အသီးဟူမူကား---”

တစ်နေ့သော် အမျိုးသမီးတစ်ဦးသည် မိမိ၏ကားကိုမောင်းနှင်လာသည်။ ရဲကား (၃) စီးသည် သူမအား တားဆီးလိုက်သည်။ ရဲများသည် ၎င်းတို့လက်ထဲ၌ သေနတ်များကိုင်ဆောင်ကာ ကားထဲမှထွက်လာသည်။ သူမသည် အလွန်ထိတ်လန့်သွားသည်။ သူမဘာပြုလုပ်ခဲ့သနည်း။

“မင်းဟာ၊ ယာဉ်ကျောလမ်းအတိုင်းမသွားဘဲ ဟိုဘက်ဒီဘက်ဝင်ထွက်သွားလာနေတယ်။ အခြားမော်တော်ယာဉ်များကိုလည်း ရိုင်းပျစွာအချက်ပြပြီး ဆဲဆိုနေတယ်” ဟု ရဲအရာရှိတစ်ဦးက သူမအားပြောသည်။ အမျိုးသမီးက “ဒီအကြောင်းနဲ့ပဲ ခင်ဗျားတို့က သေနတ်ထုတ်ရတာလား” ဟုမေးလိုက်သည်။ ရဲက “ခင်ဗျားရဲ့ကားမှာကပ်ထားတဲ့ (sticker) ရဲ့စာသားက ခင်ဗျားကခရစ်ယာန်လို့ဆိုထားတယ်။ ဒါကြောင့်ငါတို့ထင်တာက မင်းဟာ၊ ဒီကားကိုခိုးလာတာဖြစ်မယ်” ဟုပြောလိုက်သည်။

ဤအဖြစ်အပျက်သည် အရေးကြီးသည့်အချက်တစ်ခုကိုညွှန်ပြသည်။ ခရစ်ယာန်အနေဖြင့် ကျွန်ုပ်တို့၏အပြောအဆို၊ အနေအထိုင်၊ အပြုအမူတို့ကို အလွန်သတိထားရန်လိုအပ်ကြောင်းပင်ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်၏။ သူကဲ့သို့ကျွန်ုပ်တို့လည်းဖြစ်သင့်သည်။

သို့သော် သခင်ယေရှုနှင့်တူရမည်ဆိုသည်မှာ အဘယ်နည်း။ ခရစ်ယာန်များသည် ဘယ်ကဲ့သို့နေထိုင်ရမည်နည်း။ အိမ်၌သော်လည်းကောင်း၊ အများသူငှာရှေ့တွင်လည်းကောင်း၊ ကျွန်ုပ်တို့ဘယ်



ကဲ့သို့ပြုမူရမည်နည်း။ သော့ချက်ကို (ဂလာတိ ၅း၂၂၊၂၃) တွင်တွေ့ရှိနိုင်သည်။ ဤလေးလပတ်၏သင်ခန်းစာဖြစ်သည်။ “ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကိုအဘယ်တရားမျှမမြစ်တား။” (ဂလာတိ ၅း၂၂၊၂၃)။

ဝိညာဉ်၏အသီးအကြောင်းကို လေ့လာမည်ဖြစ်သည်။ ဘုရားသခင်ထံသို့အသက်တာကို လုံးလုံးလျားလျားအပ်နှံသောသူသည် ဘယ်ကဲ့သို့ဖြစ်မည်ကို သင်ကြားမည်ဖြစ်၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့အတွင်း၌ ဘယ်ကဲ့သို့လုပ်ဆောင်သည်ကို လေ့လာမည်ဖြစ်၏။ “ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏။” (ယော ၃း၆)။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌မွေးဖွားသောဝိညာဉ်၏အသီးကိုသီးမည်ဖြစ်၏။ ဒုတိယမွေးဖွားသောအခါ ကျွန်ုပ်တို့သည် ဝိညာဉ်၏အသီးကိုရ၏။”

“ဝိညာဉ်ပကတိ၏အကျိုးမူကား---” ဟုပေါလုပြောသည်ကိုသတိပြုပါ။ သူသည် ဝိညာဉ်၏အကျိုးများဟုမဆို၊ ဧကဝုစ်ကိန်းကိုအသုံးပြုထားသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်၏အသီးသည် တစ်ခုနှင့်တစ်ခုခွဲ၍မရပါ။ ၎င်းတို့သည် တစ်ခုအနေဖြင့် အလုပ်လုပ်သည်။ စပျစ်သီးတစ်ခိုင်တွင်ရှိသောစပျစ်သီးများကို ပြောသည်နှင့်တူသည်။ ဝိညာဉ်၏အသီးသည် သန့်ရှင်းသောဝိညာဉ်တော်ကျွန်ုပ်တို့ကိုယ်တွင်း၌ ဖန်ဆင်းသောအရာပင်ဖြစ်သည်။ သခင်ယေရှု၌မည်ကဲ့သို့သောသူများဖြစ်သည်ကို ပြခြင်းဖြစ်သည်။ ဝိညာဉ်၏အသီး

သည် ထောင့်အများရှိသောအဖိုးထိုက်သည့် ကျောက်မျက်ရတနာနှင့်တူသည်။ ထောင့်တစ်ခုစီ၌ရှိသောသခင်ယေရှု၏စရိုက်ကို ကျွန်ုပ်တို့အသက်တာတွင် ဖန်တီးရန်အလိုရှိသည်။ ဤအရာသည် သူ၏အဓိကအလုပ်ဖြစ်သည်။ ဘုရားသခင်၏အကြံအစည်သည် ကျွန်ုပ်တို့ကိုသခင်ယေရှုနှင့်တူရန်ဖြစ်သည်။ သူသည် သန့်ရှင်းသောဝိညာဉ်တော်ကိုကျွန်ုပ်တို့အား ပြောင်းလဲစေရန် ကျွန်ုပ်တို့၏အသက်တာတွင်းသို့စေလွှတ်ခဲ့သည်။

ဝိညာဉ်၏အသီးသည် သက်သေမပြရသေးသည့်အရာမဟုတ်ကြောင်း သင်တွေ့ရှိမည်ဖြစ်သည်။ လူ၏နေထိုင်သည့်စတိုင် (ပုံစံ) မဟုတ်ပါ။ သို့သော် ဝိညာဉ်တော်အသီးရှင်သန်ကြီးထွားနေသောသူတစ်ဦးသည် ယခင်ကနေထိုင်သည့်ပုံစံနည်းတူ နေထိုင်တော့မည်မဟုတ်ပါ။ “လူမည်သည်ကား ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။” (၂ကော ၅း၁၇)။ ဝိညာဉ်၏အသီးသည် သေခြင်းမှအသက်ရှင်ခြင်းသို့ ကူးပြောင်းသောကိုယ်ဖြစ်၏။ (၁ယော ၃း၁၄)။

ဤနှစ်ပထမလေးလပတ်၏ (၃) လသင်ခန်းစာသည် ကျွန်ုပ်တို့ကိုယ်ကိုသခင်ယေရှုနှင့်တူရန် သန့်ရှင်းသောဝိညာဉ်တော်ဘယ်ကဲ့သို့ပြုလုပ်နိုင်သည်ကို သင်ကြားမည်ဖြစ်သည်။ သူသည် သည်းခံခြင်း၊ ချစ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သစ္စာရှိခြင်းဖြစ်၏။

အချိန်တိုင်းသင်၏ကိုယ်တွင် အထူးသဖြင့် အိမ်၌ဝိညာဉ်တော်၏အသီးကိုသီးစေရန် စိန်ခေါ်မှုပြုရမည်ဖြစ်၏။ အောင်မြင်ခြင်း၏သော့ချက်ကား ဘုရားသခင်ကို လုံးလုံးအပ်နှံရန်ဖြစ်သည်။ ဘုရားသခင်နှင့်အခြားသောသူများအတွက် အသက်ရှင်ပြီး မိမိကိုယ်ကိုသေရန်၊ ဆန္ဒရှိရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ပြီး ခရစ်တော်၏ကျေးဇူးတော်ကို အမြဲလိုအပ်ကြောင်း သတိရရမည်ဖြစ်၏။ ကျွန်ုပ်တို့သည် ဘယ်သူများဖြစ်၍ ဘာကိုလုပ်ဆောင်ခဲ့သော်လည်း သခင်ယေရှုသည် ကျွန်ုပ်တို့ကိုချစ်တော်မူသည်။ ကျွန်ုပ်တို့ဘယ်သောအခါမျှ မမေ့ရန်အချက်မှာ ဖြောင့်မတ်ခြင်း (သို့မဟုတ်) ဝိညာဉ်တော်၏ “အသီး” သာဖြစ်ခြင်းပင်ဖြစ်၏။ ကယ်တင်ခြင်း၏အကျိုးကျေးဇူးဖြစ်၏။ ကယ်တင်ခြင်းရရန် နည်းလမ်းမဟုတ်ပါ။ ကယ်တင်ခြင်းလမ်းသည် သခင်ယေရှုသာလျှင် အမြဲဖြစ်၏။

နိဒါန်း

–၀–

## သင်ခန်းစာ (၁)
## ၎င်းတို့၏အသီးဖြင့်

ဒီဇင်ဘာ ၂၆ – ဇန်နဝါရီ ၁

**ဥပုသ်နေ့မွန်းလွဲပိုင်း ဒီဇင်ဘာ ၂၆**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** လုကာ ၁၃း၇–၉။ ယောဟန် ၁၁း၄။ ၁၂း၂၈။ ၁၅း၁–၁၀။ ၂တိ ၃း၅။

**အလွတ်ကျမ်းချက်**

**"သို့ဖြစ်လျှင် ထိုပုရောဖက်တို့၏အကျင့်ကိုထောက်သော်သူတို့၏သဘောကို သိရကြလိမ့်မည်။" (မဿဲ ၇း၂၀)။**

ဘုရားသခင်၏စိတ်အလှုပ်ရှားဆုံးသော ကတိတော်တစ်ခုသည် အကယ်၍ ကျွန်ုပ်တို့သည် သူ၌တည်ပြီး ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏အသက်တာအတွင်း၌ သူ့အားလာရောက်တည်စေသော် ကျွန်ုပ်တို့သည် အမှန်တကယ်ပင် ထူးခြားလာမည်ဖြစ်၏။ ကျွန်ုပ်တို့၏အသက်တာသည် ကြီးစွာပြောင်းလဲသွားမည်ဖြစ်၏။

> "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ။" (၂ကော ၅း၁၇)။

ယခုပထမလေးလပတ်၏ (၃) လတွင် ဝိညာဉ်တော်၏အသီးအကြောင်းကို လေ့လာမည်ဖြစ်၏။ အလွန်အံ့ဩဖွယ်ကောင်းသော



ကယ်တင်ခြင်းစီမံကိန်း၏ကတိတော်သည် "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏" ဟုဆိုသည်။ (၂ကော ၃း၁၈)။

သခင်ယေရှု၌တည်သောသူတို့သည် ဝိညာဉ်တော်အသီးကိုအမြဲရမည်သာဖြစ်၏။ ဤကတိတော်သည် သင့်အတွက် အမှန်တကယ်ဖြစ်မည်ကို သင်တစ်ခါတစ်ရံစဉ်းစားမိပါသလား။ အဖြေမှာ လွန်စွာဟုတ်မှန်ပါ၏။ ကျွန်ုပ်တို့တွင် ဤကောင်းသောအမှုကို အစပြုသောသခင်ယေရှုသည် ပြီးစီးအောင်ဆောင်ရွက်တော်မူမည်ကို ကျွန်ုပ်တို့ယုံကြည်နိုင်သည်။ (ဖိလိပ္ပိ ၁း၆)။

၎င်း၏ကတိတော်ကိုပြန်လည်သတိရပါ။ "သင်တို့သည် ငါ့ကိုရွေးကောက်တော်မူသည်မဟုတ်၊ ငါသည် သင်တို့ကိုရွေးကောက်သဖြင့် သင်တို့သည်သွား၍ တည်ကြည်သောအသီးကိုသီးမည်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကိုရမည်အကြောင်း သင်တို့ကိုငါခန့်ထား၏။ (ယော ၁၅း၁၆)။ အကောင်းဆုံးသောသတင်းကျန်ရှိသေး၏။ ထိုကောင်းသတင်းမှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အသက်တာ၌ လုပ်ဆောင်မှုတို့သည် ယခုအတွက်သာမဟုတ်၊ ထာဝရအစဉ်အမြဲအတွက်ဖြစ်၏။

**တနင်္ဂနွေ ဒီဇင်ဘာ ၂၇**

**အသီးကိုထောက်၍အပင်သဘောကိုသိရ၏။ (လုကာ ၆း၄၄)။**

လူတစ်ဦးတစ်ယောက်သည် သင့်အား သန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိပါသလားဟု မေးဖူးသလော။ ဤမေးခွန်းသည် တစ်နည်းအားဖြင့် "ဘာသာစကား" ပြော/မပြောကိုစုံစမ်းခြင်းဖြစ်သည်။ အချို့သောသူတို့အတွက် ဘာသာစကားကိုပြောခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ရရှိသည်ဟု အနက်အဓိပ္ပါယ်သက်ရောက်သည်။ သခင်ယေရှု၏သတိပေးစကားကို (မဿဲ ၇း၂၁-၂၃) တွင်ကြည့်ပါ။ (ဗျာ ၁၆း၁၄) ကိုလည်းဖတ်ပါ။ နိမိတ်လက္ခဏာများသည် သခင်ယေရှု၏နာမအားဖြင့် ပြုလုပ်မည်ကို သခင်ယေရှုရှင်းလင်းစွာဖော်ပြထားသည်။ သို့သော် ဤသူများသည် သခင်ယေရှု၏သစ္စာရှိနောက်လိုက်များဖြစ်ကြောင်း သက်သေပြခြင်းမရှိပါ။

ထိုသို့ဖြစ်မည့်အစား နောက်ဆုံးသောကာလ၌ အတုအယောင်တပည့်များသည် ဘုရားသခင်၏အမှုတော်ကို ဆောင်သကဲ့သို့ ပြုလုပ်လျက်ရှိ၏။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးမပါဘဲလျက် လုပ်ဆောင်နေကြသူများဖြစ်၏။

ယနေ့ (၂တိ ၃း၅) ၏အမှန်တရားကိုဘယ်ကဲ့သို့ဖော်ပြသနည်း။

"မကောင်းသောအသီးကိုသီးသောအပင်ကား ကောင်းသောအပင်မဟုတ်၊ ကောင်းသောအသီးကိုသီးသောအပင်ကား မကောင်းသောအပင်မဟုတ်၊ အသီးကိုထောက်၍ အပင်သဘောကိုသိရ၏။ ဆူးပင်၌ သင်္ဘောသဖန်းသီးကို မဆွတ်ရူးတတ်။ တောချုံ၌စပျစ်သီးကိုမဆွတ်တတ်။" (လုကာ ၆း၄၃-၄၄)။



အသီးကိုကြည့်ခြင်းဖြင့် အပင်ကိုသိနိုင်သည်ဟု သခင်ယေရှုမိန့်မှာခဲ့သည်။ လူတစ်ဦးတစ်ယောက်သည် ဘယ်ကဲ့သို့သောသူဖြစ်ကြောင်းကို သူပြောသည့်အတိုင်းမဖြစ်၊ သူ၏ပြုမူခြင်းဖြင့်သာဘယ်ကဲ့သို့သူဖြစ်ကြောင်း သိရှိနိုင်သည်။ အသင်းတော်ကို ဝိညာဉ်တော်ဆုကျေးဇူးပေးတော်မူသည်မှာ ဘုရားသခင်၏အမှုတော်လုပ်ဆောင်ရန်ဖြစ်၏။ ဘုရားသခင်၏သားသမီးများကို ဝိညာဉ်တော်၏အသီးပေးခြင်းသည် ၎င်းတို့၏အသက်တာကို ပြောင်းလဲရန်ဖြစ်၏။

ဖြောင့်မှန်သောခရစ်ယာန်ဖြစ်ခြင်းနှင့် ကောင်းသောအသီးရှိခြင်းသည် ထိုသူအမှန်တကယ်ဘယ်သူဖြစ်ကြောင်းကို ပြသသည်။ ကျွန်ုပ်တို့သည် ကောင်းသည်ဟုထင်ရ၏။ ကောင်းသည်အလုပ်ကိုပင်လုပ်သည်ဟုမြင်ရမည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုအသစ်သောနှလုံးကိုမပေးပါက မည်သို့မျှကောင်းနိုင်မည်မဟုတ်ပါ။

ကောင်းသည့်အရာကိုလုပ်ဆောင်ခြင်းနှင့် ကောင်းစွာဖြစ်ခြင်း၏ခြားနားခြင်းကို လေးနက်စွာစဉ်းစားပါ။ "ကောင်း" သည်ဆိုသည့်အဓိပ္ပါယ်မှာအဘယ်နည်း။ လူတစ်ဦးသည် မကောင်းဘဲလျက်အကောင်းကိုပြုလုပ်နိုင်ပါသလား။ သို့မဟုတ် ကောင်းသောသူဖြစ်လျက်ကောင်းသောအရာကို အဘယ်ကြောင့်မပြုလုပ်သနည်း။

**တနင်္လာ ဒီဇင်ဘာ ၂၈**

**ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ။ (ယော ၁၅း၅)။**

ယောက်ျားလေးနှစ်ယောက်သည် ရေသွားကူးရန် ၎င်းတို့ဖခင်ကြီး၏ခွင့်ပြုချက်ကို တောင်းခံခြင်းမပြုဘဲ ၎င်းတို့၏နှစ်ထပ်တိုက်

အိပ်ခန်းပြတင်းပေါက်မှ သီးပင်ကိုအောက်သို့ဆင်းသက်ရန် အသုံးပြုခဲ့သည်။ တစ်နေ့သော် ၚင်းသီးပင်ကြီးမှာ သေနေပြီးဖြစ်၍ ခုတ်ပစ်မည်ဟု ၚင်းတို့၏ဖခင်ပြောသည့်စကားကို ကြားရသည်။ ယောကျ်ားလေးတို့သည် ၚင်းတို့၏ထွက်ပေါက်ပိတ်တော့မည်ကို စိုးရိမ်မကင်းဖြစ်နေကြ၏။ ထိုနောက် သူတို့နှစ်ဦးသည် စတိုးဆိုင်တစ်ဆိုင်သို့သွားရောက်ပြီး သစ်တော်သီးအတုများဝယ်ယူလာကြသည်။ သေနေသောသီးပင်ပေါ်၌ ၚင်းသစ်တော်သီးအတုများကို ကြိုးနှင့်ချည်နှောင်ထားကြသည်။ နောက်နေ့နံနက်၌ ဖခင်ကြီးသည် သစ်ချပင်ပေါ်၌ သစ်တော်သီးများထူးဆန်းစွာသီးနေသည်ကို မြင်ရလေသည်။

(ယောဟန် ၁၅း၁–၅) ကိုဖတ်ပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏ဟု သခင်ယေရှုပြောဆို၏။ သူသည် အဘယ်ကြောင့် ‘မှန်သော’ ဟူသည့်စကားကို အသုံးပြုသည်ကို သင်ဘယ်ကဲ့သို့ထင်သနည်း။

(ယောဟန် ၁၅း၅) အရ ကျွန်ုပ်တို့သည် ဘာဖြစ်ကြောင်း သခင်ယေရှုပြောသနည်း။ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့အတွက် ဘာကိုဆိုလိုသနည်း။ ကျွန်ုပ်တို့ဘယ်ကဲ့သို့နေထိုင်ရမည်ကို ဘယ်ကဲ့သို့ပြောသနည်း။

အကိုင်းသည် အနွယ်နှင့်ဆက်သွယ်မှုမရှိပါက အသီးသီးနိုင်မည်မဟုတ်ကြောင်း (ငယ် ၄) တွင် ဖေါ်ပြထားသည်။ ဤအရေးကြီးသည့်အချက်ကို လွဲချော်မသွားရန် သတိပြုရမည်။

သခင်ယေရှု၌ သင်ဘယ်ကဲ့သို့တည်ရှိသနည်း။ ဘာကိုဆိုလိုသနည်း။ နေ့စဉ်အသက်တာ၏တွေ့ကြုံခံစားမှုရရှိစေရန် သင့်အသက်



တာ၌မည်သည့်ပြောင်းလဲခြင်းကို ပြုလုပ်ရမည်နည်း။ သင့်၌မည်သည့်အကျင့်စရိုက်များသည် သူနှင့်တည်ရှိစေရန် ပို၍ခက်ခဲစေပါသနည်း။

**အင်္ဂါ ဒီဇင်ဘာ ၂၉**

**ငါ့ခမည်းတော်သည်ဘုန်းထင်ရှားတော်မူ၍။ (ယော ၁၅း၈)။**

(ယောဟန် ၁၅း၈) သည် ဘာကိုဆိုလိုသနည်း။

“မှားသောအကြောင်းအရာအတွက် မှန်သောအရာကိုလုပ်တတ်သည်” ဟူသည့်စကားရပ်ကို ကြားဖူးမည်ဖြစ်သည်။ အကယ်၍ မှန်ခဲ့သော် မှားသောအကြောင်းကြောင့် သခင်ယေရှု၌ ကြိုးစားတည်ရှိရန် ဖြစ်နိုင်မည်လား။ သခင်ယေရှု၌ တည်ရှိခြင်းသည် ပန်းတိုင်ကို ရောက်ရန် နည်းလမ်းတစ်ခုမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား သခင်ယေရှု၌ တည်ရှိခြင်းသည်ပင်လျှင် ပန်းတိုင်ဖြစ်၏။ သူ၌တည်ရှိခြင်း၏ရလဒ်သည် ကျွန်ုပ်တို့၏ဘုန်းအတွက်မဟုတ် ဘုရားသခင်၏ဘုန်းတော်အတွက် အသီးသီးခြင်းဖြစ်၏။ ဝိညာဉ်တော်၏အသီးသည် အခြားသောသူများ ကျွန်ုပ်တို့ကိုအမြင်ကောင်းရန်မဟုတ် ခမည်းတော်ကိုအမြင်ကောင်းရန် ပြုလုပ်ခြင်းပင်ဖြစ်၏။

ခရစ်တော်၏အမှုတော်ဆောင်ခြင်း၌ များစွာသောနိမိတ်လက္ခဏာနှင့်ကောင်းသောအလုပ်များပါဝင်သည်။ လောက၌သူ၏အလုပ်သည် ခိုင်မာသောရည်ရွယ်ချက်ရှိသည်။ ထိုရည်ရွယ်ချက်သည် အဘယ်အရာများဖြစ်သနည်း။

မည်ကဲ့သို့သောအကြောင်းအရာများကြောင့် သက်သေခံသင့်သည်ကို ထိုရည်ရွယ်ချက်သည် ကျွန်ုပ်တို့အား ဘယ်ကဲ့သို့သွန်သင်သနည်း။ (ယော ၁၁း၄။ ၁၂း၂၈)။

တစ်ချိန်တည်း၌ပင် ကောင်းကင်၌ရှိသောအဖဘုရားသခင်နှင့် ကောင်းသောစိတ်ဆန္ဒဖန်တီးရန်နှင့် ဘုန်းတော်ကိုထင်ရှားစေရန် (မဿဲ ၅း၁၆။ ၁ကော ၁ဝး၃၁) အရ မည်ကဲ့သို့ဖော်ပြထားသနည်း။

**ဗုဒ္ဓဟူး ဒီဇင်ဘာ ၃ဝ**

**အသီးသီးသောအခက်ရှိသမျှတို့ကိုသာ၍သီးစေခြင်း။ (ယော ၁၅း၂)။**

(ယော ၁၅း၂) တွင် အသီးမသီးသောအကိုင်းအခက်တို့ကို တိ၍ညှပ်ဖြတ်ခြင်းစနစ်ကား အဘယ်နည်း။ သင်ကိုယ်တိုင်ဘယ်ကဲ့သို့အတွေ့အကြုံရှိခဲ့သနည်း။ ထိုကဲ့သို့အကိုင်းအခက်များကို ညှပ်ဖြတ်ပြီးနောက် မစမိနှင့်လုပ်ပြီးနောက် ခြားနားခြင်းများသင်ဘယ်ကဲ့သို့နည်းဖြင့် ခံစားရသနည်း။

ရာသီကုန်ဆုံးသည့်အခါ၌ စပျစ်ပင်စိုက်တောင်သူများသည် နွယ်ကိုင်းများကို ရှင်းလင်းဖြတ်တောက်ရသည်။ ထိုသို့ဖြတ်တောက်ရှင်းလင်းရာ၌ တောင်သူများသည် နောက်နှစ်၌သီးရန် ဘယ်အကိုင်းအခက်များကို ချန်ထားရမည်မှာ အလွန်အရေးကြီးသည်။ အကိုင်းအခက်ဖြတ်တောက်ရှင်းလင်းခြင်း၏သော့ချက်မှာ အပင်မကြီးနှင့်အနွယ်တို့ဟန်ချက်ညီရန်ဖြစ်သည်။ တစ်ခုသည် အခြားတစ်ခုအပေါ် မှီခိုပြီးကြီးထွားသည်။ လုံလောက်စွာဖြတ်တောက်မှုမပြုပါက နောင်နှစ်အသီးသည် အထွက်တိုးညံ့ပြီး အသီးကောင်းမည်မဟုတ်ပါ။ ကျွမ်းကျင်မှုသည် ဟန်ချက်ညီအောင်ရှာတတ်ရန်ဖြစ်သည်။

ဘုရားသခင်သည် လူတို့အထက်၌ရှိသောတန်ခိုးကို ကိုးစားယုံကြည်ရန် စမ်းသပ်သည့်အခွင့်အရေးပေးသည်။ လူများတွေးသကဲ့သို့



ဘုရားသခင်သည် တွေးတောခြင်းမပြုပါ။ လူသားတို့၏အဆက်အသွယ်ဖြတ်တောက်ခြင်းနှင့် အကြံအစည်များကို မကြာခဏဘုရားသခင်သည် ပြောင်းလဲရသည်။ ကျွန်ုပ်တို့၏အကြံအစည်များသည် ပြည့်စုံလုံလောက်သည်ဟု ထင်ကြသည်။ သို့သော် ထိုကဲ့သို့မဟုတ်ကြောင်း ဘုရားသခင်သိတော်မူသည်။ ကျွန်ုပ်တို့ကောင်းသည်ဟုထင်သောဝိညာဉ်ရေးဆန္ဒသည် ဘုရားသခင်၏နောက်လိုက်များဖြစ်ရန် အတွေ့အကြုံများနှင့်ခြားနားနိုင်မည်ဖြစ်၏။

မြေကြီးမှကောင်းကင်တိုင်အောင်ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစမ်းသပ်လျက်ရှိ၏။ ဤအကြောင်းကြောင့် ကောင်းကင်သို့ခရီးသည် ကျဉ်းမြောင်းသောလမ်းဟုခေါ်ခြင်းဖြစ်သည်။ အကျင့်စရိုက်ကိုလည်း စမ်းသပ်ရမည်။ ထိုသို့မပြုလုပ်ပါက များစွာသောအတုအယောင်ခရစ်ယာန်များသည် ၎င်းတို့၏ဘာသာရေးဟန်ဆောင်မှုများသည် ၎င်းတို့၏ဆန္ဒ၊ ဝါကြွားမှုနှင့်အသက်တာ၏ရည်မှန်းချက်များစမ်းသပ်၍ဆန့်ကျင်မှုများဖြစ်လာသည့်အခါ၌သာလျှင် ပေါ်လာတော့သည်။ ဤအားနည်းချက်တို့သည် ကျွန်ုပ်တို့အတွင်း၌ရှိခြင်းကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား စူးရှသည့်စုံစမ်းနှောင့်ယှက်ခြင်းနှင့် ပြဿနာများကို ကျွန်ုပ်တို့ပေါ်သို့ကျရောက်ရန် ခွင့်ပြုခြင်းဖြစ်သည်။ ထိုနောက် မှန်ကန်သောဘာသာရေး သူတို့၌မရှိခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်လိုအပ်ကြောင်းကိုပြသည်။" E.G.White, In Heavenly Places, p. 266.

သင်၏ယုံကြည်ချက်ကို အကြီးအကျယ်စမ်းသပ်ခံရသည့် ပြဿနာရှိခဲ့ဖူးပါသလား။ သင့်မှာတကယ်ပင်ယုံကြည်ခြင်းမရှိပါသေးရဲ့လားဟူ၍အထိယူဆသည့် ဆိုးဝါးမှုဖြစ်ခဲ့ပါသလား။ ပြန်လည်

သုံးသပ်သည့်အခါ ထိုအတွေ့အကြုံမှ မည်ကဲ့သို့သင်ခန်းစာရရှိသင့်ပါသနည်း။ အရေးကြီးဆုံးအချက်မှာ သင်တကယ်ပဲသင်ခန်းစာရရှိပါသလား။

**ကြာသပတေး ဒီဇင်ဘာ ၃၁**

**အသီးသီးကောင်းသီးပါလိမ့်မည်၊ သို့မဟုတ်–––(လုကာ ၁၃း၉)။**

အသီးသီးခြင်းနှင့်စပ်လျဉ်း၍ (ယောဟန် ၁၅း၁–၁၀) တွင် သခင်ယေရှုဘယ်ကဲ့သို့သောဟန်ချက်ညီမှုကို ပြသနည်း။

သူ၌တည်ရှိလျှင် ကျွန်ုပ်တို့သည် များစွာသောအသီးကိုသီးကြမည်ဟု သခင်ယေရှုပြောသည်ကို သတိပြုပါ။ အသီးသီးခြင်းသည် သူ့အားဖြင့် ကယ်တင်ခြင်းရသည်ကိုပြသည့် နိမိတ်လက္ခဏာဖြစ်၏။ အကယ်၍ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် သူ၌တည်သော် ကယ်တင်ခြင်းကတိတော်ကို ဘုရားသခင်ကျွန်ုပ်တို့အားပေးမည်။ ကယ်တင်ခြင်းသည် ခရစ်တော်၏ဖြောင့်မတ်ခြင်း (ၚင်း၏ပြည့်စုံသည့်အသက်တာ) မှကျွန်ုပ်တို့အားပေးခြင်းဖြစ်၏။ သို့သော် တစ်ချိန်တည်း၌ပင် သူ၌ကျွန်ုပ်တို့မတည်ရှိပါက ကျွန်ုပ်တို့သည် အသီးသီးမည်မဟုတ်ပါ။ အသီးမသီးသောသူတို့သည် သေမည်ဖြစ်ပြီး မီးထဲသို့လောင်ကျွမ်းရန် ပစ်ချခြင်းကိုခံရမည်ဖြစ်သည်။ (၂ပေ ၃း၉) ကိုဖတ်ပါ။

(လုကာ ၁၃း၇–၉) တွင် ခရစ်တော်ပြောသည့်ပုံပမာတွင် မည်ကဲ့သို့သင်ခန်းစာရရှိသနည်း။

အသီးသီးခြင်းဖြင့် ကယ်တင်ခြင်းရသည်ဟု ဆိုလိုသည့်အချက်မဟုတ်ပါ။ အသီးအားဖြင့် ကယ်တင်ခြင်းရရှိသည်။ အလုပ်



အားဖြင့် ကယ်တင်ခြင်းရရှိသည့်သာဓကတစ်ခုသာဖြစ်သည်။ အသီးသီးခြင်းဖြင့် ကျွန်ုပ်တို့ကယ်တင်ခြင်းမရရှိပါ။ ကျွန်ုပ်တို့အသီးသည် ယုံကြည်ခြင်းအားဖြင့် သခင်ယေရှု၌ ကျွန်ုပ်တို့ကယ်တင်ခြင်းရသည်ကိုပြသည်။ အသီးသီးခြင်းသည် ကယ်တင်ခြင်း၏သာဓကဖြစ်သည်။ အသီးသီးခြင်းသည် ကယ်တင်ခြင်းရရှိသည့်စနစ်မဟုတ်ပါ။ ဤခြားနားခြင်းကို ကျွန်ုပ်တို့နားလည်ရန် အလွန်ပင်အရေးကြီးလှပါသည်။ ဤသို့မဟုတ်သော် ကျွန်ုပ်တို့၏အံ့ဩဖွယ်ကောင်းသောအသီးအတွက် အလွန်ဝါကြွားလာစရာအကြောင်းသာဖြစ်မည်။ သို့မဟုတ် ကျွန်ုပ်တို့သည် အလွန်ညံ့ဖျင်းသောအသီးကိုသီးခြင်းဖြင့် အရှုံးပေးလက်လျှော့တော့မည်လော။

**သောကြာ ဇန်နဝါရီ ၁**

**ထပ်ဆင့်လေ့လာရန်။**

“အကျင့်ကိုထောက်သော် သူတို့၏သဘောကိုသိရကြလိမ့်မည်” (မဿဲ ၇း၂၀)။ တစ်နည်းအားဖြင့်ဆိုရသော် သူတို့သီးသောအသီးကိုကြည့်ခြင်းဖြင့် မည်ကဲ့သို့သောသူဖြစ်ကြောင်းကို သခင်ယေရှုပြောနေခြင်းဖြစ်၏။ မှန်ကန်သောခရစ်တော်၏နောက်လိုက်အားလုံးသည် သူ၏ဘုန်းတော်ကိုထင်ရှားစေသောအသီးကိုသီးကြ၏။ ၚင်းတို့၏အသက်တာတွင် ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် ကောင်းသောအလုပ်ကို လုပ်ကြောင်းပြသသည်။ ၚင်းတို့၏အသီးသည် သန့်ရှင်းခြင်းကိုပြသည်။ သခင်ယေရှုသည် ၚင်းတို့အတွင်း၌ရှိနေခြင်းဖြင့် ၚင်းတို့၏အသက်တာသည် သန့်ရှင်းဖြူစင်သည်။ ဖြောင့်မတ်သောလုပ်ဆောင်မှုတို့သည် ဘုရားသခင်အလိုတော်အတိုင်း လိုက်လျှောက်

သောအသီးဖြစ်၏။ ထိုကဲ့သို့အသီးမသီးခြင်းသည် ဘုရားသခင်နှင့်ဆိုင်သည့်တွေ့ကြုံခံစားမှုများ မရရှိသောသူများဖြစ်ကြောင်းကိုပြသည်။ သူတို့သည် စပျစ်နွယ်ပင်မဟုတ်။ သခင်ယေရှုပြောသည်မှာ “ငါ၌တည်ကြလော့။ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည် အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌မတည်လျှင် ကိုယ်အလိုအလျောက် အသီးမသီးနိုင်ကြ။ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ။” (ယော ၁၅း၄၊၅)။ E.G.White, Counsels to Parents, Teachers, and Students, page, 329.

“များစွာသောသူတို့သည် ဘုရားသခင်၌မဟုတ်ဘဲအသင်းတော်၌အသင်းဝင်ကြမည်။ အချိန်တန်သော် သူတို့၏စရိုက်အမှန်ကိုဖေါ်ပြလာမည်ဖြစ်၏။ “ထိုသူတို့၏အကျင့်ကိုထောက်၍ သူတို့၏သဘောကိုသိကြလိမ့်မည်။” (မဿဲ ၇း၁၆)။ တန်ဖိုးရှိလှသောအသီးများဖြစ်သည့်သန့်ရှင်းခြင်း၊ သည်းခံခြင်း၊ ကြင်နာခြင်း၊ ချစ်ခြင်းစသည့်အသီးများသည် ၎င်းတို့၏အသက်တာတွင်မပြသပါ။ ဆူးနှင့်ပေါင်းပင်များသာပြသည်။ မိမိတို့ယုံကြည်ခြင်းကိုမကျင့်သောသူတို့သည် လောကရှေ့တွင် ဘုရားသခင်ကိုဂုဏ်မပြုပါ။ E.G.White, The Faith I Live By, p.90. မှကောက်နုတ်သည်။”

–o–





## သင်ခန်းစာ (၂)
## ဝိညာဉ်တော်၏အသီးကားချစ်ခြင်းဖြစ်၏

ဇန်နဝါရီ ၂ – ၈

**ဥပုသ်နေ့မွန်းလွဲပိုင်း**　**ဇန်နဝါရီ ၂**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** တရားဟောရာကျမ်း ၆း၅။ မဿဲ ၅း၄၃–၄၈။ ၇း၁၂။ ၂၂း၃၉။ လုကာ ၁၀း၂၅–၃၇။ ၁ကော ၁၃း၄–၇။

**အလွတ်ကျမ်းချက်**

**“ယခုတွင် ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း ဤသုံးပါးတည်လျက်ရှိ၏။ ဤသုံးပါးတို့တွင် ချစ်ခြင်းမေတ္တာသည် အမြတ်ဆုံးဖြစ်သတည်း။” (၁ကော ၁၃း၁၃)။**

ပေါလုသည် ဝိညာဉ်တော်၏အသီးကို ချစ်ခြင်းမေတ္တာဖြင့်စတင်ဖေါ်ပြသည်မှာ အံ့သြဖွယ်မရှိပါ။ ချစ်ခြင်းမေတ္တာသည် ခရစ်ယာန်များတို့၏စာရင်းတွင် ထိပ်ဆုံး၌ရှိသည်မှာ ဘုရားသခင်၏အကောင်းမြတ်ဆုံးသောစရိုက်ကိုပြသခြင်းကြောင့်ဖြစ်၏။ ချစ်ခြင်းကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်း၏၊ ထောက်ပံ့၏၊ မိမိကိုယ်ကို ကျွန်ုပ်တို့အားထင်ရှားစေ၏၊ ချစ်ခြင်းမေတ္တာကြောင့်ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကယ်တင်ရန် မိမိ၏သားတော်ကိုပေးတော်မူခဲ့၏။

"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဟု ယောဟန်ရှင်းလင်းစွာဖော်ပြထား၏။ (၁ယော ၄း၁၆)။ ချစ်ခြင်းသည် ဘုရားသခင်၏အရေးကြီးသောစရိုက်တစ်ခုဖြစ်သည့်အတွက် ကျွန်ုပ်တို့အတွက် ချစ်ခြင်းသည် အရေးကြီးသောအရာဖြစ်ရမည်။ "ချစ်ခြင်းမေတ္တာ၌တည်သောသူသည် ဘုရားသခင်၌တည်၏။ ဘုရားသခင်သည်လည်း ထိုသူ၌တည်တော်မူ၏။" (၄ယ် ၁၆)။

သို့သော် ကျွန်ုပ်တို့သည် "ချစ်သည်" ဆိုသည့်စကားကို လက်လွတ်စပယ်အသုံးပြုကြသည်။ ရာသီဥတုကို (ချစ်) ကြိုက်သည်။ ကျွန်ုပ်တို့နှစ်သက်သည့်အစာကို (ချစ်) ကြိုက်သည်။ ခွေးကလေးကို ချစ်တယ်စသည်ဖြင့် အသုံးပြုကြသည်။ သို့သော် ထိုသို့သောအချစ်သည် ဘုရားသခင်ချစ်သည့်အချစ်မျိုး၏စမ်းသပ်မှုကို မကျော်လွန်နိုင်ပါ။ (၁ကော ၁၃) ကိုဖတ်ပါ။ ထူးခြားသည်။ ကျွန်ုပ်တို့အခြားသူများနှင့်မိတ်သဟာယဖွဲ့ပုံနှင့် ကျွန်ုပ်တို့၏အသက်တာဘယ်ကဲ့သို့နေထိုင်သည်ကို ဩဇာသက်ရောက်စေသောအရာဖြစ်၏။ ချစ်ခြင်း၏အစိတ်အပိုင်းများသည် စုပေါင်းအထုပ်တစ်ခုဖြစ်သည်။ ချစ်ခြင်းသည် ကျွန်ုပ်တို့မည်သူကိုချစ်မည်၊ မည်သူကိုလျစ်လျူရှုမည်ဟုရွေးရန်စာရင်းမဟုတ်ပါ။ ဤအရာသည် စစ်မှန်သောချစ်ခြင်းအကြောင်းမဟုတ်ပါ။ ဤအကြောင်းကို ယခုအပတ်သင်ခန်းစာတွင် လေ့လာမည်ဖြစ်၏။

**တနင်္ဂနွေ ဇန်နဝါရီ ၃**

**ချစ်ခြင်း၌ထောင့်အမျိုးမျိုးရှိ၏။ (တရားဟော ၆း၅)။**

"ယေရှုက၊ သင်၏ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ဉာဏ်ရှိသမျှနှင့်ချစ်လော့ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။



ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့ဟူသောဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။" (မဿဲ ၂၂း၃၇–၃၉။ တရား ၆း၅ ကိုလည်းဖတ်ပါ။)

သခင်ယေရှုပြောသည့် အကြီးမြတ်ဆုံးသောပညတ်သည် အမြင့်မြတ်ဆုံး၊ အသန့်ရှင်းဆုံး၊ ကိုယ်ကိုအပ်နှံစွန့်လွှတ်သည့် အမြင့်ဆုံးသောအချစ်မျိုးဖြစ်၏။ ဘုရားသခင်ကိုထိုကဲ့သို့သောအချစ်မျိုးနှင့်ချစ်ရန် သခင်ယေရှုသည် လူတိုင်းကိုအမိန့်ရှိ၏။

ဂျူးလူမျိုးများသည် နံပါတ်တစ်ပညတ်သည် ဘုရားသခင်ကို ကိုယ်စိတ်နှလုံးအကြွင်းမဲ့ချစ်ရမည်ကိုသိကြသည်။ မာကုသည် "အစွမ်းသတ္တိရှိသည်" ဟု ထပ်ဆင့်အားဖြည့်လိုက်သည်။ (မာကု ၁၂း၃၀)။ လူ၏အစိတ်အပိုင်း (၄) ပိုင်းကို ညွှန်ပြခြင်းဖြင့် သခင်ယေရှုသည် လူတစ်ကိုယ်လုံးကို ခေါ်နေခြင်းဖြစ်သည်။ "လူတစ်ကိုယ်လုံးအရှိအတိုင်းဘုရားသခင်ကိုချစ်ရန်" သခင်ယေရှုပြောနေခြင်းဖြစ်သည်။ လူ၏အပိုင်း (၄) ပိုင်းကိုလေ့လာခြင်းဖြင့် များစွာသောအသိဉာဏ်တိုးပွားနိုင်သည်။

(မဿဲ ၇း၁၂ နှင့် ၂၂း၃၉) တွင် အရေးကြီးသည့်အချက်ကားအဘယ်နည်း။ ချစ်ခြင်းကိုနားလည်ရန် ဤအချက်သည် ဘယ်ကဲ့သို့အရေးကြီးသနည်း။

"သင်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဆိုခြင်းသည် လူအားလုံးကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ရန် အဓိပ္ပါယ်ဖြစ်သည်။ ဤဒုတိယပညတ်သည် ပဌမပညတ်ကဲ့သို့ပင်ဖြစ်၏။ အကောင်အထည်ဖော်လုပ်ရှားဆောင်ရွက်သောအချစ်ဖြစ်သည်။ ပြုလုပ်သူ၏

စိတ်ဓါတ်နှင့်လုပ်ဆောင်ရန်၊ ခွန်အားရှိရန်လိုအပ်သည်။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဆိုခြင်းသည် မိမိကိုယ်ကိုပြုစုသကဲ့သို့ အခြားသူများကိုလည်း ထိုနည်းတူပြုစုရန်ဖြစ်၏။

သူတစ်ပါးကိုကိုယ်နှင့်အမျှချစ်ရန်၊ ပြောဆိုရန်လွယ်သော်လည်း အကောင်အထည်ဖေါ်ဆောင်ရွက်ရန်ကား ခက်ခဲလှပါသည်။ ဤအရာနှင့်စပ်လျဉ်း၍ သင်ဘယ်မျှအထိဆောင်ရွက်နိုင်စွမ်းရှိသနည်း။ သူတစ်ပါးကိုမစရန်၊ မိမိကိုယ်ကိုအသေခံရန် အလွန်ခက်ခဲသည့်သင်ခန်းစာကို သင်ဘယ်ကဲ့သို့သင်ယူရရှိမည်နည်း။

## တနင်္လာ ဇန်နဝါရီ ၄

## ချစ်ခြင်းမေတ္တာပြုလုပ်သည့်အရာများ။ (၁ကော ၁၃း၄–၈)။

ချစ်ခြင်းမေတ္တာသည် မည်သည့်အရာဖြစ်ကြောင်းကို သိရှိရန် ဦးစွာ၎င်း၏အကြောင်းကိုဖေါ်ပြရန်လိုအပ်သည်။ ချစ်မေတ္တာသည် မည်သည့်အရာဖြစ်ကြောင်း လျင်မြန်စွာမပြောမိရန် သတိပြုရမည်ဖြစ်၏။ ထိုသို့ပြုမည့်အစား ကျွန်ုပ်တို့မည်ကဲ့သို့နေထိုင်သည်ကိုသေချာစွာလေ့လာပြီး ကျမ်းစာတော်မြတ်မှဖေါ်ပြသည့်ချစ်ခြင်းမေတ္တာ၏စည်းမျဉ်းများကို ဘယ်မျှလောက်အသုံးပြုသည်ကိုလည်းလိုအပ်မည်ဖြစ်သည်။

(၁ကော ၁၃း၄–၈) တွင် ဖေါ်ပြသည့်မေတ္တာအကြောင်းကိုဖတ်ပြီး ထိုစည်းမျဉ်းများကို မိမိအိမ်၌ဘယ်ကဲ့သို့ကျင့်သုံးရမည်ကိုသင့်ကိုယ်ကိုမေးပါ။

မေတ္တာအစစ်အမှန်၏စည်းမျဉ်းများကို ကျွန်ုပ်တို့အိမ်၌ အမြဲကျင့်သုံးပါက အိမ်တွင်ဘယ်ကဲ့သို့ရှိမည်ကို ခေတ္တစဉ်းစားကြည့်ပါ။



မိသားစုဝင်များသည် တစ်ဦးနှင့်တစ်ဦးအပြုသဘောဖြင့် ရိုင်းပင်းကူညီသောကောင်းချီးခံစားရသည့်အိမ်၌ နေထိုင်ရခြင်းကို စိတ်ကူးယဉ်ကြည့်ပါ။ သင်သည် ချစ်ခြင်းမေတ္တာနှင့်ဆန့်ကျင်ပြီး အငြင်းအခုံမပြုနိုင်ပါ။ ချစ်ခြင်းမေတ္တာသည် ဖန်ဆင်းခြင်းအားလုံး၏ခွန်အားအကြီးဆုံးအရာဖြစ်သည်။ သင်၏ဘာသာရေး၊ သင်၏အသက်တာ၏နေထိုင်သည့်ပုံစံ၊ သင်၏ယုံကြည်ခြင်းစသည့်အရာခပ်သိမ်းနှင့်သင့်အားဆန့်ကျင်ငြင်းခုံခြင်းပြုနိုင်မည်ဖြစ်၏။ သို့သော် အဆုံးအစွန်မရှိသောချစ်မေတ္တာနှင့် ဆန့်ကျင်ငြင်းခုံရန် သင်သည်တတ်နိုင်စွမ်းမရှိပါ။ ဤအချစ်မျိုးသည် သခင်ယေရှုခရစ်မှလောကကိုပြသောအချစ်မေတ္တာဖြစ်သည်။ ဤအချစ်မျိုးသည်လည်း ကျွန်ုပ်တို့သူတစ်ပါးနှင့်ဝေငှသောအချစ်မျိုးလည်းဖြစ်၏။

သင့်အသက်တာတွင် ကျမ်းစာထဲ၌ဖေါ်ပြထားသောကျင့်သုံးရန်အခက်ဆုံးသောချစ်ခြင်းကား အဘယ်သို့သောချစ်ခြင်းအမျိုးအစားနည်း။ ထိုသို့သောအချစ်ကို ရှင်သန်ဖွံ့ဖြိုးစေရန် ဘယ်ကဲ့သို့သောလေးနက်သည့်ခွန်အားစိုက်ထုတ်ရမည်နည်း။ ထိုကဲ့သို့သင်ပြုလုပ်ရန်အဘယ်ကြောင့် အရေးကြီးသနည်း။

## အင်္ဂါ ဇန်နဝါရီ ၅

## ချစ်ခြင်းမေတ္တာမပြုလုပ်သည့်အရာ။ (၁ကော ၁၃)။

(၁ကော ၁၃း၄–၈) တွင် မေတ္တာမပြုလုပ်သည့် "အနုတ်လက္ခဏာ" မှတစ်ခုချင်းကိုကြည့်ပါ။ ထိုနောက် ၎င်း၌တွေ့ရှိရသော "အပေါင်းလက္ခဏာ" ဖြစ်သည့်မေတ္တာအကြောင်းကို ရေးမှတ်ပါ။ ဤမေတ္တာအစိတ်အပိုင်းများသင်၏အသက်တာတွင် မည်မျှကောင်း

သည် (သို့မဟုတ်) ညံ့သည်ကို သင့်ကိုယ်ကိုမေးပါ။ ပိုမိုကောင်းမွန်လာစေရန် သင်မည်ကဲ့သို့ပြုလုပ်မည်နည်း။

- ♦ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ-------------
- ♦ ဝါကြွားခြင်းမရှိ------------------------
- ♦ မာန်မာနမရှိ-------------------------
- ♦ မလျောက်ပတ်စွာမကျင့်တတ်--------------
- ♦ ကိုယ်ကျိုးကိုမရှာတတ်------------------
- ♦ ဒေါသအမျက်မထွက်တတ်-----------------
- ♦ အပြစ်ရှိသည်ဟုမထင်တတ်----------------
- ♦ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်----

(၁ကော ၁၃) တွင် ဖော်ပြထားသောမေတ္တာ၏အနက်အဓိပ္ပါယ်အကြောင်းကိုလေ့လာပါ။ ကောင်းကင်၌ရှိသောအဖဘုရားသခင်၏စရိုက်ကိုပိုမိုသိရှိတန်ဖိုးထားရန် ကူညီမည်ဖြစ်၏။ သူကိုယ်တော်တိုင်မေတ္တာရှင်ဖြစ်၏။ ဤအချက်ကိုသိခြင်းဖြင့် လောက၏ချစ်ခြင်းကိုနားလည်သည့်သဘောသည် ကျမ်းစာ၌ဖော်ပြထားသောဘုရားသခင်၏မေတ္တာနှင့်မနှိုင်းယှဉ်နိုင်ကြောင်းကို ကျွန်ုပ်တို့နားလည်သဘောပေါက်စေပါသည်။

## ဗုဒ္ဓဟူး ဇန်နဝါရီ ၆

## မေတ္တာကိုစမ်းသပ်ခြင်း။ (မဿဲ ၅း၄၃-၄၈)။

(မဿဲ ၅း၄၃-၄၈) တွင် သခင်ယေရှုပြောသောအရာတို့ကို သင်၏စကားဖြင့် ပြန်လည်ရေးပါ။ ချစ်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍မည်သည့်အဓိကအချက်ကို သခင်ယေရှုပြောဆိုနေသနည်း။



ကျွန်ုပ်တို့သည် မိမိတို့၏ရန်သူကိုချစ်ရသော် ကျွန်ုပ်တို့ရန်သူသည် မည်သူမည်ဝါအမှန်တကယ်ဖြစ်သည်ကို သိရှိရန် လိုအပ်မည်ဖြစ်၏။

သို့သော်ရန်သူသည် ယှဉ်ပြိုင်ဘက်၊ ဆန့်ကျင်သူ၊ စိန်ခေါ်သူဖြစ်နိုင်သည်။ ရန်သူသည် သင့်အားမုန်းသောသူ၊ သင့်အားမတရားပြုကျင့်သောသူဖြစ်၏။ လင်ယောကျာ်း (သို့မဟုတ်) မိန်းမ၊ အိမ်ထောင်သားတစ်ဦးဦးပင်ဖြစ်နိုင်မည်။ အိမ်ထောင်စုဝင်တစ်ဦးဦးသည် တစ်ခါတစ်ရံချစ်နှစ်သက်ဖွယ်မကောင်းသည့်အချိန်မျိုးလည်းရှိသည်။ သင့်အားဒေါသဖြစ်စေရန် (သို့မဟုတ်) ထိုထက်ဆိုးသည့်အရာကိုပင် ပြုလုပ်မည့်နည်းလမ်းများရှာကြံမည်ဖြစ်၏။ ထိုသို့ဖြစ်သော် ကလဲ့စားချေသည့်ထောင်ချောက်ထဲသို့ကျရန် လွယ်ကူစေမည်ဖြစ်၏။

တစ်ခါတစ်ရံအလုပ်ခွင်၌ ခါးသီးသည့်စိန်ခေါ်မှုများတွေ့ကြုံခံစားရမည်ဖြစ်၏။ သင်နှင့်နှစ်ပေါင်းများစွာဘေးချင်းယှဉ်လျက်လုပ်ကိုင်သူသည် သင့်အားရန်သူကဲ့သို့ထင်မည်ဖြစ်၏။ ရန်သူသည် သင်အလွန်ဂရုစိုက်သောသူတစ်ဦး (သို့မဟုတ်) သင်၏အသင်းတော်မှသူတစ်ဦးလည်းဖြစ်နိုင်မည်။

သခင်ယေရှုပြောနေသောရန်သူသည် ကျွန်ုပ်တို့၏အသက်ကိုခြိမ်းခြောက်နေသူတစ်ဦးတစ်ယောက်ကိုသာ ကန့်သတ်ထားသည်မဟုတ်ကြောင်းကို ကျွန်ုပ်တို့နားလည်ရန်လိုအပ်သည်။ သူသည် ကျွန်ုပ်တို့ကို သူ့အားပြန်လည်တိုက်ခိုက်ရန် ခါးသီးစွာသွေးဆောင်လုပ်သောမည်သူမဆိုဖြစ်နိုင်သည်။

(သု ၁၅း၁။ ၂၅း၂၁ နှင့် ၁ပေ ၃း၉) တွင် ဖော်ပြထားသောကျမ်းပိုဒ်များသည် ချစ်ခြင်း၏အရေးကြီးသောစည်းမျဉ်းများကို ကျွန်ုပ်တို့နားလည်စေရန် ဘယ်ကဲ့သို့ကူညီသနည်း။

ရန်သူကိုချစ်ရမည်လော။ အချို့သူတို့သည် ၎င်းတို့၏ မိတ်ဆွေများကိုပင် ချစ်ခြင်းပြရန် အလွန်ခက်ခဲသည်။ သို့သော် ရန်သူကိုချစ်ရမည်ဆိုခြင်းမှာ အလွန်ခက်၏။ ခရစ်တော်၏ပုံပမာကို ဘယ်ကဲ့သို့လိုက်လျှောက်နိုင်မည်နည်း။ ကျွန်ုပ်တို့ရန်သူကိုချစ်ရန် ကျွန်ုပ်တို့၏စိတ်နှလုံးကို ဘယ်ကဲ့သို့ပြောင်းလဲရမည်နည်း။ ၎င်းတို့အတွက် ဆုတောင်းခြင်းဖြင့် ဤခရစ်ယာန်၏ပန်းတိုင်ကိုရောက်ရန် ဘယ်ကဲ့သို့ကြီးမားသောအခန်းကဏ္ဍ၌ ပါဝင်သနည်း။

## ကြာသပတေး ဇန်နဝါရီ ၇

**ချစ်ခြင်း၏လုပ်ဆောင်မှု။ (လုကာ ၁၀:၂၅-၃၇)။**

ယမန်နေ့သင်ခန်းစာ၌ ရန်သူသည် ဘယ်သူဘယ်ဝါဖြစ်ကြောင်းလေ့လာသွားပြီးဖြစ်၏။ ယနေ့မေးခွန်းသည် ကျွန်ုပ်နှင့်စပ်ဆိုင်သူသည် အဘယ်သူနည်း။ (လုကာ ၁၀:၂၅-၃၇) တွင် သခင်ယေရှု ဘယ်ကဲ့သို့ကျွန်ုပ်တို့အား ဖြေဆိုပေးသနည်း။ ဤပုံပမာသည် မေတ္တာအစစ်အမှန်၏မေးခွန်းနှင့် ဘယ်ကဲ့သို့တိုက်ဆိုင်သနည်း။ ဤမေးခွန်းကိုလည်းမေးပါ။ အဘယ်ကြောင့် သခင်ယေရှုသည် ဘာသာရေးခေါင်းဆောင်များအား "လူဆိုး" များဟုခေါ်ဆိုသနည်း။ ကျွန်ုပ်တို့အတွက် မည်ကဲ့သို့သင်ခန်းစာရသနည်း။

ဤစကားများကို ဆင်ခြင်သုံးသပ်ပါ။ "ငါသည် ဆာလောင်ငတ်မွတ်၏။ သင်သည် စာပေအဖွဲ့ကိုဖွဲ့စည်းပြီး ၎င်းအကြောင်းကို ဆွေးနွေးသည်။ ကျွန်ုပ်သည် အကျဉ်းထောင်ကျခံရသည်။ သို့သော် သင်သည် ပြစ်မှုကျူးလွန်သည့်ရာခိုင်နှုန်းတိုးတက်လာသည်ကို သင်ညည်းညူသည်။ ကျွန်ုပ်သည် အဝတ်အချည်းစည်းဖြစ်၏။ သင်သည်



ကျွန်ုပ်အလုပ်ကောင်းကြောင်း အချေအတင်ပြောဆိုငြင်းခုံသည်။ ကျွန်ုပ်ဖျားနာလျက်ရှိ၏။ သင်၏ကျန်းမာရေးအတွက် ဘုရားသခင်ကို ကျေးဇူးတင်သည်။ ကျွန်ုပ်သည် အိုးအိမ်မဲ့ဖြစ်၏။ သင်သည် ကျွန်ုပ်အား ဘုရားသခင်၏ချစ်ခြင်းမေတ္တာ၏ကာကွယ်မှုအကြောင်း ဟောကြားသည်။ သင်သည် အလွန်သန့်ရှင်းပြီး ဘုရားသခင်နှင့် နီးကပ်ဟန်ရှိသည်။ သို့သော် ကျွန်ုပ်သည် ငတ်မွတ်၊ အထီးကျန်၊ အေးစက်နာကျင်ဆဲပင်ရှိ၏။ ဤအရာသည် အရေးကြီးပါသလား။" (ကောက်နုတ်ချက်)။

သင်သည် အခြားသူများအပေါ် ကောင်းသောရှမာရိဖြစ်ရန် မည်ကဲ့သို့သောနေထိုင်မှုပုံစံကို သင်ပြောင်းလဲရန် ပြုလုပ်သင့်သနည်း။ မည်သူသည် ယခုခံစားနေရသည်ကို သင်သိသလော။ ဤသူကို ကိုယ်နှင့်စပ်ဆိုင်သောအိမ်နီးချင်းဖြစ်ရန် သင်၏စိတ်ဆန္ဒအလိုကို အသေသတ်ခံရန် အဘယ်မျှလိုအပ်မည်နည်း။

## သောကြာ ဇန်နဝါရီ ၈

**ထပ်ဆင့်လေ့လာရန်**

Arthur Zajonc ဆိုသည့်သိပ္ပံပညာရှင်သည် သေတ္တာတစ်ခုအတွင်းသို့ အလင်းရောင်ဖြင့်ဖြည့်သည်။ သူသည် သေတ္တာထဲ၏မျက်နှာပြင်မှအလင်းရောင်လုံးဝမထွက်အောင်စီမံပြုလုပ်သည်။ သေတ္တာထဲ၌မူ အလင်းရှိသည်။ အခြားဘယ်အရာမျှမရှိပါ။ ယခုသင်သည် သေတ္တာထဲသို့အလင်းကိုကြည့်သော် ဘာကိုမြင်မည်နည်း။ အလင်းသည် ဘယ်ကဲ့သို့အမြင်ရှိသနည်း။

အမှောင်သက်သက် ဘာမျှမရှိသောသေတ္တာထဲ၏လေဟာနယ်၌ အမှောင်သက်သက်သာရှိသည်ကို သင်မြင်မည်ဖြစ်သည်။

အကယ်၍မျက်နှာပြင်မှ အလင်းရောင်မထွက်ပေါ်လာသော်၊ သင်မမြင်ရသော် အလင်းသည် မမြင်နိုင်သောအရာဖြစ်မည်။

ထိုနောက် **Zajonc** သည် တုတ်တံတစ်ခုကိုယူပြီး သေတ္တာ၏အမှောင်ထုထဲသို့လှူပ်ရှားလိုက်သည်။ ထိုတုတ်တံအတွင်း၌ အလင်းရောင်သည် တုတ်တံ၏ဘေးတွင် အနည်းငယ်ထွက်ပေါ်စေသည်။ အလင်းရောင်ငယ်သည် တုတ်တံပေါ်၌သာ လင်းနေသည်ဟုထင်ရသည်။ သို့သော် သေတ္တာထဲတွင် အလင်းရောင်သည် ပြည့် (ရေကဲ့သို့) လျက်ရှိ၏။ အလင်းရောင်သည် တုတ်တံမှထွက်ပေါ်လာရာမျက်စိဖြင့်မြင်နိုင်သောအရာဖြစ်လာသည်။ သို့မဟုတ်လျှင် အလင်းသည် အမှောင်သာဖြစ်မည်။

ကမ္ဘာမြေပေါ်တွင် နေရောင်ခြည်သည် မိုးတိမ်မှတစ်ဆင့် အပြာ၊ အညို၊ အနီစသည်ဖြင့် ရောင်ပြန်ဟပ်ပေါ်လာ၏။ အရောင်သည် ရာသီဥတုနှင့်နေ့၏အချိန်ပေါ်မူတည်သည်။ လပေါ်သို့နေရောင်ခြည်မည်မျှပင်ကျရောက်သော်လည်း **Zajonc** ၏သေတ္တာထဲကြည့်သကဲ့သို့အမှောင်ကိုသာမြင်ရမည်။ အဘယ်ကြောင့်ဆိုသော်လတွင် လေထု၊ စိုထိုင်းမှု၊ ဓါတ်ငွေ့များရောင်ပြန်ဟပ်ရန်မရှိသည့်အရောင်အမျိုးမျိုးကိုထုတ်ပေးနိုင်စွမ်းမရှိပါ။

ဆိုလိုသည့်အချက်မှာအဘယ်နည်း။ အလင်းရောင်သည် အရာတစ်ခုမှရောင်ပြန်ဟပ်ခြင်းမရှိပါက အမှောင်သက်သက်ကဲ့သို့သာမြင်ရမည်။





## သင်ခန်းစာ (၃)
## ဝိညာဉ်တော်၏အသီးကားဝမ်းမြောက်ခြင်းဖြစ်၏

ဇန်နဝါရီ ၉ – ၁၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၉**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ဆာလံ ၁၃၉။ လုကာ ၁၅း၄–၂၄။ ယောဟန် ၁၅း၁၀၊၁၁။ ဟေဗြဲ ၁၁း၁၆။

**အလွတ်ကျမ်းချက်**

**"သင်တို့၌ ဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှာလည်းကောင်း၊ သင်တို့ဝမ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာလည်းကောင်း ဤစကားကိုသင်တို့အား ငါဟောပြော၏။" (ယောဟန် ၁၅း၁၁)။**

ဝမ်းမြောက်ခြင်းနှင့်ပျော်ရွှင်ခြင်းသည် အဓိပ္ပါယ်တူညီသည့်အနက်အဓိပ္ပါယ်မရှိပါ။ ပျော်ရွှင်ခြင်းသည် ကောင်းသည့်အကျိုး (သို့မဟုတ်) အောင်မြင်ခြင်း၏ရလဒ်ဖြစ်သည်။ ဝမ်းမြောက်ခြင်းသည် စပျစ်နွယ်ပင်ဖြစ်သည့် သခင်ယေရှုနှင့်ဆက်သွယ်ခြင်းပင်ဖြစ်၏။

(ဆာလံ ၄း၇) တွင် ဝမ်းမြောက်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့၏ခြားနားမှုကိုဖေါ်ပြသည်။ "သူတို့၌ဆန်စပါး၊ စပျစ်ရည်ပေါများ၍သူတို့ဝမ်းမြောက်ခြင်းရှိသည်ထက် အကျွန်ုပ်တို့သာ၍ ဝမ်းမြောက်စေတော်မူ၏။" ပို၍ဝမ်းမြောက်ခြင်းသည် ဘုရားသခင်ကိုသိခြင်း၊ ကိုးစားခြင်းမှလာသည်။ ပျော်ရွှင်ခြင်းသည် ကောင်းသည့်အခြေအနေ၏ရလဒ်၊

သီးနှံရုပ်သိမ်းမှုအောင်မြင်ခြင်းမျိုးမှုရရှိသည်။ ဘုရားသခင်ကိုကိုးစားသမျှကာလပတ်လုံးဝမ်းမြောက်ခြင်းသည် တည်ငြိမ်လျက်ရှိမည်။ ပျော်ရွှင်ခြင်းသည် ကောက်ရိတ်သိမ်းသကဲ့သို့ မမျှော်လင့်နိုင်သောအရာဖြစ်သည်။ အတွင်းဝမ်းမြောက်ခြင်းသည် စိတ်ပျက်အားလျော့ခြင်းကို တွန်းလှန်နိုင်သည်။ ပျော်ရွှင်ခြင်းသည် စိတ်ပျက်ခြင်းကို ဖုံးအုပ်လိုက်၏။ ဝမ်းမြောက်ခြင်းသည် အချိန်ကြာမြင့်စွာခံပြီး ပျော်ရွှင်ခြင်းသည်တိုတောင်းသည့်အချိန်အထိသာခံသည်။

ဝမ်းမြောက်ခြင်းသည် အသက်တာ၏စိတ်ကြည်နူးမှုဖြစ်ပြီး နာကျင်မှု (သို့မဟုတ်) ပျော်ပါးမှုများထက်သာ၍ နက်ရှိုင်းသည်။ ဤကဲ့သို့သောဝမ်းမြောက်ခြင်းသည် မိမိအသက်တာတွင် ဘုရားသခင်တည်ရှိခြင်းရှိသည်ကို သိခြင်းမှရရှိသည်။ ဆိုးသွမ်းသောအခြေအနေများပေါ်သို့ ကျွန်ုပ်တို့အားတက်စေသည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ချစ်ခြင်းကို အာရုံစိုက်စေရန် ကူညီသည်။ ခရစ်ယာန်များ၏ဝမ်းမြောက်ခြင်းသည် ဘုရားသခင်အား အမြဲကိုးစားသောသူများကို ဘုရားသခင်သည် ကယ်တင်ရန် လုပ်ဆောင်ခြင်းမှရရှိသည်။

**တနင်္ဂနွေ ဇန်နဝါရီ ၁၀**

**ဝမ်းမြောက်ရန်အမိန့်။ (ဖိလိပ္ပိ ၄း၄)။**

များစွာသောယုံကြည်သူများသည် မကောင်းသည့်ကံကြမ္မာနှင့်ကြုံကြိုက်သည့်အခါ ခါးသီးခြင်းနှင့်အမျက်ထွက်ခြင်းတို့ဖြစ်ပေါ်ခံစားရသည်။ ထိုကြောင့် ၎င်းတို့၏ဝိညာဉ်ရေးအသက်တာသည် မြင့်တစ်ချီ၊ နိမ့်တစ်လှည့်တွေ့ကြုံခံစားရသည်။ သူတို့အတွက် ဝမ်းမြောက်ခြင်းသည် မဖြစ်နိုင်သောအရာဖြစ်၏။ ထိုကြောင့်အမိန့်



ကား၊ ဘုရားသခင်၌ဝမ်းမြောက်ကြရန်ဖြစ်၏။ (ဖိလိပ္ပိ ၄း၄)။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ အစဉ်အမြဲဝမ်းမြောက်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သူသည် အမြဲကောင်းမြတ်တော်မူ၏။ သူသည် ဘယ်သောအခါမျှပြောင်းလဲခြင်းမရှိသောကြောင့်တည်း။

ကျွန်ုပ်တို့ဝမ်းမြောက်ခြင်းရှိစေရန် (ဆာလံ ၁၃၉။ ရောမ ၈း၂၈ နှင့် ၁ပေ ၁း၈၊၉) ၌ ဘယ်ကဲ့သို့အကြောင်းပြထားသနည်း။ ဤဘုရားသခင်၏ကတိတော်များ၌ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းရှိရန် ဘယ်ကဲ့သို့သင်ကြားရယူရမည်နည်း။

ကျွန်ုပ်တို့ဝမ်းမြောက်ရန် အကြောင်းများသည် အဘယ်အကြောင်းများကြောင့်နည်း။ အောက်တွင်ဖော်ပြထားသောအကြောင်းများကြောင့် ဖြစ်သလော။ ဘုရားသခင်ကျွန်ုပ်တို့ကို ကယ်တင်ခြင်း၊ ကျွန်ုပ်တို့ကိုမွေးစားခြင်း၊ ခရစ်တော်အားဖြင့် အမွေပေးမည်ကို ကတိပေးခြင်းတို့ကြောင့်လော့။ (ဧဖက် ၁း၁–၁၁)။ ခရစ်တော်ပြန်ကြွလာသည့်အခါ ကောင်းကင်တွင် ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသောနေရာ၌ သူနှင့်အတူ ဝမ်းမြောက်စွာရှိမည်။ (ယော ၁၄း၂၊၃)။ ထိုအချိန်မတိုင်မီဘုရားသခင်သည် ကျွန်ုပ်တို့၏လိုအင်ဆန္ဒများအားလုံးကို ပြုစုပေးရန် ကတိတော်ကိုသိရခြင်းကြောင့် ကျွန်ုပ်တို့ဝမ်းမြောက်၏။ (ဖိလိ ၄း၁၉)။ ထိုထက်မက ကျွန်ုပ်တို့လွန်စွာချစ်သောသူကို အစေခံရသောဂုဏ်ကိုလည်းခံစားရမည်ဖြစ်၏။ ထိုသို့ပြုခြင်းသည် အခြားသောအပေါင်းအသင်းခရစ်ယာန်များကို ဘုရားသခင်အား ပိုမိုချစ်ရန်နှင့် သူ၏အလိုတော်ကိုအစေခံရန် တိုက်တွန်းအားပေးရန်လည်း ပါဝင်သည်။ ဘုရားသခင်ကိုလည်း အချိန်မရွေးဆုတောင်းနိုင်သည်ကို သိခြင်းသည်လည်း ဝမ်းမြောက်ဖွယ်ရာဖြစ်၏။ (ဟေဗြဲ ၄း၁၅၊၁၆)။

အချုပ်အားဖြင့်ဆိုရသော် သေခြင်းသည် နောက်ဆုံးကျွန်ုပ်တို့၏ နိဂုံးမဟုတ်ကြောင်းသိရှိခြင်းသည် ဝမ်းမြောက်ဖွယ်ရာဖြစ်၏။ (၁ကော ၁၅း၅၄)။

ကျွန်ုပ်တို့သည် ဤကတိတော်များကို ရရှိထားသဖြင့် ဝမ်းမြောက်ရန်အကြောင်းရှိသည်။ သို့သော်ငြားလည်း ကျွန်ုပ်တို့သည် ဝမ်းနည်းခြင်း၊ စိတ်ပျက်ခြင်းနှင့် နာကျင်ခြင်းတို့ဖြင့် လုံးပန်းနေရဆဲဖြစ်၏။ ဤအရာများသည် ယခုနှင့်ဤနေရာတွင် အသက်တာ၏ အမှန်ဖြစ်ရပ်များဖြစ်၏။ ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့ပင်ဖြစ်စေကာမူ ခရစ်တော်၌ ဝမ်းမြောက်ခြင်းကို မည်ကဲ့သို့ရှာဖွေတွေ့ရှိနိုင်မည်နည်း။ ခရစ်တော်၌ ဝမ်းမြောက်ခြင်းရရှိ၊ မရရှိမှုကို အလွန်ဩဇာသက်ရောက်စေသည့် မည်သို့သောရွေးချယ်မှုများကို ပြုလုပ်ရမည်နည်း။

**တနင်္လာ** **ဇန်နဝါရီ ၁၁**

**ခရစ်တော်၏ဝမ်းမြောက်ခြင်း။ (ဟေဗြဲ ၁၂း၂၊၃)။**

ခရစ်တော်ပြောသည့်ရေပန်းစားသောပုံပြင် (၃) ခုတွင် ဝမ်းမြောက်ခြင်းသည် ဘယ်အခန်းကဏ္ဍတွင် ပါဝင်သနည်း။

- ♦ ပျောက်သောသိုး (လုကာ ၁၅း၄–၇)
- ♦ ပျောက်သောဒင်္ဂါး (လုကာ ၁၅း၈–၁၀)
- ♦ ပျောက်သောသားငယ် (လုကာ ၁၅း၁၁–၂၄)

ဤပုံပြင် (၃) ခုသည် ဘုရားသခင်၏စိတ်နှလုံးကို ပိုမိုသိရှိစေရန် ကျွန်ုပ်တို့အားကူညီသည်။ ဘုရားသခင်၏ဝမ်းမြောက်ခြင်းသည် ပျောက်ဆုံးသောသူတို့အား လက်ကမ်းရှာဖွေသောဝမ်းမြောက်ခြင်းပင်ဖြစ်၏။ သခင်ယေရှုသည် အခက်အခဲများနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း



အမျိုးမျိုးကိုဖြတ်သန်းသွားရသော်လည်း သူသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝလျက်ရှိသည်။ သူသည် များစွာသောသူတို့ကိုအောင်မြင်စွာဖြင့် ကယ်တင်နိုင်မည်ကို သိသောကြောင့်ဖြစ်၏။

သခင်ယေရှုသည် "ငြိုငြင်သောသူ၊ နာကျင်ခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူ" (ဟေရှာ ၅၃း၃) ဖြစ်၏ဟု ဖေါ်ပြထားရာ သူသည် တစ်ချိန်တည်းမှာပင် ဝမ်းမြောက်သောသူဖြစ်ကြောင်းကို သင်မည်ကဲ့သို့ဆက်စပ်နိုင်မည်နည်း။ သင်၏အသက်တာတွင် ဝမ်းနည်းခြင်းနှင့် ပရိဒေဝသောကဖြစ်စေသောအရာတစ်ခုကို ရွေးချယ်ပါ။ သို့သော် တစ်ချိန်ထဲမှာပင် သခင်ယေရှုဝမ်းမြောက်သကဲ့သို့ သင်တွေ့ကြုံခံစားရရှိရန် ဘယ်ကဲ့သို့ပြုလုပ်မည်နည်း။

**အင်္ဂါ** **ဇန်နဝါရီ ၁၂**

**နားထောင်ခြင်း၌ဝမ်းမြောက်ခြင်း။ (ယောဟန် ၁၅း၁၁)။**

သခင်ယေရှုသည် (ယောဟန် ၁၅း၁၀–၁၁) တွင် ဝမ်းမြောက်ခြင်းကို မည်သည့်အရာနှင့် ဆက်စပ်သနည်း။ ဤကဲ့သို့ပြုခြင်းဖြင့် ဘယ်ကဲ့သို့အမှန်တကယ်အလုပ်ဖြစ်သနည်း။ ဤသို့ပြုခြင်းဖြင့် အဘယ်ကြောင့် ဝမ်းမြောက်ခြင်းကိုဖြစ်စေသင့်သနည်း။

"ထာဝရဘုရားသခင်၏တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညဥ့်မပြတ်ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏" (ဆာလံ ၁း၂)။

ဘုရားသခင်၏အလိုတော်အတိုင်း နားထောင်ခြင်းမှရရှိသောဝမ်းမြောက်ခြင်းထက်သာ၍ ကြီးမြတ်သောဝမ်းမြောက်ခြင်းကား မရှိတော့ချေ။ များစွာသောသူတို့သည် ဘုရားသခင်၏စကားတော်ကို

နားထောင်ခြင်းဖြင့် ၎င်းတို့၌ရှိနေသောအပြစ်များကို စူးရှစေမည်ဟု ထင်ကြမည်ဖြစ်၏။ သို့သော် နားထောင်ခြင်းသည် အပြစ်မှ လွတ်မြောက်ခြင်းကို ယူဆောင်လာသည်မှာအမှန်ပင်။ ဤလောကသို့ အပြစ်နှင့်သေခြင်းကိုလည်းကောင်း၊ ကောင်းကင်၌စစ်ဖြစ်ခြင်းကို လည်းကောင်း ဖြစ်ပေါ်စေသောအရာသည် နားမထောင်ခြင်းသာဖြစ်ကြောင်းကို ပြန်လည်သတိရပါ။ လူသားတို့၏နာကျင်ခြင်းနှင့် ဝေဒနာခံစားရခြင်းတို့သည် ဘုရားသခင်၏အလိုတော်အတိုင်း လူသားများ မလိုက်လျှောက်ခြင်း၏ရလဒ်သာဖြစ်သည်။ ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်နားထောင်ခြင်းသည် စိတ်တွင်း၌ဝမ်းမြောက်ခြင်းကို တစ်ဖန်ပြန်လည်ရှင်သန်စေမည်ဖြစ်၏။

(ဆာလံ ၁၉း၈။ ယေရမိ ၁၅း၁၆ နှင့် မဿဲ ၇း၂၁–၂၇) တို့သည် နားထောင်ခြင်းနှင့် ဝမ်းမြောက်ခြင်းကို ဘယ်ကဲ့သို့ဆက်စပ်သနည်း။

ကျွန်ုပ်တို့သည် အလုပ်အားဖြင့် ကယ်တင်ခြင်းမရရှိနိုင်ကြောင်းကို ကျမ်းစာတော်မြတ်မှရှင်းလင်းစွာဖော်ပြထားသည်။ သို့သော်လည်း ကယ်တင်ခြင်းရရှိရန် အလုပ်ကိုသီးခြားခွဲထားရန် မဖြစ်နိုင်ကြောင်းမှာလည်းရှင်း၏။ အလုပ်သည် ကယ်တင်ခြင်းကိုယူဆောင်လာသောဘုရားသခင်အား ဘယ်ကဲ့သို့ကျေးဇူးတင်ကြောင်း စကြဝဠာကိုပြသည်။ လူတစ်ဦးတစ်ယောက်သည် ဘုရားသခင်၏ပညတ်တရားများကို တစ်သဝေမတိမ်းကျပ်တည်းစွာလိုက်လျှောက်၏။ ထိုသူကို 'တရားသေ' သမားဟု ခေါ်မည်ဖြစ်၏။ သို့သော် ထိုသို့ပြုခဲ့သော် ကျွန်ုပ်တို့သည် ဟောရှာယသတိပေးသည့်ထောင်ချောက်တွင်းသို့





ကျရောက်နိုင်သည်။ "မကောင်းကိုအကောင်း၊ အကောင်းကိုမကောင်းဟုခေါ်တတ်သောသူ၊ အလင်းအရာ၌အမိုက်၊ အမိုက်အရာ၌အလင်းကိုလည်းကောင်း၊ အချိုအရာ၌အခါး၊ အခါးအရာ၌အချိုကိုလည်းကောင်း အလွဲယူတတ်သောသူတို့သည် အမင်္ဂလာရှိကြ၏။" (ဟောရှာယ ၅း၂၀)။

သင်ကိုယ်တိုင်နားထောင်ခြင်းမှရရှိသော ဝမ်းမြောက်ခြင်းကိုဘယ်ကဲ့သို့ တွေ့ကြုံခံစားရပါသနည်း။ သို့မဟုတ် ဘုရားသခင်ကို နားမထောင်ခြင်းဖြင့် နာကျင်မှုနှင့် ဝေဒနာများကို ဘယ်ကဲ့သို့တွေ့ကြုံခံစားရပါသနည်း။

## **ဗုဒ္ဓဟူး ဇန်နဝါရီ ၁၃**

## **ဆင်းရဲဒုက္ခချိန်၌ဝမ်းမြောက်ခြင်း။ (ယော ၁၆း၃၃)။**

လူတို့၏ရေပန်းစားသည့်အယူတစ်ခုသည် လူတစ်ဦးတစ်ယောက်သည် ဒုက္ခဆင်းရဲခြင်းအမျိုးမျိုးကို ခံစားရသည့်အကြောင်းမှာ ထိုသူသည် အမှားတစ်ခုကို ပြုလုပ်နေခြင်းကြောင့် (သို့မဟုတ်) ထိုသူသည် ယုံကြည်ခြင်းလုံလောက်စွာမရှိခြင်းကြောင့်ဖြစ်သည်ဟု ယူဆထင်မြင်ကြသည်။ ဘုရားသခင်ကို အေးစက်ကြမ်းတမ်းသော အမြင်ပါတကား။ ယုံကြည်သောသူ၊ မယုံကြည်သောသူတို့သည် ဤအသက်တာတွင် ပြဿနာအမျိုးမျိုးခံစားရမည်ကို သခင်ယေရှူရှင်းလင်းစွာဖော်ပြထားပြီ။ ဒံယေလ၏ပုံပြင်ကို ကျွန်ုပ်တို့ဘယ်မျှပင် နှစ်သက်စေကာမူ ခြင်္သေ့များကိုပစ်ချပေးခြင်းခံရသော ခရစ်ယာန်များစွာတို့သည် တစ်စခြင်းကိုက်ဖြတ်ခြင်းကိုခံရသည်မှာ အမှန်ပင်ဖြစ်၏။ ထိုနည်းတူ မီးလျှံထဲ၌ပစ်ချခြင်းခံရပြီး အသက်သေဘေးမှ

လွတ်မြောက်သောဟေဗြဲလူငယ်သုံးဦးကဲ့သို့ တိုင်တွင်ချည်နှောင်ခြင်းခံရပြီး မီးရှို့သတ်လောင်ကျွမ်းသောခရစ်ယာန်များစွာရှိသည်။

(ဂလာတိ ၆း၉။ ယာကုပ် ၁း၂–၄ နှင့် ၁ပေ ၁း၆) မှ နာကျင်ခက်ခဲသောအချိန်ကာလ၌ မည်သည့်မျှော်လင့်ခြင်းနှင့်ကတိတော်များရရှိနိုင်မည်နည်း။

ယနေ့များစွာသောယုံကြည်သူများသည် ဝမ်းမြောက်ခြင်းမရရှိကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် တစ်ကိုယ်ကောင်းဆန်ခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ပြဿနာများသည် အမှန်တကယ်ပင်ရှိမည်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့အတွေးဖြင့် စိတ်တွင်စဉ်းစားခြင်းတို့ပိုမိုဆိုးဝါးစေပါသည်။ အမှန်ပင် ကျွန်ုပ်တို့သည် ဝမ်းမြောက်စရာအကြောင်းရှိ၏။ ကျွန်ုပ်တို့ကိုယ်၌မဟုတ်၊ ဘုရားသခင်၌သာဖြစ်၏။

ဘုရားသခင်ပြောသည်ကိုသတိရပါ။ "သင်တို့၏ဆံပင်သည် အကုန်အစင်ရေတွက်လျက်ရှိ၏" (မဿဲ ၁၀း၃၀)။ ဤကတိတော်နှင့်ဆက်စပ်သည့်စကားကိုစဉ်းစားပါ။ ကျွန်ုပ်တို့၏လုံခြုံမှုသည် သခင်ယေရှု၌ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့ဒုက္ခဝေဒနာခံစားရချိန်၌ သူတစ်ပါးအား လက်ကမ်းကူညီမည်ဖြစ်၏။ ထိုနောက် ဘုရားသခင်၏အလိုတော်ကို နားထောင်ရုံမျှနှင့် မိမိကိုယ်ကိုသနားခြင်းသည် ဝမ်းမြောက်ခြင်းသို့ပြောင်းသွားမည်ဖြစ်၏။ "ယောဘသည် အဆွေခင်ပွန်းတို့အဖို့ ဆုတောင်းပြီးမှ သူခံရသောဒုက္ခအကြောင်းကို ထာဝရဘုရားသခင်သည် ပယ်ရှင်း၍ အလျှင်ထက်နှစ်ဆသောဥစ္စာကို ပေးတော်မူ၏။" (ယောဘ ၄၂း၁၀)။



သင်သည် ယခုရုန်းကန်နေမည်ဖြစ်၏။ သို့သော် ခက်ခဲသောအချိန်ကို ဖြတ်သန်းသွားနေသောသူတစ်ဦးအား လက်ကမ်းကူညီပါ။ အကူအညီအထောက်အပံ့ခွန်အားလိုအပ်သောသူတစ်ဦးကို သင်အမှန်သိမည်ဖြစ်၏။ သူတစ်ပါး၏ဝေဒနာကို မျှဝေခံစားခြင်းဖြင့် သင်ခံစားရသောဒုက္ခများဘယ်ကဲ့သို့ပေါ့ပါးစေသနည်း။

## ကြာသပတေး ဇန်နဝါရီ ၁၄

## ကြာရှည်ခံသည့်ဝမ်းမြောက်ခြင်း။ (ဟေဗြဲ ၁၁း၂၄၊၂၅)။

(ဟေဗြဲ ၁၁း၂၄၊၂၅) တွင် မည်သည့်ခရစ်ယာန်တို့၏အသက်တာစည်းမျဉ်းများတွေ့ရှိနိုင်သနည်း။ (လုကာ ၉း၂၃။ တမန် ၁၄း၂၂။ ဖိလိပ္ပိ ၁း၂၉ ကိုလည်းဖတ်ပါ)။ ဤကျမ်းပိုဒ်များကို ဝမ်းမြောက်ခြင်းနှင့်မည်ကဲ့သို့ဆက်စပ်မည်နည်း။ (ဟေဗြဲ ၁၁း၁၆။ ၁ပေ ၁း၆–၈)) ကိုလည်းဖတ်ပါ။

မောရှေသည် အဲဂုတ္တုပြည်၏ရွှေနန်းပလ္လင်ကိုစွန့်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် အဲဂုတ္တုပြည်တွင် နေထိုင်ရန်ဆုံးဖြတ်ပြီး ဖါရောဘုရင်ဖြစ်လာနိုင်သည်။ ဖါရောဘုရင်ဖြစ်လာခြင်းသည် သူ့အတွက် ဘုရားသခင်၏အလိုတော်ဖြစ်သည်ကို သူအကြောင်းပြနိုင်သည်။ ထိုသို့ပြုလုပ်ရန် ခက်ခဲမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အမှားကိုရွေးချယ်ရန် ကောင်းသောအကြောင်းပြချက်များစွာရှိခြင်းကြောင့်ဖြစ်သည်။

ကောင်းသည့်အကြောင်းပြချက်အပေါ် အခြေခံပြီး မှားသောဆုံးဖြတ်ချက်ကိုချသည့်သင်၏နောက်ဆုံးပြုလုပ်ချက်ကို ပြန်လည်စဉ်းစားပါ။ မည်သည့်ခါးသီးသောသင်ခန်းစာကို သင်ရရှိခဲ့သနည်း။

ဘုရားသခင်၏အလိုတော်ကို နားထောင်ခြင်းဖြင့် ဝမ်းမြောက်ခြင်းရရှိသည်ကို ကျွန်ုပ်တို့သိရသည်။ သို့သော် လတ်တလောရလဒ်သည် ခက်ခဲပြီး နာကြင်မည်ဖြစ်၏။ သခင်ယေရှုကို လက်ခံပြီး သူ၏နှုတ်ထွက်စကား (ကျမ်းစာ) ကိုနားထောင်သော် ကျွန်ုပ်တို့၏ပြဿနာများသည် ပျောက်ကုန်မည်ဟုထင်မည်။ သို့သော် ကျမ်းစာတော်မြတ်၌ ဤကဲ့သို့ကတိတော်ကား မရှိပါ။ ထိုကြောင့် ကြီးစွာသောစိတ်ပျက်ခြင်းကိုခံရန် ဖြစ်စေနိုင်သည်။ သစ္စာရှိသောယုံကြည်သူဖြစ်လာခြင်းသည် ဩဇာအာဏာရရန် ကတိမရှိပါ။ နှစ်စဉ်ထောင်ပေါင်းများစွာသောခရစ်ယာန်များသည် ညှဉ်းပန်းနှိပ်စက်ခြင်းများခံရကြသည်။ ၎င်းတို့၏ယုံကြည်ခြင်းအတွက် အသက်ပင်ဆုံးရှုံးကြသည်။

နောက်ဆုံး၌ ကျွန်ုပ်တို့၏မျှော်လင့်ခြင်း၊ ကယ်တင်ခြင်းသည် ဤလောကပေးနိုင်သည့်အရာထက်သာလွန်၍ ကြီးမြတ်သောအရာအပေါ် အမှီတံကဲပြုရမည်ဖြစ်၏။ သခင်ယေရှုကျွန်ုပ်တို့အတွက် ဘာကိုပြုလုပ်ခဲ့ကြောင်းနှင့် ကျွန်ုပ်တို့အတွက် မည်သည့်ကတိတော်များရှိသည်ကို အမြဲစဉ်းစားရန် အဘယ်မျှအရေးကြီးသနည်း။ ထိုသို့မဟုတ်သော် ကျွန်ုပ်တို့အတွက် လောကပေးသောအရာမှတစ်ပါး အခြားမည်သည့်အရာမျှရှိမည်မဟုတ်ပါ။ လောကပေးကမ်းခြင်းအရာများသည် တစ်ခါတစ်ရံအလွန်ပင်ခါးသီးကြောင်း ကျွန်ုပ်တို့အားလုံးအသိပင်ဖြစ်၏။

## **သောကြာ** **ဇန်နဝါရီ ၁၅**

**ထပ်ဆင့်လေ့လာရန်။**

"ခရစ်တော်၏ဘာသာတရားသည် ခရစ်ယာန်များကို ဝမ်းနည်းကြေကွဲဖွယ်ရာများပေးခြင်းမဟုတ်ဘဲ ဝမ်းမြောက်ပျော်ရွှင်ခြင်းပေးသည်ကို ကမ္ဘာသို့ပြောရန် တာဝန်ရှိသည်။ အပြစ်ဖြေလွှတ်သောကယ်တင်ရှင်အဖြစ် ခရစ်တော်ကိုလက်ခံသောသူတို့သည် သူ၏အလင်းဝတ်ရုံကို ဝတ်ဆင်ရမည်ဖြစ်၏။ သခင်ယေရှုသည် ၎င်းတို့၏အပြစ်ကို ယူဆောင်လိုက်ပြီး သူ၏ (သန့်ရှင်း) ဖြောင့်မတ်ခြင်းကိုပေးမည်ဖြစ်၏။ ၎င်းတို့၏ဝမ်းမြောက်ခြင်းသည် ပြည့်လျှံလျက်ရှိ၏။

"ဝမ်းမြောက်ဖွယ်သီချင်းများကို ခရစ်ယာန်များထက် မည်သူတို့သည် သီဆိုရန် ပို၍လုပ်ပိုင်ခွင့်ရှိသနည်း။ သူတို့သည် တော်ဝင်မိသားစုနှင့်ကောင်းကင်အရှင်ဘုရင်မင်းမြတ်၏သားသမီးများဖြစ်ရန် မျှော်မှန်းထားသည်မဟုတ်လော။ ဧဝံဂေလိသတင်းစကားသည် ဝမ်းမြောက်ဖွယ်ကောင်းသောသတင်းဖြစ်သည်မဟုတ်လော။ ဘုရားသခင်၏ကတိတော်များကို လွတ်လပ်စွာအပြည့်အဝလက်ခံခဲ့သော် ကောင်းကင်၏အလင်းသည် အသက်တာတွင် ရောက်ရှိလာမည်ဖြစ်၏။" E.G.White, A call to Medical Evangelism & Health Education, p.26. မှကောက်နုတ်သည်။

–ဝ–

## သင်ခန်းစာ (၄)
# ဝိညာဉ်တော်၏အသီးကားငြိမ်သက်ခြင်းဖြစ်၏

ဇန်နဝါရီ ၁၆ – ၂၂

### ဥပုသ်နေ့မွန်းလွဲပိုင်း ဇန်နဝါရီ ၁၆

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (မဿဲ ၈း၂၃–၂၇။ ၁၁း၂၈၊၂၉။ ရောမ ၅း၁–၁၁။ ၁၂း၉–၂၁။ ဟေဗြဲ ၁၂း၁၄။ ကောလောသဲ ၃း၁၃–၁၅)။

### အလွတ်ကျမ်းချက်

**"ငြိမ်သက်ခြင်းကို သင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကိုသင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။" (ယောဟန် ၁၄း၂၇)။**

ငြိမ်သက်ခြင်း၏ချန်ပီယံဘွဲ့ကိုရရှိသူအဖြစ် ပေါလုသည် အသင်းတော်ကို ဤကဲ့သို့ရေးသားခဲ့သည်။ "အသင့်အတင့်ပေါင်းဖော်ခြင်းအဖွဲ့အစည်းအားဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘောမခြားမနားတစ်လုံးတစ်ဝတည်းဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။" (ဧဖက် ၄း၃)။ အကောင်းဆုံးဖြစ်အောင်ကြိုးစားအားထုတ်ရမည်ဖြစ်၏။ အိမ်တွင်း၌ ငြင်းခုံခိုက်ရန်ဖြစ်သည်ဆိုကြပါစို့။ အသင်းတော်တွင် အုပ်စုဖွဲ့ငြင်းခုံခိုက်ရန်ဖြစ်သည်ဆိုကြပါစို့။ တစ်ဦးနှင့်တစ်ဦးချစ်ရန် ငြင်းဆိုမည်ဆိုကြပါစို့။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့သည်



ဘုရားသခင်ခရစ်တော်၌ ပေးသောငြိမ်သက်ခြင်းကို ငြင်းပယ်နေခြင်းသာဖြစ်၏။ သူသည် ကပ်တိုင်တွင် ဤငြိမ်သက်ခြင်းမျိုးကိုဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဤအပတ်သင်ခန်းစာကို လေ့လာရာ၌ ကျွန်ုပ်တို့ကိုယ်ကို ဤကဲ့သို့မေးရမည်။ "ကပ်တိုင်တွင် ခရစ်တော်သည် အနိုင်ရယူခဲ့သောငြိမ်သက်ခြင်းကို ကျွန်ုပ်ဘယ်ကဲ့သို့ ရယူရမည်နည်း။ ကျွန်ုပ်၏နေ့စဉ်အသက်တာအတွင်း ထိုငြိမ်သက်ခြင်းကိုပေးရာ၌ ကျွန်ုပ်သည် ဘယ်ကဲ့သို့သန့်ရှင်းသောဝိညာဉ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရမည်နည်း။

### တနင်္ဂနွေ ဇန်နဝါရီ ၁၇

**ဘုရားသခင်၌ငြိမ်သက်ခြင်း။ (ရောမ ၅း၁)။**

ဤငြိမ်သက်ခြင်းမျိုးဆက်သစ်စေ့ငယ်မှသစ်ပင်ကြီးအဖြစ်ကြီးထွားလာသောငြိမ်သက်ခြင်းမျိုးမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား ကျွန်ုပ်တို့သည် ကပ်တိုင်မှခရစ်တော်အားဖြင့် ဘုရားသခင်ရှေ့တော်၌ငြိမ်သက်ခြင်းကို အစဉ်အမြဲခံစားရမည်ဖြစ်၏။ ထိုနောက် ကျွန်ုပ်တို့သည် ဘုရားသခင်၌ ငြိမ်သက်ခြင်းကြီးထွားလာမည်ဖြစ်၏။ ဘုရားသခင်၏လမ်းကို ကျွန်ုပ်တို့ပို၍ရှင်းစွာမြင်ပြီး လိုက်လျှောက်လေ၊ သူ၏သားသမီးများဖြင့်နေရန် သူ၏တန်ခိုးကို ပို၍အသုံးပြုလေဖြစ်၏။ ဤနည်းဖြင့် ဘုရားသခင်၌ငြိမ်သက်ခြင်းသည် ဝိညာဉ်၏အသီးဖြစ်လေတော့သည်။

ဘုရားသခင်၏သားသမီးများအနေဖြင့် ကြီးထွားလာရာ သူ၏နိုင်ငံတော်၌ နေရသောကောင်းချီးမင်္ဂလာများကို ပို၍တွေ့ကြုံ

ခံစားရလေဖြစ်၏။ ကျွန်ုပ်တို့ဤကဲ့သို့ပြောနိုင်သည့်အထိ ကြီးထွားလာမည်ဖြစ်၏။ "တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသော ငြိမ်ဝပ်ခြင်းရှိပါ၏။ သူတို့စိတ်ပျက်စရာအကြောင်းမရှိပါ။" (ဆာလံ ၁၁၉း၁၆၅)။

အပြစ်သည် ဘုရားသခင်ကိုကြင်နာခြင်းနှင့် ခွင့်လွှတ်ခြင်းဖြစ်စေရန် အကြောင်းမရှိပါဟု (ကောလောသဲ ၁း၂၀–၂၂) တွင် တွေ့ရှိနိုင်သည်။ ရှေးအဆက်ဆက်ကပင် ဘုရားသခင်သည် ကရုဏာနှင့်ခွင့်လွှတ်တတ်သောသူဖြစ်ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်ပြီး အစဦးကပင်ခွင့်လွှတ်ရန် စိတ်ဆန္ဒရှိကြောင်း ကယ်တင်ခြင်းစီမံကိန်းတွင် ဖေါ်ပြထားသည်ကို တွေ့ရှိနိုင်သည်။

(ရောမ ၅း၁–၁၁) တွင် အရေးကြီးသည်ဟုသင်ယုံကြည်သောအချက်များကို အတိုချုပ်ရေးပါ။

ခရစ်တော်သင့်အတွက် ဘာကိုလုပ်ခဲ့သည်ကို စဉ်းစားပါ။ ယုံကြည်ခြင်းဖြင့် သူ၏သန့်ရှင်းသောအသက်တာကို သင့်အား ဘယ်ကဲ့သို့ပေးသည်ကို စဉ်းစားပါ။ လွန်ခဲ့သောသင်၏အသက်တာတွင် မည်ကဲ့သို့ဖြစ်ခဲ့သည်ကို ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သင်သည် ဘယ်ကဲ့သို့ခွင့်လွှတ်ခြင်းကိုရရှိပြီး ဘုရားသခင်၏ရှေ့တော်၌လက်ခံခြင်းကိုရရှိကြောင်း စဉ်းစားဆင်ခြင်ပါလေ။ ငြိမ်သက်ခြင်းကို အမှန်တကယ်သိရှိရန် အဘယ်ကဲ့သို့ ဤသွန်သင်ချက်သည် အရေးကြီးပါသနည်း။



**တနင်္လာ** **ဇန်နဝါရီ ၁၈**

**ငြိမ်သက်ခြင်းကိုတွေ့ရှိခြင်း။ အပိုင်း (၁) (မဿဲ ၁၁း၂၈၊၂၉)။**

(မဿဲ ၁၁း၂၈၊၂၉) တွင် သခင်ယေရှုဘာကိုပြောဆိုနေသနည်း။ ဤအံ့သြဖွယ်ကောင်းသောကတိတော်သည် အမှန်တကယ်ဖြစ်ကြောင်း ကျွန်ုပ်တို့ဘယ်ကဲ့သို့ ကိုယ်တိုင်တွေ့ကြုံခံစားရမည်နည်း။

ဤကျမ်းပိုဒ်၌ သခင်ယေရှုဘာကိုပြောနေသနည်း။ ငြိမ်သက်ခြင်းကို လက်ဆောင်အဖြစ်ပေးမည်ဟု ကတိပေးနေခြင်းဖြစ်သလော။ သို့မဟုတ် ငြိမ်သက်ခြင်းကို ဘယ်ကဲ့သို့ရရှိမည်ကို ပြသနေခြင်းဖြစ်သလော။ ကိုယ်တိုင်ငြိမ်သက်ခြင်းသည် အကြောင်းတစ်ခု၏အကျိုးဖြစ်ကြောင်း သခင်ယေရှုသွန်သင်နေခြင်းလော။ ထိုအကြောင်းကို သူ့ထံမှသင်ယူရရှိရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်နေခြင်းလော။

"မိမိကိုယ်ကိုချစ်ခြင်းသည် မငြိမ်သက်မှုကိုဖြစ်ပေါ်စေသည်။ ခရစ်တော်စကားကို လက်ခံသောသူများ၊ မိမိ၏ဝိညာဉ်ကိုအပ်နှံသောသူများ၊ ၎င်းတို့၏အသက်တာကို သူ၏သွန်သင်မှုအတိုင်းလိုက်လျှောက်သောသူတို့သည် ငြိမ်သက်ခြင်းကို တွေ့ရှိမည်ဖြစ်၏။ သခင်ယေရှု ၎င်းတို့အား ဝမ်းသာစေရန်ပြုလုပ်သည်ကို လောက၏ဘယ်သို့သောအရာမှ ၎င်းတို့အားဝမ်းနည်းစေရန် မပြုလုပ်နိုင်ပါ။ ပြည့်စုံစွာအပ်နှံခြင်း၌ ပြည့်စုံစွာငြိမ်သက်ခြင်းရှိ၏။ "စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။" (ဟေရှာ ၂၆း၃)။ E.G.White, The Desire of Ages. pp. 330,331 မှ ကောက်နုတ်သည်။

မိမိကိုယ်ကိုသေရန်နှင့် ခရစ်တော်၌ငြိမ်သက်ခြင်းရရှိစေရန် ဘယ်ကဲ့သို့သင်ကြားရယူရမည်နည်း။ ခရစ်တော်၌ငြိမ်သက်ခြင်း ကတိတော်များသည် အမှန်တကယ်ဖြစ်ရန် နေ့စဉ်သင်မည်သည့် ရွေးချယ်မှုများကို ပြုလုပ်ရမည်နည်း။ သခင်ယေရှုကျွန်ုပ်တို့ကို ကမ်းလှမ်းသောငြိမ်သက်ခြင်းကိုရရှိရန် တားဆီးသည့်မည်သည့်အရာ များကို ကျွန်ုပ်လုပ်နေသနည်း (သို့မဟုတ်) မလုပ်သနည်း။

**အင်္ဂါ** **ဇန်နဝါရီ ၁၉**

**ငြိမ်သက်ခြင်းကိုတွေ့ရှိခြင်း။ အပိုင်း (၂) (ယောဟန် ၁၄:၂၇)။**

ပန်းချီဆရာနှစ်ဦးတို့၏ပုံပြင်ဖြစ်သည်။ ငြိမ်သက်ခြင်းကိုဖေါ်ပြ သောပန်းချီကားချပ်ကိုရေးဆွဲကြသည်။ ပထမတစ်ဦးမှာ ဝေးလံသော တောင်တန်းကြီးများ၌ အေးချမ်းသာယာတည်ငြိမ်သောရေကန်ကို ရေးဆွဲလိုက်သည်။ ဒုတိယတစ်ဦးသည် ရေများမြည်ဟိန်းကျဆင်းလျက် ရှိသောရေတံခွန်၏ရေမြုပ်များအပေါ် ကိုင်းညွတ်လျက်ရှိသည့်အားငယ် သောသစ်ချပင်ကိုရေးဆွဲသည်။ ၎င်းသစ်ချပင်၏အကိုင်းခွကြား၌ ရေတံခွန်မှရေမှုန်များဖြင့် စိုလုနီးပါးရှိသောသပိတ်လွယ်ငှက်ကလေး တစ်ကောင်သည် ၎င်း၏အသိုက်ပေါ်နားနေသည့်ပုံဖြစ်သည်။

ဘယ်ပန်းချီကားချပ်သည် ငြိမ်သက်ခြင်း၏အဓိပ္ပါယ်မှန်ကို ဖေါ်ပြပါသနည်း။ ဤလောက၏ပြဿနာများမှ ကျွန်ုပ်တို့သည် တောတောင်ထဲ၌ရှိသောအေးချမ်းသာယာသည့်ရေကန်၌ရှာ၍မတွေ့နိုင် ပါ။ အများအားဖြင့် တကယ့်အသက်တာ၏ပြဿနာအတွင်းမှ ကျွန်ုပ် တို့သည် ငြိမ်သက်ခြင်းကို ရှာရမည်ဖြစ်၏။



ဂါလိလဲအိုင်တွင် သခင်ယေရှုနှင့်တပည့်တော်တို့အကြောင်း ကို (မဿဲ ၈:၂၃–၂၇) တွင်ဖတ်ပါ။) (မာကု ၄:၃၅–၄၁ နှင့် လုကာ ၈:၂၂–၂၅) ၌လည်းဖတ်ပါ။ အခြေအနေမှာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်ပါ။ သို့သော်ထိုအဖြစ်အပျက်မှ ကျွန်ုပ်တို့သည် မည်သည့် သင်ခန်းစာကိုရရှိသနည်း။ ကျွန်ုပ်တို့အတွက် မည်သည့်သတင်းစကား ရှိသနည်း။ ကျွန်ုပ်တို့၏အခြေအနေမှာ မည်ကဲ့သို့ပင်ဖြစ်စေ ဤသင်ခန်းစာကို ကျွန်ုပ်တို့အသက်တာအတွက် မည်ကဲ့သို့အသုံးပြု နိုင်မည်နည်း။

သခင်ယေရှုသည် မိမိတပည့်တော်များငြိမ်သက်ခြင်းရရှိစေ ရန်အဘယ်ကြောင့် စိတ်ပူပန်စိုးရိမ်မှုဖြစ်သနည်း။ အလွန်လှပသော ငြိမ်သက်ခြင်းကတိတော်ကို သခင်ယေရှုသည် ကျွန်ုပ်တို့ကိုပေးခဲ့ သည်။ "ငြိမ်သက်ခြင်းကိုသင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်း ကိုသင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ငါပေးသည် မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေ နှင့်။" (ယောဟန် ၁၄:၂၇)။ သခင်ယေရှု၏ငြိမ်သက်ခြင်းနှင့် လောက ၏ငြိမ်သက်ခြင်းသည် ဘယ်ကဲ့သို့ခြားနားသနည်း။

ဤအရာတစ်ခုကို ကျွန်ုပ်တို့သိရှိရန် လိုအပ်သည်။ ငြိမ်သက် ခြင်းသည် ပြဿနာမရှိသောအသက်တာဟု တွေးတောရန်မသင့်ပါ။ အလွန်သစ္စာရှိသောခရစ်ယာန်များပင်လျှင် အသက်တာတွင် ပြဿနာ များ၊ နာကြင်မှုများနှင့်ဒုက္ခဝေဒနာများကိုကျော်ဖြတ်မသွားရသူများ အလွန်တရာရှားပါးလှပါသည်။ အချို့သောသူတို့မှာ ခံစားသင့်သည် ထက်ပို၍ခံစားရကြသည်။ ငြိမ်သက်ခြင်းသည် ချစ်ခင်ကြင်နာသော ဘုရားသခင် ကျွန်ုပ်တို့၏ဒုက္ခဝေဒနာများ မည်မျှခံစားရသည်ကိုသိရှိပြီး

ကျွန်ုပ်တို့ကိုမမေ့ရန် ကတိရှိသောဘုရားသခင်အား လေးနက်စွာကိုးစားခြင်းအပေါ်၌ မှီခိုလျက်ရှိသည်။

မည်သည့်အရာများသည် သင့်ကိုစိတ်အနှောင့်အယှက်ဖြစ်စေသနည်း။ သင်၏အနက်ရှိုင်းဆုံးသောစိုးရိမ်ကြောက်ရွံ့ခြင်းအကြောင်းကို ဘုရားသခင်နှင့်တိုင်ပင်ပြောဆိုပါ။ သင်၏ကြောက်ရွံ့ခြင်းများကို ဘုရားသခင်သိရန်နှင့် တို့ထိရန်အကူအညီတောင်းခံပါ။ ထိုနောက်ဤကြောက်ရွံ့မှုများကို ငြိမ်သက်ခြင်းအကြောင်းပြောစေရန်သူ့အားအချိန်ပေးပါ။

**ဗုဒ္ဓဟူး ဇန်နဝါရီ ၂၀**

**အိမ်၌ငြိမ်သက်ခြင်း။ (ဟေဗြဲ ၁၂:၁၄)။**

“လူအပေါင်းတို့နှင့်အသင့်အတင့်နေ၍ ငြိမ်သက်ခြင်းကိုလည်းကောင်း၊ သန့်ရှင်းခြင်းပါရမီကိုလည်းကောင်း မှီအောင်လိုက်ကြလော့။ သန့်ရှင်းခြင်းပါရမီမရှိလျှင် အဘယ်သူမျှထာဝရဘုရားသခင်ကို မဖူးမမြင်ရ။” (ဟေဗြဲ ၁၂:၁၄)။ “သင်တို့သည် တတ်နိုင်သမျှအတိုင်း လူအပေါင်းတို့နှင့်အသင့်အတင့်နေကြလော့။ (ရောမ ၁၂:၁၈)။ ကျွန်ုပ်တို့အသက်တာတွင် ဤသင်ခန်းစာများသည် အမှန်တကယ်ဖြစ်ပေါ်စေရန် သခင်ယေရှု၏အသက်တာမှ ပုံပမာများကို ဘယ်ကဲ့သို့သင်ယူရရှိနိုင်မည်နည်း။ ကျွန်ုပ်တို့အတွက် အခက်အခဲ (သို့မဟုတ်) အမှန်တကယ်အသက်တာတွင် မဖြစ်နိုင်ရန် ကျွန်ုပ်တို့ဘာကိုပြုလုပ်နေသနည်း။

ခရစ်ယာန်ဖြစ်ရန် အခက်ခဲဆုံးသောနေရာသည် အိမ်၌ဖြစ်သည်။ အဘယ်မျှလောက်ပင်ဝမ်းနည်းဖွယ်ကောင်းပါသနည်း။ အဘယ်



ကြောင့်ဆိုသော် အိမ်သည်လောကတွင် ငြိမ်သက်ခြင်းရှိသင့်သည့်တစ်ခုတည်းသောနေရာပင်ဖြစ်သင့်ပါသည်။

ဗီယက်နမ်စစ်ဖြစ်စဉ် လူငယ်နှစ်ဦးသည် တိုက်ပွဲတစ်ခုတွင် ဗုံးများပေါက်ကွဲကာ ကျည်ဆန်များလည်းပျံသန်းလျက်ရှိသည်။ ဤဖြစ်ရပ်ကိုစစ်သည်လူငယ်တစ်ဦးက လုံးဝကြောက်ရွံ့ခြင်းမရှိကြောင်းပြသသည်။ အဘယ်ကြောင့် ဤမျှလောက်တည်ငြိမ်ရသည်ကို ၎င်းအားမေးသော် သူကမိမိအိမ်ကို ပြန်လည်သတိရကြောင်း ဖြေကြားလိုက်သည်။

အိမ်၌ငြိမ်သက်ခြင်းရရှိရန် (ရောမ ၁၂:၉–၂၁) တွင် ဖော်ပြထားသောစည်းမျဉ်းများကို စာရင်းပြုလုပ်ပါ။ ဤအရာများကို သင်၏အသက်တာတွင် ဘယ်ကဲ့သို့ပြုလုပ်နိုင်သောသာဓကများကိုပေးပါ။

ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် “စံ” နမူနာမြင့်စွာထားရှိရန်ဖြစ်၏။ ဤ “စံ” များသည် သခင်ယေရှုကိုယ်တိုင်ပြဌာန်းထားခြင်းဖြစ်သည်။ ဤရည်မှန်းတိုင်သို့ မည်သူတစ်ဦးတစ်ယောက်မျှမရောက်ရှိပါ။ သို့သော် သခင်ယေရှုအသက်တာ၌ ဖော်ပြသောစည်းမျဉ်းများကို မလိုက်လျှောက်နိုင်ဟု မဆိုလိုပါ။ ဤစည်းမျဉ်းများသည် မိမိကိုယ်ကိုစွန့်လွှတ်ပြီး အလွန်မွန်မြတ်သောချစ်ခြင်း၏စည်းမျဉ်းများဖြစ်သည်။ ဤစည်းမျဉ်းများကို လိုက်လျှောက်ရာ၌ ကျွန်ုပ်တို့သည် အပြစ်နှင့်မကောင်းဆိုးသွမ်းမှုကို ရှောင်ရှားရန် လိုအပ်ပါသည်။

ဤစည်းမျဉ်းများကို အမှန်တကယ်လိုက်လျှောက်ပါက ကျွန်ုပ်တို့အိမ်သည် မည်ကဲ့သို့ရှိမည်ကို စဉ်းစားကြည့်ပါ။ အကယ်၍သူတစ်ပါးကိုကျွန်ုပ်တို့ထက်ဦးစားပေးစဉ်းစားသော် ကျွန်ုပ်တို့အိမ်သည်

မည်ကဲ့သို့ဖြစ်မည်ကိုစဉ်းစားကြည့်ပါ။ လူတို့သည် မထိုက်တန်သော်လည်း ၎င်းတို့အား ချစ်ခြင်းမေတ္တာကို အပြည့်အဝပြသသော် မည်ကဲ့သို့ရှိမည်ကိုစဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့ကိုနာကြင်မှုပေးသောသူတို့ကိုခွင့်လွှတ်သော် မည်ကဲ့သို့ရှိမည်ကိုစဉ်းစားပါ။ ကျွန်ုပ်တို့ကိုယ်ကိုပြုစုသကဲ့သို့ အခြားသူကိုပြုစုသော် မည်ကဲ့သို့ဖြစ်မည်ကို စဉ်းစားပါ။ ဤစည်းမျဉ်းများလိုက်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့အိမ်ထောင်၌ရှိသောပြဿနာများဖြေရှင်းနိုင်မည်မဟုတ်ပါ။ သို့သော် လွန်စွာအကျိုးပြုမည်မှာအမှန်ပင်ဖြစ်မည်။

## ကြာသပတေး ဇန်နဝါရီ ၂၁

**အသင်းတော်၌ငြိမ်သက်ခြင်း။ (မဿဲ ၅း၂၃၊၂၄)။**

(မဿဲ ၅း၂၃၊၂၄) တွင် သခင်ယေရှုမည်သည့်အရေးကြီးသောစည်းမျဉ်းများကို သွန်သင်နေသနည်း။ ကျွန်ုပ်တို့၏အသက်တာတွင် ဤစည်းမျဉ်းကိုလိုက်လျှောက်ရန် အဘယ်ကြောင့် အလွန်ခက်ခဲသနည်း။

ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦးဆက်ဆံခြင်းသည် ကျွန်ုပ်တို့ထင်သည်ထက် သခင်ယေရှုပို၍ အလေးအနက်ထားသည်မှာရှင်းသည်။ အသင်းသူ/အသင်းသားများတစ်ဦးနှင့်တစ်ဦးခါးသီးခြင်း၊ ခွင့်လွှတ်ခြင်းမပြုသည်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဟု မဆိုနိုင်ပါ။ ဤသွန်သင်ချက်များကိုလိုက်လျှောက်ပါက အရာခပ်သိမ်းမည်ကဲ့သို့ထူးခြားမည်ကိုစဉ်းစားကြည့်ပါ။

(မဿဲ ၅း၉) တွင် ဖော်ပြထားသောကလေးသူငယ်တို့၏စရိုက်ကား အဘယ်နည်း။ ဘယ်ကဲ့သို့အဓိပ္ပါယ်သက်ရောက်သနည်း။



(ကောလောသဲ ၃း၁၃–၁၅) အရ အသင်းသူ/အသင်းသားများအနေဖြင့် တစ်ဦးနှင့်တစ်ဦးဆက်ဆံရန် နည်းလမ်း (၃) မျိုးကားအဘယ်နည်း။ တစ်ခုချင်းဘယ်ကဲ့သို့အဓိပ္ပါယ်သက်ရောက်သနည်း။

ခရစ်ယာန်တို့၏ကောင်းကင်စရိုက်များ အထက်မှစီးဆင်းလာသည်ကို ယာကုပ် ၃း၁၇ တွင် တွေ့ရှိနိုင်သည်။ “အထက်မှသက်ရောက်သောပညာမူကား ရှေးဦးစွာစင်ကြယ်၏။” “ထိုအချက်သည် အလွန်အရေးကြီးသည်။ သို့သော်အားလုံးမဟုတ်သေးပေ။” ထိုမှတစ်ပါး အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်းပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။ သန့်ရှင်းသောဝိညာဉ်တော်အား ဤစရိုက်များကိုကျွန်ုပ်တို့မိတ်သဟာယဖွဲ့ခြင်းအမှု၌ ရှင်သန်ကြီးထွားစေရန် အခွင့်ပေးပါက ကျွန်ုပ်တို့အသင်းတော်သည် ဘယ်ကဲ့သို့ဖြစ်မည်နည်း။ မည်သည့်အရာများကျန်ရှိဦးမည်နည်း။

အသင်းသားချင်းတစ်ဦးနှင့် နောက်ဆုံးပြဿနာတက်ဖူးသည့်အကြောင်းကိုစဉ်းစားပါ။ မဿဲ (၅) တွင် ဖော်ပြသောခရစ်တော်၏စကားများကို သင်ကျင့်သုံးပါသလား။ လိုက်လျှောက်မည်ဟုမထင်ပါ။ ဖြောင့်မတ်သန့်ရှင်းသောခရစ်ယာန်၏လမ်းကိုလိုက်လျှောက်မည့်အစား လောက၏လွယ်ကူသောလမ်းကြောင်းကို ရွေးချယ်ရခြင်းအကြောင်းကို ပြန်လေ့လာပါ။ ထိုသို့သောအခြေအနေမျိုးတွင် အမှန်တရားကို ရွေးချယ်ပြုလုပ်ရန် သင်ဘယ်ကဲ့သို့သင်ကြားရယူမည်နည်း။

## သောကြာ ဇန်နဝါရီ ၂၂

**ထပ်ဆင့်လေ့လာရန်။**

ဆာလံ ၄း၃။ ၁၁၉း၁၆၅။ ဟေရှာယ ၂၆း၃။ ရောမ ၈း၆။ ဖိလိပ္ပိ ၄း၇။

"ခရစ်တော်ကပ်တိုင်သို့မတက်မီအချိန်အနည်းငယ်၌ ၎င်း၏တပည့်တော်များကို ငြိမ်သက်ခြင်းဆုကျေးဇူးကိုပေးခဲ့သည်။" ငြိမ်သက်ခြင်းကို သင်တို့အားငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့၏စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်။" (ယောဟန် ၁၄း၂၇)။ ဤငြိမ်သက်ခြင်းသည် လောကကိုလိုက်လျှောက်၍ရရှိသောငြိမ်သက်ခြင်းမဟုတ်။ ခရစ်တော်သည် မကောင်းဆိုးဝါးမှရရှိသောငြိမ်သက်ခြင်းကို ဘယ်သောအခါမျှရယူခြင်းမပြုပါ။ ခရစ်တော်သည် ၎င်း၏တပည့်တော်တို့အားပေးသောငြိမ်သက်ခြင်းသည် အပြင်ဘက်မှလာရောက်မည့်အစား ၎င်းတို့၏စိတ်အတွင်းမှရရှိခြင်းဖြစ်၏။ ဤငြိမ်သက်ခြင်းသည် အခက်အခဲနှင့်ရန်းကန်မှုအမျိုးမျိုးကို ဖြတ်ကျော်သွားရသော်လည်း ၎င်း၏သက်သေခံတပည့်များနှင့်အတူ အစဉ်ရှိမည်ဖြစ်၏။" E.G.White, The Acts of Apostles, p. 84 မှ ကောက်နုတ်သည်။

"လောက၏ကျော်ကြားခြင်းအတွက် ကြိုးစားလုပ်ကိုင်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်တွင်းသို့ ဝင်လိုသောသူတို့ကို ပိတ်ဆို့တားဆီးမည်ဖြစ်၏။ ခရစ်တော်၏ငြိမ်သက်ခြင်းသည် အခြားလုပ်သားတစ်ဦးကို ပြစ်တင်ဝေဖန်သောလုပ်သား၏စိတ်ထဲတွင်





ကိန်းအောင်းနိုင်မည်မဟုတ်ပါ။ မိမိညီအစ်ကိုတစ်ဦးကို ဝေဖန်စွပ်စွဲသောသူတစ်ဦးကို ဘုရားသခင်သည် ဘယ်သောအခါမျှကောင်းချီးပေးမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤအရာသည် စာတန်၏အလုပ်သာဖြစ်သည်။" ၁၈၉၄၊ စာမူ ၂၁ E.G.White, Evangelism p. 102. မှကောက်နုတ်သည်။

–o–

## သင်ခန်းစာ (၅)
## ဝိညာဉ်တော်၏အသီးကားသည်းခံခြင်းဖြစ်၏

ဇန်နဝါရီ ၂၃ - ၂၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၂၃**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** က ဖ်း၃။ ထွက် ၃၄း၆။ မာကု ၄း၂၆–၂၉။ ရောမ ၁၅း၅။ ဖေက် ၄း၁၂။ ယာကုပ် ၁း၂–၄။

**အလွတ်ကျမ်းချက်**

**"ဘုရားသခင်၏အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးကိုရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။" (ဟေဗြဲ ၁၀း၃၆)။**

သည်းခံစိတ်ရှိသောသူတစ်ဦးသည် ပြင်းထန်သောသူမဟုတ်၊ အကြင်နာတရားနှင့်နူးညံ့သိမ်မွေ့သောသူတစ်ဦးဖြစ်၏။ အခြေအနေအမျိုးမျိုးတွင် ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်သောသူဖြစ်၏။ သည်းခံခြင်းကိုအမှန်တကယ်စစ်ဆေးခြင်းသည် စောင့်ဆိုင်းခြင်းမဟုတ်၊ စောင့်ဆိုင်းချိန်တွင် ဘာလုပ်နေသည်ကို စစ်ဆေးခြင်းဖြစ်၏။ "သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ" (ယာကုပ် ၁း၄)။

လူတစ်ဦး၏အသက်တာတွင် ဤနေရာသို့ရောက်ရန် လေ့ကျင့်ရမည်ဖြစ်၏။ ဘုရားသခင်၏ကျေးဇူးတော်ကိုလိုအပ်သည်။ တစ်ကိုယ်ကောင်းဆန်သောစိတ်ကို စွန့်လွှတ်ရန်ဆန္ဒရှိပြီး သန့်ရှင်း



သောဝိညာဉ်တော်၏ဦးဆောင်မှုကို ခံယူကာ မိမိကိုယ်ကိုအပ်နှံရန်ဖြစ်၏။ ကောင်းသောသတင်းကား အကယ်၍ သည်းခံခြင်းကို သင်ယူရရှိပါက ဘုရားသခင်ထံမှ အခြားမြောက်မြားစွာသောကောင်းချီးမင်္ဂလာများကို ခံစားရမည်ဖြစ်သည်။

**တနင်္ဂနွေ** **ဇန်နဝါရီ ၂၄**

**စိတ်ရှည်ခြင်းသည်ဘုရားသခင်၏ကောင်းမြတ်သောအရာတစ်ခုဖြစ်သည်။ (ထွက် ၃၄း၆)။**

ကျမ်းစာထဲမှပုံပြင်များအနက် ဘုရားသခင်၏စိတ်ရှည်ခြင်းကိုဖော်ပြသောပုံပြင်တစ်ခုသည် ဘုရားသခင်သည် နိနေဝေမြို့ကိုဘယ်ကဲ့သို့ကိုင်တွယ်ခြင်းတွင် တွေ့ရှိနိုင်သည်။ ပုရောဖက်ယောနသည် ဘုရားသခင်၏စိတ်ရှည်သည်းခံခြင်းကိုသိသည်။ "ကိုယ်တော်သည် သနားစုံမက်တတ်သောဘုရားသခင်ဖြစ်၍ စိတ်ရှည်သောသဘော၊ ကျေးဇူးပြုချင်သောသဘော၊ အပြစ်ဒဏ်ပေးမည့်အမှုကိုနောင်တရတတ်သောသဘောရှိတော်မူကြောင်းကို အကျွန်ုပ်သိပါ၏။" (ယောန ၄း၂)။

(ထွက် ၃၄း၆) တွင် ဘုရားသခင်၏စိတ်ရှည်ခြင်းသဘောနှင့်ဆက်စပ်သည့် ၎င်း၏စရိုက်များကို မှတ်သားပါ။ ဘုရားသခင်၏ချစ်သနားခြင်းကရုဏာ၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းတို့သည် စိတ်နှလုံးမာကျောဆုံးသောအပြစ်သားတို့ကိုပင် ၎င်းတို့၏အသက်တာပြောင်းလဲအချိန်ပေးရန် ၎င်းတို့အား ကာကွယ်ထောက်ပံ့ပေးသည်။ ဘုရားသခင်သည် လူသားများမကြာခဏပြုလုပ်သကဲ့သို့ လူများအား လျင်မြန်စွာစီရင်ပါက ကျွန်ုပ်တို့အားလုံးသေကုန်ကြမည်သာဖြစ်၏။

(၂ပေ ၃း၈၊၉) အရ အဘယ်ကြောင့် ဘုရားသခင်သည် အပြစ်သားများအား သည်းခံစိတ်ရှည်သနည်း။ ဘုရားသခင်သည် သင့်အား (သို့မဟုတ်) အခြားသူတို့အား မိမိ၏သည်းခံစိတ်ကို ဘယ်ကဲ့သို့ကျင့်သုံးသနည်း။

(ရောမ ၁၅း၅) တွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြုလုပ်ရန် ခေါ်ဖိတ်ခြင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ ပြုလုပ်ရန် သင်ကြားမည်နည်း။

**တနင်္လာ ဇန်နဝါရီ ၂၅**

**သည်းခံခြင်း၏လိုအပ်ချက်။ (ဖေက် ၄း၁၊၂)။**

(ဖေက် ၄း၁၊၂) တွင် ဘုရားသခင်နှင့်ထိုက်တန်စွာအတူတကွ လျှောက်လှမ်းရန် ပေါလုစာရင်းပြုစုထားသည့် ကောင်းသောအချက်များကိုဖတ်ပါ။ ၎င်းအချက်များတွင် သည်းခံခြင်းလည်းပါဝင်သည်။ ထိုစာရင်းတွင် သည်းခံခြင်းသည် အခြားသောအချက်များနှင့်ဘယ်ကဲ့သို့ဆက်စပ်ပါသနည်း။ တစ်ခုနှင့်တစ်ခုဘယ်ကဲ့သို့အပြန်အလှန်အကျိုးပြုပါသနည်း။

အသင်းတော်သည် ယဉ်ကျေးမှုနှင့်နောက်ခံအခြေအနေများ ခြားနားရောနှောနေသောလူစုဖြစ်သည်။ ဝိညာဉ်ရေးကြီးထွားမှုအဆင့်ဆင့်တွင်ရှိသောသူများလည်း ပါဝင်သည်။ သာဓကဖြင့် အချို့သောသူတို့သည် အခြားသောသူများထက် ပို၍ရင့်ကျက်သည်။ ခြားနားသောလူများစွာရှိသည့်အခြေအနေတွင် သင့်တင့်စွာနေထိုင်တတ်ရန် သည်းခံခြင်းသည် လိုအပ်သောအရာတစ်ခုဖြစ်သည်။ ရင့်ကျက်သောသူတို့သည် နုနယ်သေးသောသူများကို သည်းခံရန်ခက်ခဲမည်ဖြစ်၏။



ရင့်ကျက်သောသူများသည် ၎င်းတို့၏လက်ရှိအခြေအနေသို့ရောက်ရှိရန်နှစ်ပေါင်းများစွာကြာမြင့်အောင်လေ့လာရသည်။ သို့သော် ရင့်ကျက်သောသူတို့သည် မရင့်ကျက်သေးသောသူတို့အား လူတို့လက်ရှိပညာရည်နှင့်အသိဉာဏ်အဆင့်ကိုရောက်ရှိရန်၊ အချိန်နှင့်လေ့လာမှုပေးရန် စိတ်ဆန္ဒရှိမည်မဟုတ်ပါ။

ယုံကြည်ခြင်း၌အားနည်းသောသူများကို ကျွန်ုပ်တို့ဘယ်ကဲ့သို့ဆက်ဆံရမည်ကို ပေါလု (ရောမ ၁၄း၁ နှင့် ၁၅း၁) တွင် အကြံပေးထားသနည်း။

အသင်းတော်အတွင်း၌ သည်းခံခြင်းအရာတစ်ခုဖြစ်သည်။ သို့သော် အိမ်၌သည်းခံခြင်းသည် အဘယ်အကြောင်းအရာနည်း။ ကျွန်ုပ်တို့နှင့်အမြဲတွေ့မြင်ရသောသူများနှင့် အိမ်၌သည်းခံခြင်းကို သင်ယူရရှိနိုင်သော် အခြားသူများနှင့်လည်း ကျွန်ုပ်တို့သည် သည်းခံနိုင်မည်ဖြစ်၏။

ဘုရားသခင်သည် သင့်အားအဘယ်မျှလောက်အထိ သည်းခံသည်ကိုစဉ်းစားကြည့်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအဘယ်မျှလောက်အထိ သည်းခံခြင်းကိုသိခြင်းဖြင့် အခြားသူများအား ကျွန်ုပ်တို့သည် သည်းခံခြင်းကိုပြရန် ဘယ်ကဲ့သို့အထောက်အကူဖြစ်သနည်း။

**အင်္ဂါ ဇန်နဝါရီ ၂၆**

**ဧဝံဂေလိတရား၌စိတ်ရှည်ခြင်း။ (၂တိ ၄း၂)။**

ဧဝံဂေလိတရားတော်ကို ဟောကြားသွန်သင်ရာ၌ သည်းခံစိတ်ရှည်ရန် အလွန်တရာပင်ခက်ခဲသည်။ ဖြောင့်မတ်ခြင်းတရားကို မသိသောသူ၊ သိရန်လည်းစိတ်ဝင်စားမှုမရှိသောသူတို့အား ကျွန်ုပ်တို့

သည် သည်းခံစိတ်ရှည်ရန် အလွန်ခက်သည်။ သို့သော် ဤလောကတွင် ဖြောင့်မတ်ခြင်းတရားကို မုန်းတီးသောသူနှင့်မှားယွင်းသောအယူဝါဒများနှင့်ပြည့်ဝလျက်ရှိသဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့လူများကိုကြိုးစားပို့ဆောင်ရာ၌ အလွန်ပင်သည်းခံစိတ်ရှည်ရမည်ဖြစ်၏။ "အမှန်တရားက ရှင်းနေတာပဲ ဘာကြောင့်နားမလည်နိုင်ကြတာလဲ" ဟု ခေါင်းခါပြီး ပြောရန်လွယ်ပါသည်။

ကျမ်းစာ၏သွန်သင်ခြင်းများကို သဘောထားကြီးသောသူများအတွက် ဖြောင့်မတ်ခြင်းတရားသည် အမြဲရှင်းပါသည်။ သို့သော် မှားယွင်းသောသွန်သင်ချက်များဖြင့် စိတ်နှလုံးပိတ်ထားသောသူများအတွက် အမှန်တရားကိုလက်ခံရန် ခက်ခဲမည်ဖြစ်၏။ ထို့ကြောင့် ထိုကဲ့သို့သောသူများ၏စိတ်နှလုံးကိုဖွင့်ရန် စိတ်ရှည်သည်းခံရမည်ဖြစ်၏။

(မာကု ၄း၂၆–၂၉) တွင် ဖော်ပြထားသောပုံပမာမှကောင်းသောသည်းခံခြင်း၏သင်ခန်းစာများကို ဘယ်ကဲ့သို့ရယူနိုင်မည်နည်း။

အကယ်၍လူတစ်ဦးသည် သမ္မာကျမ်းစာတော်မြတ်၏ ဖြောင့်မတ်ခြင်းတရားများကိုလေ့လာပြီး လျင်မြန်စွာအမှန်တရားကိုလက်ခံခြင်းမပြုဟုဆိုကြပါစို့။ ထိုသူသည် ဖြောင့်မတ်ခြင်းတရားကို ငြင်းဆန်လိုက်ပြီးဟု ထင်မည်ဖြစ်၏။ သို့သော် အများအားဖြင့် ထိုကဲ့သို့မဟုတ်ပါ။ ပြောင်းလဲခြင်းသည် အချိန်ကြာမြင့်စွာယူရသောဖြစ်စဉ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိ၏လုပ်ဆောင်ချက်၏အသီးကိုတွေ့ကြုံခံစားရန် စိတ်ဆန္ဒပြင်းပြမည်ဖြစ်၏။ သို့သော် ထိုကဲ့သို့လွယ်လင့်တကူအမြဲမဖြစ်ပါ။ အရေးကြီးသည်မှာ ကျွန်ုပ်တို့သည်



သူတစ်ပါးအား ပိတ်ဆို့တားဆီးမှုမဖြစ်စေရန်ဖြစ်၏။ လူတစ်ဦးတစ်ယောက်ကိုအတင်းတွန်းဖိအားပေးခြင်းဖြင့် ခလုတ်ပိတ်လိုက်ရသောဖြစ်ရပ်မျိုးမဖြစ်စေရန် အလွန်အရေးကြီးပါသည်။

ကျွန်ုပ်တို့ချစ်မြတ်နိုးသောအမှန်တရားကို သူတို့လက်ခံသင့်ပြီးဟု ကျွန်ုပ်တို့ထင်သည့်အချိန်တွင် လက်ခံခြင်းမပြုသေးပါက ၎င်းတို့ကိုဝေဖန်အကဲဖြတ်ခြင်းလုံးဝမပြုလုပ်ရန်လည်း အလွန်အရေးကြီးပါသည်။ ထိုသူအတွက် သင်၏လုပ်ဆောင်မှုများသည် အသီးသီးရန်ကြာမြင့်စွာအချိန်ယူရသော အရေးကြီးသည့်ဖြစ်စဉ်လည်းဖြစ်နိုင်သည်။ သင်မသိနိုင်ပါ။ ပြစ်တင်ဝေဖန်ခြင်းဖြင့် မဖျက်ဆီးပစ်ရန် အရေးကြီးပါသည်။

ယခုအပတ်သင်ခန်းစာနှင့်ဆက်စပ်ပြီး စိတ်နှလုံးသွင်းရန်အရေးကြီးသောအချက်ကို (၁ရာ ၁၆း၇) တွင် တွေ့ရှိနိုင်ပါသနည်း။

## ဗုဒ္ဓဟူး ဇန်နဝါရီ ၂၇

## သည်းခံခြင်းသည်အကန့်အသတ်ရှိ၏။ (က ၆း၃)။

အပြစ်သားများအတွက် ဘုရားသခင်ပြသသည့်သည်းခံခြင်းထက် သာသောအရာဘယ်မှုရှာ၍တွေ့မည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့နားလည်ရမည်မှာ ဘုရားသခင်၏သည်းခံခြင်းသည်လည်းအကန့်အသတ်ရှိခြင်းပင်ဖြစ်၏။

နောအချိန်ကာလ၌ သဘောင်္တည်ဆောက်စဉ် ဘုရားသခင်၏ခန္တီတော်သည် အနှစ် (၁၂၀) ဆိုင်းလင့်တော်မူခဲ့သည်။ လူတို့၏ခေါင်းမာမှုသည် ဘုရားသခင်၏သည်းခံခြင်းကို ဖျက်ဆီးစေခဲ့သည်။ ထိုနောက်ဘုရားသခင်သည် မြေကြီးကိုရေဖြင့် ဖျက်ဆီးလိုက်လေသည်။

(က ဖ်း၃) တွင် ဘယ်ကဲ့သို့အရေးကြီးသောစည်းမျဉ်းကို တွေ့ရှိနိုင်သနည်း။

သောဒုံနှင့်ဂေါမောရမြို့ရှိလူများ၊ တောထဲ၌ကွာလသရေလအမျိုး၊ ဗာဗုလုန်နိုင်ငံတွင် ဂျူးလူမျိုးစသည်တို့သည် ၎င်းတို့ခံစားရသောဝေဒနာများကိုဖြစ်စေရန် မကောင်းမှုများစွာတို့ကို ပြုလုပ်ခဲ့သည်။ (တရား ၃၁း၂၇။ ဆာလံ ၉၅း၈။ ယေရမိ ၁၇း၂၃) အရ ၎င်းတို့ခံစားရသောဝေဒနာများကို ဖြစ်စေရန် ထိုသူတို့၏အတွေးအခေါ်နှင့် ခံစားချက်များကား ဘယ်ကဲ့သို့ဖြစ်သနည်း။

ဘုရားသခင်ကိုယ်တော်တိုင် သည်းခံခြင်းကုန်ဆုံးသည်ဖြစ်သော် ကျွန်ုပ်တို့လည်း ထိုကဲ့သို့ဖြစ်ရန် အခွင့်ရှိသည်ဟုထင်မည်။ သို့သော် ဘုရားသခင်၏သည်းခံခြင်းစိတ်ကို လေ့လာကြည့်သော် ဘုရားသခင်၏သည်းခံခြင်းသည် တစ်ရက်၊ တစ်ပတ်၊ တစ်နှစ်တာမျှကြာရှည်ခံသည်မက မျိုးအဆက်ဆက်ကိုပင် ကျော်လွန်သွားသည်ကိုတွေ့ရှိရသည်။ ဤအရာသည် ကျွန်ုပ်တို့သည်းခံခြင်းကို စွန့်လွှတ်ရန်ခွင့်မရှိကြောင်း ဖော်ပြခြင်းဖြစ်၏။

ကောင်းသောအကြောင်းပြချက်ဖြင့်သော်လည်းကောင်း၊ ဆိုးသောအကြောင်းကြောင့်သော်လည်းကောင်း သင်မသည်းခံနိုင်သည့်အခြေအနေကို ပြန်လည်စဉ်းစားပါ။ ၎င်းနှစ်ခုတို့၏ခြားနားချက်ကားအဘယ်နည်း။ ဤအတွေ့အကြုံမှာ သင်ဘာကိုသင်ခန်းစာရရှိသနည်း။ အကယ်၍ သင်သည်အလားတူ တစ်ဖန်ပြန်လုပ်ဆောင်ခွင့်ရရှိသော် သင်ဘယ်ကဲ့သို့ခြားနားစွာပြုလုပ်မည်နည်း။



**ကြာသပတေး ဇန်နဝါရီ ၂၈**

**သည်းခံခြင်းကိုပွားစေခြင်း။ (ယာကုပ် ၁း၂-၄)။**

သင်၏အတွေ့အကြုံနှင့် (ယာကုပ် ၁း၂-၄) သည် အဘယ်မျှလောက်မှန်သနည်း။ သင်ရင်ဆိုင်ရသောအခက်အခဲအမျိုးမျိုးများမှ ခရစ်တော်၏စရိုက်ကိုပြသပြီး ပိုမိုကောင်းမွန်သောသူဖြစ်လာစေရန် သင်ဘယ်ကဲ့သို့သင်ကြားရယူမည်နည်း။

စာတန်သည် ကျွန်ုပ်တို့ကိုဒုစရိုက်ပြုလုပ်ရန် သွေးဆောင်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာတွင် စုံစမ်းနှောင့်ယှက်ခြင်းမျိုးဖြစ်စေခြင်းသည် ကျွန်ုပ်တို့၏အကျင့်စရိုက်ကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

“ကျွန်ုပ်တို့အသက်တာ၏ ကြမ်းတမ်းသောဆူးငြောင့်ခလုတ်တို့ကိုဖယ်ရှားပြီး ချောမွေ့သန့်ရှင်းစေရန် အသက်တာတွင် ခံစားရသောစုံစမ်းနှောင့်ယှက်ခြင်းများသည် ဘုရားသခင်၏အလုပ်သမားများဖြစ်၏။ ပါးလွှာစွာခုတ်ထစ်ခြင်း၊ ဆောက်နှင့်ထွင်းခြင်း၊ ဆေးသုတ်ရန်ကော်ပတ်တိုက်စားခြင်းတို့သည် ကြင်နာသောလုပ်ထုံးလုပ်နည်းများဖြစ်သည်။ ကျောက်သွေးစက်အောက်၌ ဖိခြင်းခံရသည်မှာအလွန်ခံရခက်မည်ဖြစ်၏။ သို့သော် ထိုသို့ပြုလုပ်ရရှိပြီးထွက်လာသောကျောက် (သင်၏အသက်တာ) သည် ကောင်းကင်၌ရှိသောဗိမာန်တော်၌ ၎င်း၏နေရာကိုယူရန် အသင့်ဖြစ်နေပြီးဖြစ်သည်။ တန်ဖိုးမရှိသောကျောက်ကို ကျောက်သွေးဆရာသည် ထိုသို့သေချာစွာဂရုစိုက်မည်မဟုတ်ပါ။ သူ၏အဖိုးထိုက်တန်သောကျောက်များကိုသာ နန်းတော်ကဲ့သို့ချောမွေ့တောက်ပစွာပွတ်တိုက်ထားမည်ဖြစ်၏။” E.G.White, Thoughts From the Mount of Blessing, p. 10 မှကောက်နုတ်သည်။

သို့သော် ကျွန်ုပ်တို့ရင်ဆိုင်ရသောပြဿနာတိုင်းသည် ဘုရားသခင်၏ပို့ဆောင်ခြင်းဖြစ်သည်ဟုမဆိုလိုပါ။ မကြာခဏဆိုသလို ကျွန်ုပ်တို့၏ပုန်ကန်ခြင်းနှင့်နားမထောင်ခြင်းတို့ကြောင့် ကျွန်ုပ်တို့ပေါ် ဝေဒနာများဖြစ်စေပါသည်။ ကျွန်ုပ်တို့၏အသက်တာကို ဘုရားသခင်၌ အပ်နှံပြီး ယုံကြည်ခြင်းနှင့်နားထောင်ခြင်းတို့ဖြင့် သူ့အားလုံးလုံး လက်ခံပါက ကျွန်ုပ်တို့သည် ပို၍ကောင်းသောခရစ်ယာန်များဖြစ်လာ နိုင်သည်။ လောက၌အသက်တာသည် အစဉ်ပျော်ရွှင်ဖွယ်မဟုတ်ချေ။ သို့သော် ကျွန်ုပ်တို့အား အလွန်အံ့ဩဖွယ်ကောင်းသောကတိတော်ကား ရှိ၏။ "သင်တို့တွင် ကောင်းသောအမှုကိုပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက်တိုင်အောင်ပြီးစီးလျက် ပြုတော်မူမည်ဟုငါသဘော ကျ၏။" (ဖိလိပ္ပိ ၁း၆)။

## သောကြာ ဇန်နဝါရီ ၂၉

## ထပ်ဆင့်လေ့လာရန်။

"လူသားများနှင့်ဘုရားသခင်အလုပ်လုပ်ရာ၌ ခေါင်းမာသော အပြစ်သားများအပေါ် ဘုရားသခင်သည် အလွန်စိတ်ရှည်သည်းခံ၏။ အကယ်၍ သူတို့သည် နောင်တရကြသော် ဘုရားသခင်သည် သူတို့ အား သူ့ထံသို့ပြန်လည်ခေါ်ဆောင်ကာ အပြစ်လွှတ်ခြင်းအပြည့်အဝ ပေးမည့်နည်းမျိုးကို ရွေးချယ်အသုံးပြုသည်။ ဘုရားသခင်သည် အလွန်သည်းခံစိတ်ရှိသည့်အတွက် လူတို့သည် သူ၏ကရုဏာကို မှားယွင်းစွာအသုံးပြုကြသည်။ ဒုစရိုက်ကိုလျင်မြန်စွာစီရင်ခြင်းမပြုလုပ် သဖြင့် လူသားတို့၏စိတ်နှလုံးသည် အပြစ်လုပ်ရန်သာ စိုင်းပြင်းနေ သည်။" ဘုရားသခင်၏ကရုဏာသည် လူ၏နှလုံးသားကို ပျော့ပျောင်း



စေသင့်သည်။ သို့သော် ဘုရားသခင်ကိုလက်ခံရန် ငြင်းဆန်သော အပြစ်သားများအပေါ် ခြားနားသောသြဇာသက်ရောက်မှုရှိသည်။ ဘုရားသခင်၏ထိန်းကျောင်းမှုကိုပုန်ကန်ပြီး ပို၍ခေါင်းမာလာစေပါ သည်။ အလွန်သည်းခံတတ်သောဘုရားသခင်သည် ၎င်းတို့၏ အပြစ်များကိုလျစ်လျူရှုမည်ဟု ထင်ကြသည်။ အကယ်၍ကျွန်ုပ်တို့ သည် လျင်မြန်စွာပြစ်ဒဏ်ပေးသည့်လောကတွင် နေထိုင်သော် ဘုရားသခင်ကို မကြာခဏအပြစ်ပြုလုပ်မည်မဟုတ်ပါ။ အပြစ် ဒဏ်ခတ်ခြင်းသည် နှောင့်နှေးမည်ဖြစ်သော်လည်း လာမည်မှာ သေချာသည်။ ဘုရားသခင်၏သည်းခံခြင်းပင်လျှင် အကန့်အသတ် ရှိသည်။ ဘုရားသခင်၏စိတ်ရှည်ခြင်းအကန့်အသတ်သည် အဆုံးစွန် သို့ရောက်သည့်အခါ သူသည် ပြစ်ဒဏ်ပေးမည်မှာသေချာသည်။ ထိုသို့ဘုရားသခင်သည် ခေါင်းမာသည့်အပြစ်သားကိုအပြစ် ဒဏ်ခတ်သည့်အခါ မပြီးမချင်းရပ်မည်မဟုတ်ပါ။" E.G. White, The SDA Bible Commentary, p.1166 မှကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၆)
# ဝိညာဉ်တော်၏အသီးကားကျေးဇူးပြုခြင်းဖြစ်၏
ဇန်နဝါရီ ၃၀ – ဖေဖော်ဝါရီ ၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၃၀**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ၂ရာ ၉း၁–၁၃။ သု ၁၅း၁–၅။ ၂၅း၁၁–၁၅။ မဿဲ ၅း၄၃–၄၈။ လုကာ ၆း၃၅၊၃၈။ ဧဖက် ၄း၃၂။ ကောလောသဲ ၃း၁၂–၂၄။

**အလွတ်ကျမ်းချက်**

**“ထိုကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့။” (ကောလောသဲ ၃း၁၂)။**

မေတ္တာကိုဖော်ပြရာ၌ ပေါလု၏စိတ်ထဲတွင် စိတ်ရှည်ခြင်းသည် ပထမဦးဆုံးနေရာကိုယူထားသည်။ စိတ်ရှည်ခြင်းနောက်တွင် ကျေးဇူးပြုခြင်းဒုတိယလိုက်လာသည်။ (၁ကော ၁၃း၄)။ မေတ္တာနှင့် ကျေးဇူးပြုတတ်ခြင်းသည် အလွန်တရာပင်နီးကပ်စွာဆက်နွယ်နေကြောင်း ပြသသည့်အပြင် ကျေးဇူးပြုခြင်းမပါဘဲ ဘယ်အရာမျှ မေတ္တာဖြင့်မပြုလုပ်နိုင်ပါ။



စိတ်ရှည်ခြင်းသည် မေတ္တာ၏အကောင်အထည်ဖော်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့လေ့လာပြီးဖြစ်သည်။ သို့သော် ကျေးဇူးပြုတတ်ခြင်းသည် မေတ္တာ၏ပို၍လက်တွေ့ထကြွဖျတ်လတ်သောဥပမာဖြစ်သည်။ မကြာခဏကျွန်ုပ်တို့သည် စိတ်ရှည်သည်းခံခြင်းကို ဘာမျှမလုပ်ဆောင်ဘဲ ပြသသည်။ သို့သော် ကျေးဇူးပြုခြင်းကို ကျွန်ုပ်တို့၏အပြောနှင့်အလုပ်ဖြင့်ပြသည်။ ဘာကြောင့်ပြောသည်၊ ဘာကြောင့်လုပ်ရသည်ဖြင့် ပြသခြင်းပင်ဖြစ်သည်။

လူတိုင်းသနားကြင်နာစိတ်ရှိသည်။ သို့သော် အချိန်နှင့် ခွန်အားကို ဆက်ကပ်အပ်နှံရန်ကား လိုအပ်မည်။ ကျေးဇူးပြုတတ်ခြင်းသည် ပြုလုပ်ခြင်းအမျိုးမျိုးကို ပြသည့်ကြိယာဖြစ်သည်။ တစ်ဝမ်းကွဲဆွေမျိုးတော်စပ်သည့်မေတ္တာကဲ့သို့ ကျေးဇူးပြုခြင်းသည် အံ့သြဖွယ်ကောင်းသည့်တန်ခိုးရှိသည်။ ကျွန်ုပ်တို့၏ဘုရားသခင်သည် ဘယ်ကဲ့သို့ဖြစ်သည်ကိုပြသည်။

**တနင်္ဂနွေ** **ဇန်နဝါရီ ၃၁**

**ကျေးဇူးပြုခြင်း၏သာဓက။ (မဿဲ ၅း၄၃–၄၈)။**

တောင်ပေါ်ဒေသနာတော်တရားတွင် သခင်ယေရှုသည် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကျေးဇူးပြုခြင်းကို ရှင်းလင်းစွာဖော်ပြသည်။ (မဿဲ ၅း၄၃–၄၈) ကိုဖတ်ပြီး အောက်တွင်ဖော်ပြထားသောမေးခွန်းများကိုဖြေဆိုပါ။

(၁)။ မည်သည့်အဆင့်မြင့်သောအရာ၌ သခင်ယေရှုကျွန်ုပ်တို့အား ဆောင်ရွက်ရန်ခေါ်သနည်း။

(၂)။ ဤအဆင့်သို့သခင်ယေရှုကျွန်ုပ်တို့အား လုပ်ဆောင်ရန် ခေါ်ရခြင်းအကြောင်းကား အဘယ်နည်း။

(၃)။ အပိုဒ်ငယ် (၄၈) တွင် ခရစ်တော်အသုံးပြုသည့်စကားလုံး "စုံလင်" ကိုသတိပြုပါ။ စုံလင်ခြင်း၏အဓိပ္ပါယ်ကား အဘယ်နည်း။ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့၏အဘသည် စုံလင်တော်မူသည် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။ ဤအပိုဒ်တွင် ပါသည့်စုံလင်ခြင်း၏အဓိပ္ပါယ်သည် ဘာကိုဆိုလိုသနည်း။

ဘုရားသခင်၏ကျေးဇူးတော်ဆုဖြစ်၏။ ဘုရားသခင်ပေး သနားတော်မူသည့်လက်ဆောင်ဖြစ်သည်။ လူသားများမထိုက်တန်၊ အခကြေးငွေဖြင့်လည်း မရယူနိုင်ပါ။ ဘုရားသခင်ကျွန်ုပ်တို့အားလုံး ကိုပေးသောကျေးဇူးပြုခြင်းနှင့် ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့တစ်ဦး တစ်ယောက်မျှမထိုက်တန်ပါ။

ဤကျမ်းပိုဒ်များဖြင့် သခင်ယေရှုသည် အဖဘုရားသခင် စုံလင်တော်မူသည်နည်းတူ ကျွန်ုပ်တို့လည်းစုံလင်ရန် ခေါ်နေခြင်း ဖြစ်သည်။ ဘယ်ကဲ့သို့သောနည်းဖြင့် ပြုလုပ်ရမည်နည်း။ မိမိရန်သူ ကိုချစ်ခြင်း၊ ကျိန်ဆဲသောသူတို့အားမေတ္တာပို့ခြင်း၊ မုန်းသောသူတို့ အားကျေးဇူးပြုခြင်းစသည်တို့ဖြင့် သခင်ယေရှုသည် စုံလင်ခြင်း၏ အဓိပ္ပါယ်ကို ဖော်ပြခြင်းဖြစ်သည်။

ဤအပိုဒ်များတွင် ခရစ်တော်ပြောသည့်အတိုင်း အကယ်၍ ကျွန်ုပ်တို့လိုက်လျှောက်သော် မည်သည့်နာကြင်ပြီး နက်ရှိုင်းသည့် ပြောင်းလဲခြင်းမျိုးကို ပြုလုပ်ရမည်နည်း။



## တနင်္လာ ဖေဖော်ဝါရီ ၁

## ခွေးသေကောင်ကိုကျေးဇူးပြုခြင်း။ (၂ရာ ၉း၁–၁၃)။

ဒါဝိဒ်မင်းကြီးသည် (၂ရာ ၉း၁–၁၃) တွင် မည်သို့သော ကျေးဇူးပြုတတ်ခြင်းသဘောကိုပြသသနည်း။ သူသည် ဤကဲ့သို့ လုပ်ဆောင်ခြင်းဖြင့် ဘယ်ကဲ့သို့သောဘုရားသခင်၏စရိုက်ကိုပြ သနည်း။

"ယောနသန်၏သားမေဖိဗောရှက်သည် ဒါဝိဒ်၏ရန်သူများ မှရရှိသောဒါဝိဒ်၏မကောင်းသတင်းကို ယုံကြည်သူတစ်ဦးဖြစ်သည်။ သူသည် ဒါဝိဒ်ကိုမုန်းတီးသည်။ ဒါဝိဒ်သည် သူ၏ပလ္လင်ကို လုယူ သူဟု ထင်မြင်ယူဆသည်။ သို့သော် ဒါဝိဒ်၏ဆက်လက်ပြီး ကျေးဇူး ပြုခြင်းသည် သူ၏နှလုံးသားကို အနိုင်ရခဲ့သည်။ သူသည် ဒါဝိဒ်နှင့် ရင်းနှီးခိုင်မြဲစွာသံယောဇဉ်ဆက်နွှယ်ခဲ့သည်။ သူ၏ဖခင်ယောနသန် ကဲ့သို့ပင် ဘုရားသခင်ရွေးချယ်သောဒါဝိဒ်၏အကျိုးကျေးဇူး၌သာ စိတ်ဝင်စားမှုရှိ၏။" E.G.White, PP, p.713 မှကောက်နုတ်သည်။

ရှောလု၏အိမ်ထောင်အပေါ် ဒါဝိဒ်၏ကျေးဇူးပြုခြင်းသည် ဘုရားသခင်၏ပုံပမာကို ကြိုးစားအသုံးပြုပြီး ရှောလု၏အိမ်ထောင်ကို ပြုလုပ်လိုသောဆန္ဒစိတ်ရှိခြင်းဖြစ်သည်။ ဒါဝိဒ်သည် ကျွန်ုပ်အားလုံး နည်းတူအပြစ်သားများဖြစ်သည်ကို သိရှိလျက် မထိုက်တန်သော်လည်း ဘုရားသခင်ထံမှရရှိသောကရုဏာနှင့် ကျေးဇူးကိုသူတစ်ပါးအား ဝေငှခြင်းဖြစ်၏။

(လုကာ ၇း၄၇) အရ ကျွန်ုပ်တို့သည် သူတစ်ပါးကို ကျေးဇူး မပြုမီ မည်သည့်အရာကိုဦးစွာသိရှိရန် လိုအပ်သနည်း။ သူတစ်ပါးကို ကျေးဇူးပြုခြင်းအရာကိုသိရှိနားလည်ရန် မည်သည့်စည်းမျဉ်းများသည် အရေးကြီးသည့်အခန်းကဏ္ဍတွင်ပါဝင်သနည်း။

သင့်အပေါ်ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် ကျေးဇူးပြုခြင်းအကြောင်းကို စက္ကန့်အနည်းငယ်အချိန်ယူပြီး စဉ်းစားကြည့်ပါ။ ထိုအရာများကိုသင်ရထိုက်ပါသလား။ ဘုရားသခင်သည် သင့်အား အကြွေးဆပ်ရန်ဖြစ်ခြင်းလော။ သင်၏အတွေးများ၊ လုပ်ဆောင်ချက်များ၊ တစ်ကိုယ်ကောင်းမဆန်သည့်စကားများ၊ အလွန်သန့်ရှင်းခြင်း၊ အလွန်နှစ်သက်ဖွယ်ကောင်းခြင်းတို့ဖြင့် သူတစ်ပါးအား ပြုလုပ်ခြင်းကြောင့် ဘုရားသခင်သည် သင့်အားထိုနည်းတူပြန်လည် ကျေးဇူးပြုနေသည်ဟုထင်သလော။ ထိုသို့မဟုတ်ပါ။ အရေးကြီးသည့်အချက်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုခွင့်လွှတ်သည်ကိုသိ၏။ ကျွန်ုပ်တို့သည် ဘယ်လိုပင်ဖြစ်နေပါစေ၊ ဘာကိုပင်လုပ်နေပါစေ သူသည်ကျွန်ုပ်တို့ကိုချစ်သည်ကိုသိ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ကြင်နာခြင်းနှင့်ချစ်ခြင်းကိုမထိုက်တန်သောသူတို့အား ကျေးဇူးပြုပြီး မေတ္တာပြသည့်အနက်အဓိပ္ပါယ်အစစ်အမှန်ကိုသိရှိနားလည်မည်ဖြစ်၏။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ကပ်တိုင်ကိုအမြဲထားကာ ကျွန်ုပ်တို့အတွက် ဘယ်ကဲ့သို့အဓိပ္ပါယ်ရှိသည်ကို သတိရရန် အလွန်အရေးကြီးပါသည်။

နှစ်များစွာကျော်လွန်၍ ဘုရားသခင်သည် သင့်အားမည်သည့်အရာများကိုပေးသနားတော်မူသနည်း။ သင့်အား နာကြည်းစွာပြုလုပ်သောသူတို့အား ဘယ်ကဲ့သို့ဆက်ဆံရန် ထိုအသိတရားသည် သင့်အား အထောက်အကူပြုမည်နည်း။

**အင်္ဂါ** **ဖေဖော်ဝါရီ ၂**

**အကြင်နာစကား။ (ဧဖက် ၄း၃၂)။**

ခရစ်ယာန်များသည် အချိန်တိုင်း၌ သနားကြင်နာခြင်းစိတ်ပြသသင့်သည်။ သို့သော် ခွန်အားပေးရန် လူသုံးမျိုးရှိသည်။





၁။ ဝိညာဉ်ရေးကလေး (ခရစ်ယာန်အသင်းဝင်သစ်များ) ကို ကြင်နာတရားပြရမည်။ “သင်တို့ကိုချစ်သောကြောင့် နို့ထိန်းသည်မိမိသူငယ်ကို ကျွေးမွေးပြုစုသကဲ့သို့--- အသက်ကိုပင်ပေးချင်သောစေတနာစိတ်ရှိကြ၏။ (၁သက် ၂း၇)။

၂။ အားနည်းသောသူတို့အား ကြင်နာခြင်းနှင့်အားပေးခြင်းပြုရမည်။--- အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏အားနည်းခြင်းကို သည်းခံရကြမည်။ (ရောမ ၁၅း၁)။

၃။ ဝိညာဉ်ရေးဖျားနာသူများအား သူနာပြုကဲ့သို့ ပြုစုရမည်။ (၂တိ ၂း၂၄၊၂၅)။

ကျေးဇူးပြုတတ်သောအရာသည် အိမ်၌ရှိရန် အလွန်အရေးကြီးသည်။ အိမ်၌ကျေးဇူးပြုတတ်သောအရေးကြီးသည့် နည်းလမ်းတစ်ခုရှိသည်။ တစ်ဦးနှင့်တစ်ဦးစကားပြောဆိုသည့်နည်းမျိုးဖြင့်ဖြစ်သည်။ အိမ်၌ပြောသောစကားတို့ဖြင့် အိမ်၏စိတ်နေစိတ်ထားအခြေအနေအပေါ်သြဇာသက်ရောက်မှုအလွန်ရှိသည်။ အကယ်၍ ကျွန်ုပ်တို့အသုံးပြုသောစကားများကို သေချာစွာရွေးချယ်ပါက များစွာသောပြဿနာများ၊ နာကြင်မှုများ၊ စိတ်မကောင်းဖြစ်မှုများ၊ ခိုက်ရန်ဖြစ်မှုများတို့ကိုရှောင်ရှားနိုင်ပါသည်။ တစ်ခါတစ်ရံလူတစ်ဦးတစ်ယောက်ကို ကျွန်ုပ်တို့ပြောသောစကားသည် နာကြင်ခြင်း၊ စော်ကားခြင်းမဖြစ်ပါ။ သို့သော်ထိုသူအား ထိုစကားကိုပင်ပြောခြင်းဖြင့် လွန်စွာနာကြင်ပြီး စော်ကားခံရသည်။ သော့ချက်ကား ကျွန်ုပ်တို့ဘယ်ကဲ့သို့ပြောဆိုခြင်းပင်ဖြစ်၏။ လူသားများ၏စကားသည် စကားလုံးနှင့်၎င်းတို့၏အဓိပ္ပါယ်သာမဟုတ်ပါ။ ကျွန်ုပ်တို့၏မျက်ရိပ်မျက်ခြည်၊ အသံနေအသံထား၊ ကိုယ်ဟန်အမူအရာတို့သည် ကျွန်ုပ်တို့၏အတွေးအခေါ်သဘောထားနှင့်

စိတ်အနေအထားကိုပြသသည်။ ထိုကြောင့် ကျွန်ုပ်တို့ပြောဆိုသည့်စကားတို့သည် သူတစ်ပါးအား ထိခိုက်နစ်နာမှုမရှိစေရန် ကိုယ်ဟန်အမူအရာနှင့် ပြောဆိုပုံပြောဆိုနည်းကို သတိထားရန် လိုအပ်ပါသည်။

(သု ၁၅း၁–၅ နှင့် ၂၅း၁၁–၁၅) တွင် စကားကိုဘယ်ကဲ့သို့ပြောရန်နှင့် ဘာကိုပြောရမည်ကို ဖေါ်ပြထားသနည်း။ ဤကျမ်းပိုဒ်များကိုဖတ်စဉ် သူတစ်ပါးနှင့်စကားပြောရာ၌ သင်အသုံးပြုသည့်စကားများအကြောင်းကို သင့်ကိုယ်သင်ပြန်မေးပါ။ သူတစ်ပါးအားစကားပြောရာ၌ ပိုမိုကြင်နာမှုရှိစေရန် ဘယ်ကဲ့သို့သောနည်းများဖြင့်ပြုလုပ်နိုင်မည်နည်း။

## ဗုဒ္ဓဟူး ဖေဖေါ်ဝါရီ ၃

## ကျေးဇူးဆပ်ခြင်း။ (လုကာ ၆း၃၈)။

(လုကာ ၆း၃၈) တွင် သခင်ယေရှုသည် ဘာကိုဆိုလိုသနည်း။ အသက်တာ၏မည်သည့်စည်းမျဉ်းများကို ပြောဆိုနေသနည်း။

မကြာခဏဆိုသလိုကျွန်ုပ်တို့သည် သူများကိုပြုကျင့်သကဲ့သို့ပြန်လည်ဝင့်လည်တတ်သည်။ သူတစ်ပါးအား ကြင်နာပါက ကျွန်ုပ်တို့ကိုလည်း ထိုနည်းတူပြန်လည်ပြုစုမည်ဖြစ်၏။ တစ်နည်းအားဖြင့်သူတစ်ပါးကို ရက်စက်စွာပြုပါက ထိုနည်းတူပြန်လည်ပြုကျင့်ခြင်းခံရမည်ဖြစ်၏။

သို့သော် ဤကဲ့သို့ကား အမြဲတစေမဖြစ်ပါ။ (သခင်ယေရှုကိုလူများဘယ်ကဲ့သို့ပြုကျင့်သည်ကို သတိရပါ)။ သို့သော် အဆုံး၌သူတစ်ပါးသည် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ပြုကျင့်သည်မှာ အရေးမကြီး



ပါ။ အဘယ်ကြောင့်နည်း။ ခရစ်ယာန်များအနေဖြင့် သူတစ်ပါးသည်ကျွန်ုပ်တို့အား ကျေးဇူးပြန်မဆပ်သော်လည်း ကျွန်ုပ်တို့သည် အစဉ်ကျေးဇူးပြုရမည်သာဖြစ်၏။ ကျွန်ုပ်တို့ကိုမုန်းတီးသောသူတို့ကို ကျွန်ုပ်တို့ကချစ်သော် ထိုသို့ပြုခြင်းသည် သခင်ယေရှု၏နောက်လိုက်အစစ်အမှန်ဖြစ်သည့် ပုံပမာကောင်းတစ်ခုပင်ဖြစ်၏။ ကျွန်ုပ်တို့သည်သူတစ်ပါးအား ဘယ်ကဲ့သို့ပြုမူဆက်ဆံခြင်းသည် ကျွန်ုပ်တို့ကိုယ်င်းတို့၏တုံ့ပြန်မှုကို သြဇာသက်ရောက်စေပါသည်။ “သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့။ ဤပညတ်ကား၊ ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏အချုပ်အခြာပင်ဖြစ်သတည်း။” (မဿဲ ၇း၁၂)။

ယခုအပတ်၌ ကျွန်ုပ်တို့ဆွေးနွေးပြောဆိုနေသည့်အရာများနှင့် (လုကာ ၆း၃၅) သည် ဘယ်ကဲ့သို့ဆက်စပ်မှုရှိသနည်း။

ကျွန်ုပ်တို့ကိုအကူအညီပေးနိုင်သူတို့အား ကျေးဇူးပြုရန်လွယ်ကူသည်။ လူတိုင်းဤကဲ့သို့ပြုလုပ်နိုင်သည်။ သို့သော် သင့်အားဘာမျှပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သောသူတို့အား ကျေးဇူးပြုရန် အလွန်ခက်ခဲပါသည်။ ဤအရာသည် စစ်မှန်သည့်စမ်းသပ်ခြင်းပင်ဖြစ်၏။

## ကြာသပတေး ဖေဖေါ်ဝါရီ ၄

## စိတ်ရှည်ခြင်းကိုယူတင်ဝတ်ဆောင်လော့။ (ကောလောသဲ ၃း၁၂–၁၄)။

(ကောလောသဲ ၃း၁၂–၁၄) ကို သင့်စကားဖြင့်ပြန်လည်ရေးသားပါ။ ဤကျမ်းပိုဒ်များသည် ခရစ်တော်၏နောက်လိုက်အစစ်အမှန်ဖြစ်ကြောင်း ဘယ်ကဲ့သို့သောနည်းလမ်းများဖြင့် ပြသသနည်း။

အကယ်၍ ဤစကားများကို သင်၏ပြုမူလုပ်ဆောင်ခြင်းဖြင့် အကောင်အထည်ဖော်ပြသော် လောကကိုမည်မျှတန်ခိုးကြီးသည့် သက်သေခံမှုဖြစ်မည်ကို စဉ်းစားကြည့်ပါ။ ကျေးဇူးပြုခြင်းသည် အောင်မြင်ခြင်းဖြစ်၏။

Adventists များအနေဖြင့် ကျွန်ုပ်တို့၏ယုံကြည်ချက်များနှင့် ရပ်တည်ချက်များကိုထောက်ခံသက်သေပြရန် ကျွန်ုပ်တို့၌တန်ခိုးကြီးသောဤကျမ်းပိုဒ်များရှိသည်။ (ဤသို့မရှိလျှင် ကျွန်ုပ်တို့ဤနေရာတွင် ဘာကြောင့်ရှိနေရသနည်း)။ ထိုကြောင့် ဤအရာသည် အရေးကြီးသည်။ သို့သော် ကျွန်ုပ်တို့သည် မှန်ကန်သောသွန်သင်ချက်ထက်ပို၍လိုအပ်သည်မဟုတ်ပါလား။

"ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်၌ စိတ်နှိမ့်ချခြင်း၊ ကျေးဇူးပြုခြင်း၊ ရိုသေကိုင်းရှိုင်းခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ သနားကြင်နာခြင်းရှိရမည်။ ယခုယုံကြည်သောသူတစ်ယောက်သာရှိရာ ထိုသို့ပြုသော် ယုံကြည်သူတစ်ထောင်ရှိမည်ဖြစ်သည်။" E.G.White, Testimonies for the Church, vol. 9, p.18 မှကောက်နုတ်သည်။

အသင်းတော်၏ယုံကြည်ချက်များကို ကျွန်ုပ်တို့သွန်သင်သည့်အခါ ဥပုသ်နေ့၊ သေခြင်း၊ အပြစ်စတင်ဖြစ်ပုံနှင့် အခြားယုံကြည်ချက်များကိုသင်ကြားသည်။ သို့သော် ကျွန်ုပ်တို့သည် ကျေးဇူးပြုတတ်ခြင်းတည်းဟူသောအရေးကြီးသည့်ဝိညာဉ်အသီးကိုလည်း ပြရန်ဂရုပြုပါသလား။ သတ္တမနေ့သည် ဥပုသ်နေ့ဖြစ်ကြောင်း ကျွန်ုပ်တို့သိ၏။ သေသောသူတို့သည် ရှင်ပြန်ထမြောက်သောရက်မတိုင်မီအထိအိပ်နေမည်ဖြစ်ကြောင်းသိ၏။ ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ယခုနှင့်နောက်ဆုံးတရားစီရင်သောနေ့၌ ကျွန်ုပ်ကိုကာကွယ်



မည်ကိုလည်းသိ၏။ ဤအမှန်တရားများကိုသိရှိရန်နှင့် ယုံကြည်ရန်အရေးကြီးသည်။ သို့သော် အမှန်တရားကိုသာသိခြင်းသည် သခင်ယေရှု၌ ဖြောင့်မတ်ခြင်းတရားရှိသည့်အတိုင်း သိခြင်းနှင့်မတူပါ။ (ယော ၁၄း၆)။ သမ္မာတရားသည် သင်တို့ကိုလွတ်လိမ့်မည်။ (ယော ၈း၃၂)။ သမ္မာတရားသည် ကျွန်ုပ်တို့ကိုပြောင်းလဲစေပြီး ခရစ်တော်နှင့်ပို၍တူစေသည်။ မေးရန်ရှိသည်မှာ ကျွန်ုပ်တို့ဝိညာဉ်အသီးဖြစ်သည့်ကျေးဇူးပြုခြင်းကိုမပြသသော် ဖြောင့်မတ်ခြင်းဖြစ်သည့်သခင်ယေရှုသည် ကျွန်ုပ်တို့ကိုလက်ခံမည်လား။

**သောကြာ ဖေဖော်ဝါရီ ၅**

**ထပ်ဆင့်လေ့လာရန်။**

"ခရစ်ယာန်အိမ်ထောင်တိုင်းမှ သန့်ရှင်းသောအလင်းသည် ပေါ်ထွက်လာသင့်သည်။ ချစ်ခြင်းမေတ္တာသည် အလုပ်အားဖြင့် သက်သေပြရမည်။ ကိုယ်ကျိုးမဲ့ယဉ်ကျေးသည့်အပြုအမူ၊ နူးညံ့သိမ်မွေ့ခြင်း၊ သူတစ်ပါးအတွက် ထည့်စဉ်းစားခြင်း၊ ကြင်နာခြင်းစသည်တို့သည် ချစ်မေတ္တာ၌ပြသ၏။ ဤစည်းမျဉ်းများကိုလိုက်လျှောက်သောအိမ်အချို့ရှိသည်။ ဤအိမ်များသည် ဘုရားသခင်ကိုချစ်မေတ္တာစစ်ဖြင့် ဝတ်ပြုသောအိမ်များဖြစ်၏။ ဤအိမ်များမှနံနက်နှင့်ညဦး၏မွှေးကြိုင်သောဆုတောင်းပတ္ထနာပြုခြင်းတို့သည် ဘုရားသခင်ထံသို့ရောက်ရှိ၏။ ထိုနောက်နံနက်၌ကျသောနှင်းများကဲ့သို့ ဘုရားသခင်၏ကောင်းချီးမင်္ဂလာနှင့် ကရုဏာတို့သည် ထိုသို့ဆုတောင်းသောသူများအပေါ်သို့ကျရောက်မည်ဖြစ်၏။" E.G.White, The Adventist Home p.37 မှကောက်နုတ်သည်။

"သူတစ်ပါးကိုချစ်ခြင်းသည် မိမိ၏အားနည်းချက်ကို ဖေါ်ပြသည်ဟု များစွာသောသူတို့ယုံကြည်ကြသည်။ ဤကဲ့သို့သောသူများသည် ၎င်းတို့၏အေးစက်သောအမူအရာသဘောပြကာ သူတစ်ပါးအား နှင်ထုတ်လိုက်သည်။ ၎င်းတို့၏စိတ်သဘောထားသည် ကရုဏာကင်းမဲ့ပြီး အေးစက်လာသည်။ ၎င်းတို့၏နွေးထွေးကြင်နာတတ်သောသဘောကို ဖိနှိပ်ထားခြင်းဖြင့် သူတို့၏နှလုံးသားသည် အေးစက်ကာ သေဆုံးလေတော့သည်။ ဤအမှားကိုကျွန်ုပ်တို့သတိပြုရန် လိုအပ်ပါသည်။ ချစ်မေတ္တာကိုမဝေငှလျှင် ကြာရှည်ခံမည်မဟုတ်ပါ။ သင်နှင့်ဆက်နွယ်သောနှလုံးသားကို ကြင်နာခြင်းကရုဏာနှင့် မငတ်မွတ်စေပါနှင့်။" E.G.White, The Adventist Home p.107 မှ ကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၇)
## ဝိညာဉ်တော်၏အသီးကားကောင်းမြတ်ခြင်းဖြစ်၏

ဖေဖေါ်ဝါရီ ၆ – ၁၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖေါ်ဝါရီ ၆**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ဆာလံ ၅၁း၁၀၊၁၁။ ယောဟန် ၁၄း၉။ ရောမ ၃း၁၂–၂၀။ ၇း၇–၁၂။ တိတု ၂း၁၄။ ဟေဗြဲ ၁း၂၊၃။

**အလွတ်ကျမ်းချက်**

**"အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့သည် ကောင်းသောအကျင့်တို့ကိုကျင့်ရမည်အကြောင်း ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့သည်ကျင်လည်ရမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ။" (ဧဖက် ၂း၁၀)။**

ကျမ်းစာတော်မြတ်တွင် ကောင်းမြတ်ခြင်းဆိုသည်မှာ ကောင်းသောအကျင့်စရိုက်ကိုဆိုသည်။ ဒုစရိုက်ကိုရှောင်ခြင်းလည်းဖြစ်၏။ ကောင်းမြတ်ခြင်းသည် သန့်ရှင်းခြင်း၏လှုပ်ရှားမှုဖြစ်သည်။ ကောင်းမြတ်ခြင်းသည် ကျွန်ုပ်တို့ပြုလုပ်သည့်အရာဖြစ်သည်။

(ဂလာတိ ၅း၂၂) တွင် ဖေါ်ပြသောကောင်းမြတ်ခြင်းသည် သက်ရှင်လှုပ်ရှားသောကောင်းခြင်းကိုဆိုလိုသည်။ ကောင်းသည့်အကျင့်စရိုက်ရှိရန်လိုသည်။ ကောင်းသောအပြုအမူနှင့် လုပ်ဆောင်ချက်များကိုပြသောစရိုက်ဖြစ်၏။

လူတစ်ဦးတစ်ယောက်သည် သဘောကောင်းသည်၊ စိတ်ကောင်းရှိသည်ဟု မကြာခဏကျွန်ုပ်တို့ပြောဆိုသံကိုကြားရသည်။ သို့သော်ကျမ်းစာတွင် ကောင်းသည့်ဆိုသည့်အနက်အဓိပ္ပါယ်ကိုဖေါ်ပြရန်ခက်မည်။ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်ကြသည်။ (ယေရမိ ၁၇း၉)။ စိတ်ကောင်းရှိသည်၊ သဘောကောင်းသည်စသည်တို့ရှိခြင်းသက်သက်၌ အဓိပ္ပါယ်မရှိပါ။ ထိုစိတ်ကောင်း၊ သဘောကောင်းခြင်းအရာတို့ကို သူတစ်ပါးအကျိုးဖြစ်စေသောအလုပ်သာလျှင် ကောင်းသောစိတ်ရှိသည်ဟုဆိုနိုင်သည်။ ကောင်းသည့်အတွေးအခေါ်အမြော်အမြင်၊ ကောင်းသည့်ဆင်ခြင်တုံတရားရှိခြင်းတို့သည်ကောင်း၏။ သို့သော် တွေးရုံ၊ ဆင်ခြင်ရုံနှင့်မပြီး အမှန်တကယ်ပြုလုပ်ရမည်ကိုဆိုလိုသည်။ ထိုကြောင့် ကောင်းမြတ်ခြင်းသည် ကောင်းသောအရာကိုပြုလုပ်ခြင်းဟုဆိုလိုခြင်းဖြစ်၏။ ထိုကဲ့သို့မဟုတ်လျှင် ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့လှည့်ဖြားနေခြင်းသာဖြစ်မည်။

**တနင်္ဂနွေ ဖေဖေါ်ဝါရီ ၇**

**ဘုရားသခင်သည်ကောင်းမြတ်တော်မူ၏။ (ထွက် ၃၃း၁၉)။**

ကျမ်းစာတော်မြတ်တွင် ကောင်းမြတ်ခြင်း၏နက်ရှိုင်းသောသဘောသည် ဘုရားသခင်နှင့်အစပြုသည်။ ကောင်းသည်ဆိုသည့်စကားသည် သာဓကအမျိုးမျိုးဖြင့်ဖေါ်ပြသည်ကို တွေ့ရှိနိုင်သည်။ ကောင်းသောသူများ၊ ဆိုးသွမ်းသောသူများလည်းရှိ၏။ (မဿဲ ၅း၄၅)။ ခရစ်ယာန်များအနေဖြင့် ကောင်းသောအမှုကိုပြုနိုင်မည်ဖြစ်၏ (ဧဖက် ၂း၁၀)။ ဘုရားသခင်ဖန်ဆင်းသမျှသောအရာတို့သည် ကောင်းသည်ဟုဆို၏။ (က ၁း၃၁)။ သို့သော် ဘုရားသခင်တစ်ဦးတည်းသာလျှင်



ကောင်းမြတ်သည်ဟု ခရစ်တော်ပြော၏။ (မာကု ၁၀း၁၈)။ ဘုရားသခင်၏ကောင်းမြတ်ခြင်းသာလျှင် ပြီးပြည့်စုံတော်မူ၏။

ဘုရားသခင်၏ကောင်မြတ်ခြင်းအကြောင်းကို ကျွန်ုပ်တို့အသက်တာတွင် ဘယ်ကဲ့သို့ပြနိုင်ကြောင်း (ထွက် ၃၃း၁၉။ ဆာလံ ၂၅း၈။ ၈၆း၅။ ၁၀၇း၂၁။ နာဟုံ ၁း၇။ ရောမ ၈း၂၈) တို့တွင် ဘယ်ကဲ့သို့ပြောထားသနည်း။

ဘုရားသခင်သည် မိမိကိုယ်ကိုကောင်းမြတ်တော်မူသည်ဟု မဆို၊ နည်းအမျိုးမျိုးဖြင့် သူ၏ကောင်းမြတ်ခြင်းကို ကျွန်ုပ်တို့အားပြသတော်မူသည်။

ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် မေတ္တာတော်ကိုပြသခဲ့သည်။ ဤလောကသည် အပြစ်များနှင့်ပြည့်ဝလျက်ရှိ၏။ ဖျားနာခြင်း၊ ရောဂါဘယပေါများခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးမျိုးရှိ၏။ ထိုသို့ဖြစ်သော်ငြားလည်း ဘုရားသခင်၏မေတ္တာတော်သည် သဘာဝတွင် တွေ့မြင်နိုင်ဆဲပင်။

လူမှုဆက်ဆံရေးများဖြစ်သည့်ချစ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးကြည့်ရှုစောင်မခြင်းတို့ကိုစဉ်းစားပါ။ ဤကောင်းမြတ်သောအရာများကျွန်ုပ်တို့၌ရှိခြင်းသည် သူတစ်ပါးအတွက် ကောင်းကျိုးပြုနိုင်ရန်အတွက်သာ ဘုရားသခင်ဖန်ဆင်းပေးထားခြင်းဖြစ်၏။ ဤသို့ပြုခြင်းမှာသူကိုယ်တိုင်က ကောင်းမွန်သည့်အတွက်ဖြစ်၏။

ဘုရားသခင်ကျွန်ုပ်တို့ကိုပေးသောကောင်းသည့်အရာတချို့ကို လူတို့သည် အလွန်ကြောက်လန့်ဖွယ်ကောင်းသည့်အလွဲသုံးစားမှုကိုပြုသည်။ လိင်မှုကိစ္စသည် တစ်ခုပါဝင်သည်။ ဘုရားသခင်ကိုဂုဏ်ပြုပါက လိင်မှုကိစ္စသည် ကောင်းချီးမင်္ဂလာဖြစ်၏။ သူ၏သားသမီးများကိုချစ်ကြောင်း ပြသခြင်းဖြစ်၏။

(ယောဟန် ၁၄း၉ နှင့် ဟေဗြဲ ၁း၂၊၃) အရ ဘုရားသခင် ဤလောကကိုပေးတော်မူသောအကောင်းဆုံးဥပမာကား အဘယ်နည်း။

ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို သင်နားလည်သည့်အတိုင်း ရေးသားဖော်ပြပါ။ သင်သည် များစွာသောပြဿနာများကိုဖြတ်သန်းသွားရမည်ဖြစ်၏။ သို့သော် ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကို သင်ကိုယ်တိုင်ဘယ်ကဲ့သို့သိရှိလာသနည်း။ သင်၏အသက်တာတွင် ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို ဘယ်ကဲ့သို့ပြမည်နည်း။ ဥပုသ်နေ့၌သင်၏အဖြေကို အတန်းသားများနှင့်ဝေငှပါ။

**တနင်္လာ ဖေဖော်ဝါရီ ၈**

**လူတိုင်းအပြစ်သားများဖြစ်၏။ (ရောမ ၃း၁၂–၂၀)။**

ဤစကား၏အမှန်တရားကို ကျွန်ုပ်တို့၏ပတ်ဝန်းကျင်လောကတွင် ဘယ်ကဲ့သို့တွေ့ကြုံခံစားရသနည်း။ ကျွန်ုပ်တို့၏အသက်တာ၌ပင် ဘယ်ကဲ့သို့ပြသသနည်း။

အသက်တာ၏စိတ်မကောင်းစရာတစ်ခုသည် လူတို့၏ဟန်ဆောင်မှုပင်ဖြစ်သည်။ လူတို့သည် အပြင်ဘက်၌ မြင်ရသကဲ့သို့ အမြဲမဟုတ်ပါ။ အလွန်တော်ပြီး စွမ်းရည်ထက်မြက်သောသူများ၊ ကိုယ်ရည်ကိုယ်သွေးအလွန်ကောင်းသောသူများ၊ ပညာဉာဏ်နှင့်ကျွမ်းကျင်သောသူများရှိမည်ဖြစ်၏။ ထိုသို့သောသူတို့ကို ကောင်းသည်ဟု ကျွန်ုပ်တို့ဆိုကြသည်။ သို့သော် အမှန်အားဖြင့် ထိုသူတို့သည် အလွန်တရာပင်အမှည့်လွန်ပြီး ပုပ်သောအသီးများဖြစ်ကြသည်။ “ကောင်းသည်” ဆိုသည့်စကားသည် ‘ချစ်သည်’ ဆိုသည့်စကား



နည်းတူ အများဆိုင်ဘုံအဖြစ်အသုံးပြုကြရာ ၎င်းတို့၏အဓိပ္ပါယ်မှန်ကား ပျောက်ဆုံးသွားလေပြီ။ ဘုရားသခင်၏ကောင်းမြတ်ခြင်းသဘောကိုကျွန်ုပ်တို့၏စိတ်ထဲတွင် အမြဲထားရှိပါက လူသားတို့၏ကောင်းခြင်းအရာသည် ဘာဖြစ်သည်ကို ပိုမိုသိရှိနားလည်နိုင်မည်ဖြစ်သည်။

လူသားများဆိုးသွမ်းကြောင်း ခရစ်ယာန်များပြောသည့်စကားကိုခရစ်ယာန်မဟုတ်သောသူများနားမလည်ကြကြောင်း ကျွန်ုပ်တို့မကြာခဏကြားခဲ့ဖူးသည်။ ကောင်းသောအရာများကို ပြုလုပ်သောသူများ၊ ကြင်နာခြင်းရှိသောသူများ၊ ကိုယ်ကျိုးမဲ့တစ်ကိုယ်ကောင်းမဆန်သောသူများ၊ အကြွင်းမဲ့ချစ်ခြင်းနှင့်ပြည့်ဝသောသူများ မရှိကြဖူးလားဟု ၎င်းတို့အံ့ဩစွာမေးကြသည်။ ထိုကဲ့သို့သောသူများကို ကျွန်ုပ်တို့မသိပါသလော။ ထိုသို့သောငြင်းခုံမှုကို သင်ဘယ်ကဲ့သို့ဖြေကြားမည်နည်း။

ဆိုးသွမ်းပြီး ပြစ်ဒဏ်ကျခံနေရသောအကျဉ်းသားများသည်ပင်လျှင် တစ်ခါတစ်ရံ အလွန်နူးညံ့သိမ်မွေ့သည့်လုပ်ရပ်ကိုလည်းလုပ်နိုင်ကြောင်း ရုရှားစာရေးဆရာ Feodor Dostoevsky ၎င်း၏ Siberia အကျဉ်းထောင်အကြောင်းရေးသားသည့်စာအုပ်တွင် ဖော်ပြထားသည်။ ဆိုလိုသည်မှာ အလွန်ဆိုးသွမ်းသောသူတို့ပင်လျှင် ကောင်းသည့်အမှုကို ပြုလုပ်နိုင်ကြောင်းကို ပြသခြင်းဖြစ်သည်။ တစ်ချိန်ထဲ၌ပင် အလွန်ကောင်းသောသူတို့သည် အလွန်ဆိုးယုတ်သောအရာများပြုလုပ်သည်လည်းရှိ၏။

သင်သည်လည်း အဘယ်သို့နည်း။ ကျေးဇူးပြုတတ်ခြင်းနှင့်ချစ်ဖွယ်ရာကောင်းသောအရာများကို သင်လုပ်နိုင်ပါသလား။ ရက်စက်ဆိုးသွမ်းသောအမှုတို့ကိုလည်း သင်လုပ်နိုင်ပါသလား။ သင်၏အဖြေ

သည် သင်၏အကြောင်းကို သခင်ယေရှုကိုလိုအပ်ကြောင်း ဘယ်ကဲ့သို့ပြောသနည်း။

## အင်္ဂါ ဖေဖော်ဝါရီ ၉

**ဘုရားသခင်၏ပညတ်တရားသည်ကောင်းမြတ်၏။ (ရောမ ၇း၇–၁၂)။**

(ရောမ ၇း၇–၁၂) တွင် ဖော်ပြသည့် ပညတ်တရားအကြောင်းကိုပေါလုဘာသာအချက်ကို ညွှန်ပြနေသနည်း။ ပညတ်တရားသည်ကောင်းမြတ်ကြောင်း အဘယ်ကြောင့်သူပြောသနည်း။

အချို့သောသူတို့သည် ကယ်တင်ခြင်းစီမံကိန်းတွင် ဘုရားသခင်၏ပညတ်တရားသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်သည်ကို နားလည်ရန် ခက်ခဲသည်။ ကျွန်ုပ်တို့သည် ဖျားနာ၍ဆရာဝန်ထံသို့သွားရောက်သည့်အခါ ဆရာဝန်သည် ဦးစွာရောဂါ၏ဖြစ်ရခြင်းအကြောင်းကိုရှာရမည်ဖြစ်၏။ ထိုနောက်ဆရာဝန်သည် ကုသမှုကိုပြုလုပ်မည်ဖြစ်သည်။ လူတို့သည် ရောဂါရှာဖွေခြင်းနှင့်ကုသခြင်းကိုနားမလည်၍ ရှုပ်ထွေးသည့်အခါ ပြဿနာဝင်လာသည်။

ဘုရားသခင်၏ပညတ်တရားသည် ကယ်တင်ခြင်း၏စီမံကိန်းဖြစ်စဉ်တွင် ရောဂါရှာဖွေခြင်းနှင့်ကုသခြင်းအခန်းကဏ္ဍတွင် ပါဝင်သည်။ ပညတ်တရားမရှိလျှင် အပြစ်ကိုသိမည်မဟုတ်ကြောင်း ပေါလုပြောဆို၏။ ထိုကြောင့် ပညတ်တရားသည် ကျွန်ုပ်တို့အပြစ်သားများဖြစ်ကြောင်းကို ညွှန်ပြသည်။ ဤသို့ညွှန်ပြမှုမရှိသော် ခရစ်တော်ထံသို့ကုသခြင်းခံရန် လာစရာအကြောင်းမရှိပါ။ ကယ်တင်ခြင်းစီမံကိန်းတွင် ပညတ်တရားသည် ရှိရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်



ပညတ်တရားမရှိလျှင် အပြစ်လည်းရှိမည်မဟုတ်ပါ။ အပြစ်မရှိလျှင် ကယ်တင်ရှင်လည်း လိုအပ်မည်မဟုတ်ပါ။

(ဆာလံ ၄၀း၈) တွင် ဒါဝိဒ်မင်းကြီးဤကဲ့သို့ရေးသားထားသည်။ “အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏တရားသည်လည်း အကျွန်ုပ်နှလုံးသားထဲမှာရှိပါ၏။” ထိုကြောင့်ဘုရားသခင်၏ပညတ်တရားကို စောင့်ရန်ခက်သည်ဟု အချို့သောသူများယုံရသနည်း။

တစ်ခါတစ်ရံကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တရားများကို “အမိန့်” ဟုထင်ကြသည်။ “မပြုရ– မလုပ်ရ” ဟုဆိုသည်။ တစ်နည်းအားဖြင့်ဆိုရသော် အချို့မှာမှန်ပေ၏။ သို့သော် တစ်ချိန်တည်း၌ပင် မပြုလုပ်ရသည့်အရာများထက် ပြုလုပ်ရသည့်အရာမြောက်မြားစွာရှိ၏။ ဘုရားသခင်၏ပညတ်တရားကို စောင့်ရှောက်ခြင်းဖြင့် မည်မျှအကျိုးရှိနိုင်သည်ကို စဉ်းစားပါ။ ကျွန်ုပ်တို့၏အသက်တာကို ယခု ဤနေရာတွင် မည်မျှတိုးတက်စေနိုင်သည်ကို စဉ်းစားကြည့်ပါ။ အကယ်၍ ဘုရားသခင်သည် အရာတစ်ခုကို မလုပ်ရဟု ကျွန်ုပ်တို့အားတားမြစ်သည့်အခါ ထိုအရာသည် ကျွန်ုပ်တို့အတွက် ကောင်းမည်မဟုတ်ကြောင်း ဘုရားသခင်၏ကောင်းမြတ်သောစေတနာကို မယုံသင့်သလော။

သင်သည် ပညတ်တရားကိုစောင့်ရှောက်ရန် အလွန်အခက်ကြုံနေရပါသလား။ ထိုကဲ့သို့ဖြစ်သော် အဘယ်အကြောင်းကြောင့်နည်း။ ပညတ်တရားကိုစောင့်ခြင်းသည် ကောင်းသည်ဟု ကျမ်းစာတော်မြတ်ကဆိုသော် အကယ်၍ ထိုသို့စောင့်ရှောက်ရာ၌ အခက်ကြုံရသော်ဘာအမှားများကို ကျွန်ုပ်တို့ပြုလုပ်နေပါသနည်း။

## ဗုဒ္ဓဟူး ဖေဖော်ဝါရီ ၁၀

**ကောင်းမြတ်ခြင်း၌လျှောက်လှမ်းခြင်း။ (ယေရမိ ၁၃:၂၃)။**

(ယေရမိ ၁၃:၂၃) တွင် လူ့သဘာဝအကြောင်း ရိုးသားစွာညွှန်ပြထားသည်။ လူသားတို့၏သဘာဝကို လွယ်ကူစွာနှင့်ပြောင်းလဲ၍မရကြောင်း အထူးသဖြင့် ဆိုးသည့်စရိုက်များကို ပြောင်းလဲရန်ခက်ကြောင်းဖော်ပြထားသည်။ ဝိညာဉ်၏အသီးဖြစ်သည့်ကောင်းမြတ်ခြင်းသည် လူ၏အတွင်းပိုင်းနှင့်ပို၍သက်ဆိုင်သည်။ ဘုရားတရားရှိသူ၏အတွေးအခေါ်အပြောအဆိုနှင့် လုပ်ဆောင်မှုများနှင့်သက်ဆိုင်သည်။ လူတို့သည် ကောင်းသည့်အရာများကို ဖြောင့်မှန်သောအကြောင်းကြောင့် ပြုလုပ်သည်ကိုပြသခြင်းဖြစ်၏။ တစ်နည်းအားဖြင့်ဆိုရသော် ကောင်းမှုပြုလုပ်ခြင်းသည် လူ၏စိတ်အတွင်း၌ ဘုရားသခင်ကိုစွဲလမ်းစွာချစ်ခြင်းကြောင့်ဖြစ်၏။

"အိုဘုရားသခင်၊ အကျွန်ုပ်အထဲ၌ စင်ကြယ်သောနှလုံးကိုဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောစိတ်သဘောကို အသစ်ပြုပြင်တော်မူပါ။" (ဆာလံ ၅၁:၁၀)။ "လူပျိုသည် မိမိသွားရာလမ်းကိုအဘယ်သို့သန့်ရှင်းစေနိုင်ပါသနည်းဟူမူကား နှုတ်တော်ထွက်အတိုင်းသတိပြုရမည်။" (ဆာလံ ၁၁၉:၉)။ ကျွန်ုပ်တို့ဘယ်ကဲ့သို့ကောင်းလာစေရန် ဤကျမ်းပိုဒ်များဖော်ပြသနည်း။

ဤကျမ်းပိုဒ်များကို (ရောမ ၇:၁၈) တွင် ပေါလုပြောသည်နှင့်နှိုင်းယှဉ်ကြည့်ပါ။ ဤကျမ်းပိုဒ်များသည် တစ်ခုနှင့်တစ်ခုဘယ်ကဲ့သို့ဆက်စပ်နေပါသနည်း။

ရောမ (၇) တွင် ပေါလုသည် ကောင်းသည့်အရာကိုကြိုးစားလုပ်ဆောင်သော်လည်း မအောင်မြင်သည့်အတွက် အလွန်စိတ်



ပျက်မိကြောင်း ဖော်ပြထားသည်။ သူ၏ခွန်အားဖြင့် လုပ်ဆောင်ရန်မတတ်နိုင်ကြောင်း ဖော်ပြထားသည်။ (ငယ် ၁၈၊၁၉)။ သို့သော် (ရောမ ၈:၁–၄) တွင် ပြဿနာများကို ကျော်လွှားနိုင်ရန် ခရစ်ယာန်တို့၏လျှို့ဝှက်ချက်ကိုဖော်ပြထားသည်။ ထိုလျှို့ဝှက်ချက်ကားအဘယ်နည်း။ "ဝိညာဉ်ပကတိအတိုင်းကျင့်" ခြင်းဆိုသည်မှာ အဘယ်နည်း။ ဘယ်ကဲ့သို့ပြုလုပ်နိုင်သနည်း။

ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ပြီး ဘုရားသခင်၏ကျေးဇူးတော်ကိုလိုအပ်သည်မှာ အရာတစ်ခုဖြစ်၏။ ထိုနောက်ကျွန်ုပ်တို့၏ကောင်းမှုအလုပ်သည် ကျွန်ုပ်တို့ကိုကယ်တင်နိုင်မည်မဟုတ်ကြောင်းပြောရမည်။ သို့သော် တစ်ချိန်တည်း၌ပင် ဤသွန်သင်ချက်ကိုအသုံးပြုကာ အပြစ်နှင့်ပြည့်ဝသောအသက်တာတွင် နေထိုင်ရန်၊ ဆင်ခြင်မပေးရန် ဘာကြောင့်သတိထားရမည်နည်း။ သင်ဤကဲ့သို့ပြုလုပ်နေသည်ကို သင့်ကိုယ်သင်တွေ့ရှိပါသလား။ အကယ်၍ ဤကဲ့သို့ဖြစ်ခဲ့သော် ထိုသဘောထားသည် အဘယ်ကြောင့် အလွန်အန္တရာယ်ဖြစ်သနည်း။

## ကြာသပတေး ဖေဖော်ဝါရီ ၁၁

**ကောင်းသောအကျင့်ကိုပြခြင်း။ (ဖေက် ၂:၁၀)။**

အလုပ်အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရနိုင်သည်ဟုမဆိုနိုင်။ သို့သော် ဘုရားသခင်၏သားသမီးများအနေဖြင့် ကောင်းသောအလုပ်ကိုပြနိုင်ရန် ကယ်တင်ခြင်းရရှိသည်ဟု ပြောနိုင်မည်ဖြစ်၏။ အသီးအားဖြင့် အပင်ကိုသိနိုင်သည်ဟု သခင်ယေရှုညွှန်ပြထားသည်။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း မည်သို့နေထိုင်သည်ကို ကြည့်ခြင်း

ဖြင့်ကျွန်ုပ်တို့အကြောင်းကို သိနိုင်မည်ဖြစ်သည်။ ကောင်းသောအကျင့်သည် အလွန်အရေးကြီးကြောင်း သခင်ယေရှုပြသသည်။ ကောင်းသောအကျင့်ကို မကျင့်သောသူတို့သည် ကောင်းကင်နိုင်ငံတော်သို့ဝင်နိုင်မည်မဟုတ်ဟုလည်း ပြောသည်။ (မဿဲ ၂၅း၄၁–၄၆ ကိုဖတ်ပါ)။

(ဖေက် ၂း၁၀ နှင့် တိတု ၂း၁၄) တွင် မည်သည့်တူညီသောသတင်းစကားရှိသနည်း။ ခရစ်ယာန်အဖြစ်ခံယူသူများအတွက် အဘယ်ကြောင့် ထိုသတင်းစကားသည် အလွန်အရေးကြီးပါသနည်း။

လူသားများအနေဖြင့် ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြသည်။ ဘုရားသခင်၏ပညတ်တရားများကို ချိုးဖေါက်ခဲ့ပြီ။ ကျွန်ုပ်တို့အားလုံးကယ်တင်ရှင်ကိုလိုအပ်သည်။ သို့သော် တစ်ချိန်တည်း၌ပင် အကယ်၍ ကျွန်ုပ်တို့၏အသက်တာကို သခင်ယေရှုထံအပ်နှံကာ ဝိညာဉ်တော်အလိုအတိုင်း နေထိုင်လိုက်လျှောက်သော် ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်၏ကောင်းမြတ်ခြင်းတို့ကို ပြသနိုင်မည်ဖြစ်ကြောင်း ကျမ်းစာတော်မြတ်တွင် ကတိတော်များကို လက်ခံရရှိနိုင်မည်ဖြစ်သည်။ (ရောမ ၆း၄) တွင် အသစ်သောအသက်တာ၌ ကျွန်ုပ်တို့နေထိုင်နိုင်သည်ဟု ပေါလုပြောရာ၌ ဘာကိုဆိုလိုသနည်း။ “အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြရ၏” ထိုအကြောင်းကြောင့် ကျွန်ုပ်တို့သည် အပြစ်ဖြင့်သေသူများဖြစ်ကြသည်ဟု ယူဆနိုင်သည်။ ကျွန်ုပ်တို့သည် ယခုခရစ်တော်ကို ယုံကြည်ခြင်းဖြင့် ဘုရားသခင်၌ အသက်ရှင်သောသူများဖြစ်ကြသည်ဟုလည်း ယူဆနိုင်၏။ (ရောမ ၆း၁၁)။

ကျမ်းစာတော်အရ ကျွန်ုပ်တို့သည် ကောင်းသည်ဟုဆိုနိုင်မည်။ ကယ်တင်ခြင်းကိုရရှိထိုက်သကဲ့သို့ ကောင်းသည်ဟုမဆိုလို။





သို့သော် ကျွန်ုပ်တို့၏နှလုံးသား၊ ကျွန်ုပ်တို့၏ဆင်ခြင်တုံတရား၊ ကျွန်ုပ်တို့၏အကျင့်သည် ဘုရားသခင်ကျွန်ုပ်တို့၏အသက်တာတွင် အမှန်တည်ရှိကြောင်း လောကကိုပြသခြင်းဖြင့် “ကောင်း” သည်ဟုဆိုနိုင်မည်ဖြစ်၏။ ကိုယ့်ကိုကိုယ်သေရန်မှာအရေးကြီးသည်။ သို့သော် သူတစ်ပါးကိုလည်း ပြုစုလိုသည့်စိတ်ဆန္ဒကိုလည်း လိုအပ်ပါသည်။ ခန္ဓာကိုယ်နှင့်နေ့စဉ်ရုန်းကန်ရန်လည်း လိုအပ်မည်ဖြစ်၏။ မအောင်မြင်သောအခါ၌ အမှန်တကယ်ဝမ်းနည်းနောင်တရသည့်နှိမ့်ချသောနှလုံးသားရှိရန် လိုအပ်ပါသည်။ သို့သော် ကျွန်ုပ်တို့ခံယူထားသည့်ယုံကြည်ခြင်းအတိုင်း နေထိုင်သွားရမည်သာဖြစ်၏။

ကျမ်းစာတော်မြတ်မှ အောင်မြင်သောခရစ်ယာန်အသက်တာ၏ကတိတော်များကို သင်ဘယ်ကဲ့သို့ရယူပါသနည်း။ သခင်ယေရှုသည် ကပ်တိုင်တွင် အလွန်တန်ဖိုးကြီးစွာဖြင့် သင့်အတွက်လုပ်ဆောင်ခဲ့သည်တို့ကိုရယူရန် သင့်အားဘယ်ကဲ့သို့သောအရာများသည် ဟန့်တားရပ်ဆိုင်းထားသနည်း။

**သောကြာ** **ဖေဖေါ်ဝါရီ ၁၂**

**ထပ်ဆင့်လေ့လာရန်။**

“ဖြောင့်မတ်ခြင်းတရားကို သွန်သင်ခြင်း (သို့မဟုတ်) ခရစ်ယာန်စာပေဝေငှခြင်းဖြင့်သာ ဘုရားသခင်ကိုသက်သေခံခြင်း မဟုတ်ပါ။ ခရစ်တော်အသက်တာအတိုင်း နေထိုင်ခြင်းသည် အလွန်တန်ခိုးကြီးသောခရစ်ယာန်တို့၏သက်သေခံခြင်းဖြစ်သည်ကို မမေ့ကြပါနှင့်။ လောကသားစရိုက်ထက် လောကကိုပို၍ အန္တရာယ်ပေးနိုင်သောသူသည် ဈေးပေါသည့်ခရစ်ယာန်စရိုက်ရှိသူပင်ဖြစ်၏။”

E.G. White, Testimonies for the Church, vol. 9, p. 21 မှကောက်နုတ်သည်။

“ခရစ်ယာန်တို့၏လက္ခဏာသည် ရင်ထိုးတံဆိပ်တပ်ဆင်ခြင်းမဟုတ်ပါ။ ကပ်တိုင် (သို့မဟုတ်) သရဖူကိုဝတ်ဆင်ထားခြင်းမဟုတ်ပါ။ လူနှင့်ဘုရားသခင်စပ်ကြားနီးကပ်စွာဆက်နွယ်နေခြင်းကိုပြသခြင်းဖြစ်၏။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးဖြင့် ခရစ်ယာန်၏စရိုက်ကိုပြောင်းလဲခြင်းဖြစ်သည်။ ဤအရာသည် သားတော်ကိုဤလောကသို့ကယ်တင်ရှင်အဖြစ် ပေးပို့ခြင်းကိုပြသခြင်းဖြစ်၏။ လူသား၏စိတ်နှလုံးပေါ်၌ မည်သည့်အရာမျှကိုယ်ကျိုးမဲ့အသက်တာထက်ပို၍ ဩဇာသက်ရောက်စေသောတန်ခိုးမရှိပါ။ ဧဝံဂေလိသတင်းစကားအတွက် အခိုင်မာဆုံးသောသက်သေပြချက်သည် ချစ်နှစ်သက်ဖွယ်ကောင်းသောခရစ်ယာန်ပင်ဖြစ်၏။” E.G. White, The Ministry of Healing, p. 470 မှကောက်နုတ်သည်။

–ဝ–



## သင်ခန်းစာ (၈)
# ဝိညာဉ်တော်၏အသီးကားသစ္စာရှိခြင်းဖြစ်၏
ဖေဖော်ဝါရီ ၁၃ – ၁၉

**ဥပုသ်နေ့မွန်းလွဲပိုင်း ဖေဖော်ဝါရီ ၁၃**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** မဿဲ ၂၅:၁–၁၃။ လုကာ ၁၆:၁၀။ ၁သက် ၅:၂၃၊၂၄။ ၂တိ ၃:၁–၅။ ဟေဗြဲ ၁၁။

**အလွတ်ကျမ်းချက်**

**“ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်။” (ဂလာတိ ၆:၉)။**

သစ္စာရှိခြင်းဆိုသည့်ဝိညာဉ်၏အသီးသည် ဘုရားသခင်ကိုသစ္စာရှိခြင်းဟုလည်းဆိုနိုင်သည်။ အထူးသဖြင့် စိတ်ပျက်ခြင်းကိုခံစားရသည့်အခါ ဆုံးဖြတ်ထားသည့်ရည်ရွယ်ချက်ကို ခိုင်မြဲစွာဆွဲကိုင်ထားခြင်းပင်ဖြစ်၏။ သစ္စာရှိခြင်းဆိုသည်မှာ သတ်မှတ်ထားသည့်လမ်းအတိုင်းလက်မလျှော့တန်းအဆုံးတိုင်အောင် တစ်သဝေမတိမ်းလျှောက်လှမ်းခြင်းဖြစ်၏။ တည်တံ့မြဲမြံခြင်းဆိုသည်မှာ တစ်ဦးတစ်ယောက်၏ယုံကြည်ချက်များသေချာမြဲမြံစွာဖြင့် ရှိခြင်းပင်ဖြစ်၏။ ယုံကြည်စိတ်ချရခြင်းဆိုသည်မှာ ချမှတ်ထားသည့်စည်းမျဉ်းများနှင့်ရည်ရွယ်ချက်များကို အခိုင်အမာလိုက်လျှောက်ခြင်းဟု ဆိုနိုင်သည်။

ယုံကြည်စိတ်ချရသောသူတစ်ယောက်ကို လမ်းလွဲအောင်လုပ်နိုင်စွမ်းမရှိပါ။ သန္နိဋ္ဌာန်ချခြင်းဆိုသည်မှာ အရာတစ်ခုလိုပြုလုပ်ရန်ဆန္ဒပြင်းဆန်ခြင်းကိုဆိုလိုသည်။

ယုံကြည်ခြင်းနှင့်သစ္စာရှိခြင်းသည် နီးကပ်စွာဆက်နွှယ်နေသည်။ သို့သော် တူညီသောအရာများမဟုတ်ပါ။ ယုံကြည်ခြင်းသည် ဘုရားသခင်ပေးသည့်လက်ဆောင်မွန်ဖြစ်၏။ ဘုရားသခင်ကိုမျက်စိဖြင့်မတွေ့မမြင်နိုင်သော်လည်း ဘုရားသခင်သည် အမှန်တကယ်ရှိသည်ကိုယုံရန် အထောက်အကူဖြစ်စေသည်။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏။" (ဟေဗြဲ ၁၁း၁)။ သစ္စာရှိခြင်းသည် ဘုရားသခင်ကို ယုံကြည်ခြင်း၏ကောင်းကျိုးရလဒ်ပင်ဖြစ်၏။ ဘုရားသခင်ကိုယုံကြည်လျှင် ယုံကြည်စွာဖြင့်လိုက်လျှောက်ခြင်းဖြစ်၏။ သစ္စာရှိခြင်း၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ပုံပမာများဖြစ်၏။ ထိုသို့လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်အလုပ်ကို အတူတကွချည်ထားသောချည်မျှင်ကြိုးဖြစ်သည်။

**တနင်္ဂနွေ ဖေဖော်ဝါရီ ၁၄**

**ဘုရားသခင်သည်သစ္စာရှိ၏။ (ဆာလံ ၈၉း၈)။**

ဝိညာဉ်၏အသီးအားလုံးနည်းတူ ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့လေ့လာရန် သစ္စာရှိခြင်း၏ပုံပမာဖြစ်၏။ ဘုရားသခင်သည် ကမ္ဘာကိုမဖန်ဆင်းမီ နှစ်သန်းပေါင်းများစွာကကဲ့သို့ပင်ယခုလည်း သစ္စာရှိသောဘုရားသခင်ဖြစ်သည်။ လာမည့်အနာဂတ်



နှင်သန်းပေါင်းများစွာ၌လည်း လွန်ခဲ့သောအတိတ်ကနည်းတူ သစ္စာနှင့်ပြည့်စုံမည်ဖြစ်သည်။ သူ၏စီမံကိန်းကို ဘယ်သို့မျှပြောင်းလဲမည်မဟုတ်ပါ။

ဘုရားသခင်၏သစ္စာရှိမှုတို့၏ ကောင်းမြတ်သည့်အချက်များကိုမှတ်သားပါ။

- ♦ ဘုရားသခင်၏သစ္စာတော်သည် အလွန်မြင့်မားခြင်း (ဆာလံ ၃၆း၅)။
- ♦ ဘုရားသခင်၏သစ္စာတော်သည် သေချာသည် (ဆာလံ ၈၉း၃၃)။
- ♦ ဘုရားသခင်၏သစ္စာတော်သည် ကြီးမြတ်၏။ (မြည်တမ်း ၃း၂၃)။
- ♦ ဘုရားသခင်၏သစ္စာတော်သည် ကောင်းကင်၌မြဲမြံ၏ (ဆာလံ ၈၉း၂)။

ဘုရားသခင်၏သစ္စာရှိမှုကြောင့် ကျွန်ုပ်တို့ခံစားရရှိသောကောင်းချီးမင်္ဂလာများကို (၁ကော ၁၀း၁၃။ ၁သက် ၅း၂၃၊၂၄။ ၂သက် ၃း၃ နှင့် ဟေဗြဲ ၁၀း၂၃) တွင် ဖော်ပြထားသည်များကို ရှာတွေ့ပါ။

ဘုရားသခင်၏သစ္စာရှိမှုသည် ခရစ်ယာန်များ၏အသက်တာတွင် ဘာကြောင့် အလွန်အရေးကြီးပါသနည်း။ သင်၏အသက်တာမှသေရေးရှင်ရေးပြဿနာမှ ဘုရားသခင်သစ္စာဖြင့် ကယ်နုတ်တော်မူခဲ့သောအချိန်ကိုပြန်လည်သတိရပါ။ တစ်ရက်တာပေါ်အခြေခံပြီးမည်သည့်ဘုရားသခင်၏သစ္စာရှိမှုကောင်းချီးမင်္ဂလာသည် သင့်အတွက်အကြီးဆုံးသောအကူအညီဖြစ်စေသနည်း။

**တနင်္လာ ဖေဖော်ဝါရီ ၁၅**

**သစ္စာရှိခြင်း၊ နောက်ဆုံးကာလ၏လက္ခဏာ။ (လုကာ ၁၈း၈)။**

(လုကာ ၁၈း၈) တွင် သခင်ယေရှု၏မေးခွန်းသည် မည်သည့်အရာကိုထောက်ပြသနည်း။

တမန်တော်ပေါလုရေးသားသည်မှာ "ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား၊ သူတစ်ပါးကိုလည်းကောင်း၊ ကိုယ်ကိုလည်းကောင်းလှည့်ဖြား၍ ဆိုးညစ်ခြင်း၌ တရွေ့ရွေ့တိုးပွားကြလိမ့်မည်။" (၂တိ ၃း၁၃)။ ယနေ့လူတို့သည် မောရှေဗင်း၏ကျမ်း (၅) ကျမ်းကိုရေးစဉ် ပေါလုဗင်း၏ဩဝါဒစာစောင်ကျမ်းများရေးစဉ်အချိန်ကကဲ့သို့ပင်ဖြစ်၏။ ယနေ့ကျွန်ုပ်တို့နေထိုင်သည့်လူ့အဖွဲ့အစည်းတွင် အပြစ်လုပ်ရန် လွယ်ကူသည်ဟုပြောဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် အပြစ်လုပ်ရန် အားပေးခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရသော် ကျွန်ုပ်၏ပတ်ဝန်းကျင်သည် အပြစ်နှင့်ပို၍သင့်တင့်မိတ်ဖြစ်လျက်ရှိခြင်းကြောင့်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့ကျရှုံးခဲ့ပြီးဖြစ်သောလူသား၏သဘာဝဇာတိသည် အပြစ်ပို၍လုပ်မည်ဖြစ်၏။ လူတို့သည် တစ်ကိုယ်ကောင်းဆန်မှုကို အားပေးသည်။ ကြော်ညာများသည်လည်း စိတ်ကျေနပ်နှစ်သက်ဖွယ်ကောင်းသည့်အရာများလုပ်ကြရန် တိုက်တွန်းသည်။ ဘာကြောင့်စောင့်နေရသနည်း။ ဘာကြောင့် မိမိကိုယ်ကိုငြင်းဆန်နေသနည်း။ အဘယ်ကြောင့် အပ်နှံရသနည်း။ လူတိုင်းလုပ်သလိုဘာကြောင့် လိုက်မလုပ်ကြတာလဲ။ အချိန်တိုင်းကျွန်ုပ်တို့ကြားရသည်မှာ "မင်းထိုက်တန်လို့၊ မင်းကံကောင်းလို့စိတ်အလိုအတိုင်းပျော်ပေါ့။"



(၂တိ ၃း၁–၅) တွင် မည်သည့်အခြေခံစရိုက်များကို တွေ့ရှိနိုင်သနည်း။ အဘယ်ကြောင့် လူများတွင် သေချာစွာတွေ့ရှိနိုင်သနည်း။

ဤမျိုးဆက်သည် တစ်ကိုယ်ကောင်းဆန်သည့်ပထမမျိုးဆက်မဟုတ်ပါ။ သို့သော် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့်တွေ့ရှိချက်မှာ လူ့ဘောင်အဖွဲ့အစည်းတွင် တစ်ကိုယ်ကောင်းဆန်သည့်အရာကို ထောက်ခံအားပေးခြင်းပဲဖြစ်သည်။ "နံပါတ်တစ်ထိပ်ဆုံးနေရာကိုရှာပါ" "ကိုယ့်ကိုကိုယ်ဦးစားပေးပါ" ဆိုသည့်အသံများသည် ယနေ့ခေါ်သံများဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်ခြင်းအမှုသည် ပြောသည့်အရာ၊ ပြုလုပ်သင့်သည့်အရာတစ်စုံတစ်ခုကိုမျှ တာဝန်ယူခြင်းမရှိသည်ကိုဆိုသည်။ ဤမျိုးဆက်ကို အောက်ပါကျမ်းပိုဒ်ဖြင့် ဖော်ပြနိုင်သည်။ "အဘကိုကျိန်ဆဲ၍ အမိကိုလည်း ကောင်းချီးမပေးတတ်သောလူတစ်မျိုး၊ ငါသည်စင်ကြယ်၏ဟု မိမိကိုယ်ကိုထင်သော်လည်း မိမိအညစ်အကြေးမှမဆေးကြောသေးသောလူတစ်မျိုး" (သု ၃၀း၁၁၊၁၂)။ သူတစ်ပါးနှင့်မှားယွင်းသောအရာအားလုံးသည် အခြားသူများအပေါ် အပြစ်ဖို့၏။ အထူးသဖြင့် မိဘများကိုပြစ်တင်ခြင်းပင်ဖြစ်၏။

တီဗွီနှင့်သတင်းစာတို့သည် အသင်းသားများကို သစ္စာမဲ့စေရန် ဘယ်ကဲ့သို့ကူညီနေသနည်း။ သင့်ကိုသင်ရိုးသားစွာအမှန်အတိုင်းဖြေပါ။ ထိုအရာများသည် သင်၏အတွေးအခေါ်အပေါ် ဘယ်ကဲ့သို့ဩဇာသက်ရောက်မှုရှိသနည်း။ နောက်သို့တစ်လှမ်းပြန်ဆုတ်ပြီး သင့်ကိုယ်ကိုဤမေးခွန်းကိုမေးပါ။ "ကျွန်ုပ်ဖတ်သည့်အရာ၊ ကြည့်သည့်အရာနှင့်နားထောင်သည့်အရာတို့သည် ဘုရားသခင်အပေါ် သစ္စာရှိမှုကိုဘယ်ကဲ့သို့နစ်နာစေသနည်း။

**အင်္ဂါ ဖေဖော်ဝါရီ ၁၆**

**သစ္စာရှိခြင်း၏သာဓကများ။ (ဟေဗြဲ ၁၁)။**

(ဟေဗြဲ ၁၁) တွင် ဖော်ပြထားသောသစ္စာရှိသူများ၏စာရင်းကိုဖတ်ပါ။ ၎င်းတို့အနက် (၃) ဦးရွေးချယ်ပြီး စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ရန်းကန်ရသော်လည်း ၎င်းတို့၏သစ္စာရှိမှုကို ဘယ်ကဲ့သို့ပြသသည်ကိုရေးပါ။ သူတို့၏သစ္စာရှိမှုကို ဘယ်ကဲ့သို့ပြသနည်း။ တစ်ချိန်တည်းမှာပင် ၎င်းတို့၏ရုန်းကန်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်းတို့ကား ဘယ်အရာများနည်း။ (ဟေဗြဲ ၁၁) တွင် ဖော်ပြထားသောသူများခံစားရသည်နည်းတူ ယနေ့ကျွန်ုပ်တို့လည်း ထိုစည်းမျဉ်းများနှင့်ဘယ်ကဲ့သို့ပတ်သက်သနည်း။

ထိုသူတို့သည် အလွယ်တကူစိတ်ပျက်နိုင်ကြောင်းကို စဉ်းစားပါ။ အကျဉ်းထောင်၌ရှိသောယောသကိုစဉ်းစားပါ။ စာရာသည် ကတိတော်ရှိသောကလေးကို အလွန်ကြာမြင့်စွာစောင့်ရခြင်းကို စဉ်းစားပါ။ မောရှေအကြောင်းကို စဉ်းစားပါ။ "အဲဂုတ္တုပြည်၏စည်းစိမ်ထက် ခရစ်တော်ကြောင့် ကဲ့ရဲ့ခြင်းဒုက္ခသည် သာ၍မြတ်သောစည်းစိမ်ဖြစ်သည်ကို စိတ်ထင်သဖြင့်---" (ဟေဗြဲ ၁၁း၂၅)။

တစ်ခါတစ်ရံ၌လူတို့သည် သာမန်မဟုတ်ဘဲ အလွန်ခွန်အားကြီးသူများဟုထင်ကြသည်။ သို့သော် သူတို့သည် ကျွန်ုပ်တို့ကဲ့သို့သောလူသားများဖြစ်၏။ ကျွန်ုပ်တို့ကဲ့သို့အပြစ်ပြုလုပ်ရန် စုံစမ်းနှောင့်ယှက်ခြင်းများနှင့် ရင်ဆိုင်ရသောသူများဖြစ်၏။ သူတို့သည် ဘုရားသခင်ကို မေးခွန်းထုတ်သည်။ ရလဒ်ကိုစိုးရိမ်ကြောက်ရွံ့သည်။ တစ်ခါတစ်ရံကျွန်ုပ်တို့ကဲ့သို့ပင် မအောင်မြင်ဘဲကျရှုံးခဲ့၏။ သူတို့၏အမှားများနှင့်အားနည်းချက်များရှိမည်ဖြစ်၏။ သို့သော် သူတို့သည်



သစ္စာရှိမှုကို ပြသကြသည်။ သူတို့ခံယူထားသည့်ယုံကြည်ခြင်းအတိုင်း သူတို့လုပ်ဆောင်ခဲ့ကြသည်။ ထိုနောက်သူတို့သည် အံ့သြဖွယ်ကောင်းသောအရာများကို ပြုလုပ်ရန် ဘုရားသခင်သူတို့အား အသုံးပြုနိုင်သည်။

သင်သစ္စာရှိရန် ဆန္ဒရှိမှုကို မည်သည့်အရာများသည် စိန်ခေါ်မှုပြုနေသနည်း။ အုပ်စု (၂) ခုခွဲဖော်ပြပါ။ (၁)။ ဘယ်ကဲ့သို့မျှသင် မတတ်နိုင်သည့်အရာများ။ (၂)။ သင်၏အသက်တာတွင် ဖယ်ရှားနိုင်သည့်အရာများ။

**ဗုဒ္ဓဟူး ဖေဖော်ဝါရီ ၁၇**

**နေ့စဉ်အသက်တာ၌သစ္စာရှိခြင်း။ (လုကာ ၁၆း၁၀)။**

(လုကာ ၁၆း၁၀) တွင် ဖော်ပြသည့်စည်းမျဉ်းသည် သင်၏အသက်တာတွင် မှန်ကန်ကြောင်း ဖော်ပြပါသလား။ သေးငယ်သောအမှုတွင် သစ္စာမရှိပါက ကြီးသောအမှုတွင်သစ္စာရှိရန် ကျွန်ုပ်တို့ဘယ်ကဲ့သို့စဉ်းစားနိုင်မည်နည်း။

လောကတွင် အကြီးမားဆုံးသောလိုအပ်ချက်သည် ရိုးသားဖြောင့်မတ်သောသူများဖြစ်၏။ ရောင်း၍သော်လည်းကောင်း၊ ဝယ်၍သော်လည်းကောင်း မရနိုင်သောလူများကို လောကသည် လိုအပ်နေသည်။ အမြဲရိုးသားဖြောင့်မတ်သောသူတို့ကို အလိုရှိနေသည်။ အပြစ်ကို၎င်း၏အမည်မှန်အတိုင်းအပြစ်ဟုခေါ်ရန် မကြောက်သောသူများကို အလိုရှိသည်။ အိမ်မြှောင်လက်သည် ဝင်ရိုးစွန်းကိုတည့်မတ်စွာညွှန်ပြသကဲ့သို့ ဝတ္တရားအပေါ် သစ္စာရှိသောသူများကိုအလိုရှိသည်။ ကောင်းကင်ပြိုကျသော်လည်း အမှန်တရားအတွက် ရပ်တည်သောသူတို့ကိုအလိုရှိသည်။" E.G.White, Education, p.57 မှ ကောက်နုတ်သည်။

အောက်ပါစာလုံးများသည် သစ္စာရှိခြင်းနှင့်အရေးပါသော အစိတ်အပိုင်းများဖြစ်သည်။

**မှီခိုအားထားရခြင်း။** သူတစ်ပါးသည် သင့်အားမှီခိုအားထားနိုင်ခြင်းကိုဆိုလိုသည်။ လူတစ်ဦးတစ်ယောက်သည် သင့်ကိုစိတ်ပျက်အောင်နောက်ဆုံးဘယ်အချိန်ကလုပ်ခဲ့သနည်း။ သင်ဘယ်ကဲ့သို့ခံစားရသည်ကို သတိရပါသလား။ မှီခိုအားထားရခြင်းမရှိပါက သင်၏စရိုက်သည် ဘယ်ကဲ့သို့ဖြစ်မည်နည်း။

**ရိုးသားဖြောင့်မတ်ခြင်း။** ရိုးသားဖြောင့်မတ်ခြင်းသည် သစ္စာရှိခြင်းဖြစ်သည်။ မုသားမပြော၊ လိမ်လည်ခြင်းမပြု၊ ခိုးဝှက်ခြင်းလည်းမရှိခြင်းကိုဆိုလိုသည်။ ရိုးသားဖြောင့်မတ်ခြင်းသည် ခိုင်မာသည့်စရိုက်ကိုတည်ဆောက်ရာ၌ အရေးကြီးသောဆောက်လုပ်ရေး ပစ္စည်းတစ်ခုဖြစ်သည်။ နေ့စဉ်ကျွန်ုပ်တို့အသက်တာတွင် ဖေါ်ပြသင့်သည်။

**အမှန်တရား၌ရပ်တည်ခြင်း။** အမှန်တရား၌ရပ်တည်ခြင်းဆိုသည်မှာ "ဂုဏ်ရှိသည့်ကျင့်ထုံး" နှင့်တူသည်။ သင်သည် ရိုးသားဖြောင့်မတ်ပြီး အမှန်ကိုသာလုပ်ဆောင်သောသူဖြစ်ပါက သင်၏နေ့စဉ်အသက်တာ၌ ယုံကြည်ချက်နှင့် စည်းမျဉ်းများကို အမြဲလိုက်



လျှောက်မည်ဖြစ်၏။ သူတစ်ပါး၏ယုံကြည်ချက်နှင့်စည်းမျဉ်းများကိုလည်း လေးစားမည်ဖြစ်သည်။ ခိုင်မာသောစရိုက်ကိုတည်ဆောက်ရာ၌ အသုံးပြုသောဆောက်လုပ်ရေးပစ္စည်းလည်းဖြစ်၏။

**သစ္စာရှိခြင်း။** သစ္စာရှိခြင်းဆိုသည်မှာ ထောက်ခံခြင်းကိုပြသသည်။ အခြေအနေကြမ်းတမ်းဆိုးဝါးသည်။ အချိန်ခွဲခွာခြင်းမပြု၊ အနားတွင်ရပ်တည်နေခြင်းဖြစ်၏။ သစ္စာရှိခြင်းသည် မိတ်ဖြစ်ခြင်း၏အရေးကြီးသောအစိတ်အပိုင်းဖြစ်သည်။ သို့သော် သစ္စာရှိခြင်းသည် မိတ်ဆွေအတွက် အမှားပြုလုပ်ပေးခြင်းဖြစ်နေပါသလား။ သစ္စာရှိခြင်းသည် အကန့်အသတ်ရှိပါသလား။ မိတ်ဆွေတစ်ဦးအတွက် သစ္စာရှိမှုပြရန် အလွန်အကျွံဖြစ်နိုင်ပါသလား။

အထက်၌ဖေါ်ပြထားသောသစ္စာရှိမှုအစိတ်အပိုင်းများကို သေချာစွာလေ့လာပါ။ ၎င်းတို့တစ်ခုချင်းနယ်ပယ်တွင် သင်မည်မျှသစ္စာရှိသနည်း။ ဘယ်အပိုင်းတွင် ပို၍ကောင်းအောင်သင်ပြုလုပ်နိုင်သနည်း။ ပို၍အရေးကြီးသည်မှာ သင်မှန်သည်ဟု သိသောအရာအတွက် ပို၍သစ္စာရှိစေရန် ဘယ်ကဲ့သို့သောပြောင်းလဲခြင်းများပြုလုပ်ရမည်နည်း။ လိုအပ်သည့်ပြောင်းလဲချက်များကို သင်ဘယ်ကဲ့သို့ပြုလုပ်မည်နည်း။

## ကြာသပတေး ဖေဖော်ဝါရီ ၁၈

**အဆုံးတိုင်အောင်သစ္စာရှိခြင်း။ (မဿဲ ၂၅း၁–၁၃)။**

(မဿဲ ၂၅း၁–၁၃) တွင် ဖော်ပြထားသောပုံပမာကိုဖတ်ပါ။ သတို့သားကြွလာမည်ကို စောင့်နေသောသူအားလုံးအိပ်ပျော်နေသည်ကိုသတိပြုပါ။ သတို့သားကြွရောက်လာသည့်အခါ အားလုံးနိုးထလာကြသည်။ သို့သော် ငါးယောက်အတွက် အလွန်နောက်ကျခဲ့ပြီဖြစ်၏။ ကျွန်ုပ်တို့သည်လည်း (၂၁) ရာစုနှစ်တွင် မည်သို့နည်းဖြင့် အလားတူသည့်အန္တရာယ်ကျရောက်နိုင်ပါသနည်း။

(မဿဲ ၂၄း၄၄–၅၀) ကိုဖတ်ပါ။ ကျွန်ဆိုးသည် မိမိသခင်ပြန်ရောက်သင့်သည့်အချိန်တွင် ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် သူ၏နေထိုင်စားသောက်ပုံပြောင်းလဲသွားသည်ကို သတိပြုပါ။ သခင်ယေရှုကြွလာတော်မူခြင်းသည် နှောင့်နှေးကြန့်ကြာသည်ဟု ခံစားရသောကျွန်ုပ်တို့အတွက် ဘယ်ကဲ့သို့သောသတင်းစကားရှိသနည်း။

အရာများသည် ကျွန်ုပ်တို့မျှော်မှန်းထားသည့်အတိုင်းချက်ချင်းမဖြစ်လာတတ်ပါ။ သို့သော် (ဂလာတိ ၆း၉) တွင် ပေးထားသောကတိတော်မှကျွန်ုပ်တို့နှစ်သိမ့်မှုကို ရယူနိုင်ပါသည်။

"ငါတို့သည် အားမလျော့စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်။" (ဂလာတိ ၆း၉)။

(၂၁) ရာစုနှစ်၌ ဘုရားသခင်၏လူများရင်ဆိုင်နေရသောအရာသည် "ဘုရားသခင်သည် သစ္စာရှိပါမည်လား" ဆိုသည့်အချက်မဟုတ်။ ဘုရားသခင်သည် ကတိပေးသောအရာအားလုံး၌ သစ္စာရှိသည်ကို ကျွန်ုပ်တို့ယခုအချိန်တွင် သိသင့်နေပြီးဖြစ်၏။ အရေးကြီးသည့်အချက်မှာ "ကျွန်ုပ်သည် အဆုံးတိုင်အောင်သစ္စာရှိပါမည်လော" ဆိုသည့်အချက်ပင်ဖြစ်၏။



အနာဂတ်တွင်ဖြစ်မည့်မေးခွန်းများကို ပစ္စုပ္ပန်၌အဖြေကိုရှာတွေ့နိုင်သည်။ သင်၏အခြေခံဝိညာဉ်ရေးအခြေအနေသည် ဘယ်ကဲ့သို့ရှိသနည်း။ သင်သည် နေ့စဉ်မိမိအသက်တာကို ဘုရားသခင်၏အလိုတော်အတိုင်းအစေခံရန်အပ်နှံပြီး ကျေးဇူးတော်နှင့် သစ္စာတော်၌ကြီးထွားနေပါသလား။ သို့တည်းမဟုတ် သင်သည် တဖြည်းဖြည်းတစ်စပြီးတစ်စလက်လျှော့ကာ လောကသားများနည်းတူ ပို၍တူလာပါသလား။ သင်၏အဖြေသည် သင်နှင့်ဘုရားသခင်အတူတကွလျှောက်လှမ်းခြင်းနှင့် သင့်အကြောင်းဘယ်ကဲ့သို့ဖော်ပြသနည်း။

## သောကြာ ဖေဖော်ဝါရီ ၁၉

**ထပ်ဆင့်လေ့လာရန်။**

"ကြယ်တို့သည် မိမိတို့၏လမ်းကြောင်းအတိုင်း လည်ပတ်သကဲ့သို့ ဘုရားသခင်၏အကြံအစည်သည် နှေးသည်၊ မြန်သည်မရှိ။ ဘုရားသခင်သည် မီးလျှံနှင့်အမှောင်ထုကြီးမှ အာဗြဟံအား အဲဂုတ္တုပြည်၌ကျွန်ခံ့ရသော ဣသရေလအမျိုးကိုပြသခဲ့သည်။ ထိုနောက်ဘုရားသခင်သည် အာဗြဟံအား အနှစ်လေးရာပတ်လုံးဣသရေလအမျိုးတို့အဲဂုတ္တုပြည်တွင် ကျွန်အဖြစ်နေထိုင်ရမည်ကို ဖော်ပြသည်။ သို့သော် ဘုရားသခင်သည် ဤကဲ့သို့လည်းပြောသည် "ထိုနောက်မှသူတို့သည် များစွာသောဥစ္စာနှင့်ထွက်ကြလိမ့်မည်" (က ၁၅း၁၄)။ ဤကဲ့သို့ပြောဆိုသည့်ဘုရားသခင်၏စကားကို တန်ခိုးကြီးသည့်

ဖါရောဘုရင်သည် အချည်းနှီးဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ "နှစ်လေးရာသုံးဆယ်စေ့သောနေ့ခြင်းတွင် ထာဝရဘုရားသခင်၏ဗိုလ်ခြေအပေါင်းတို့သည် အဲဂုတ္တုပြည်မှထွက်သွားကြ၏" (ထွက် ၁၂း၄၁)။ ထိုနည်းတူကောင်းကင်တွင်ရှိသည့်နန်းတော်၌ ခရစ်တော်ကြွလာမည့်အချိန်နာရီကိုသတ်မှတ်ထားပြီးဖြစ်သည်။ ထိုသို့သတ်မှတ်ထားသည့်အချိန်နာရီကျရောက်သည့်အခါ ခရစ်တော်သည် ဗက်လင်မြို့၌မွေးဖွားလာခဲ့ပါသည်။" E.G.White, DA, P.32 မှကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၉)
## ဝိညာဉ်တော်၏အသီးကားနူးညံ့သိမ်မွေ့ခြင်းဖြစ်၏
## (စိတ်နှိမ့်ချခြင်း)

ဖေဖော်ဝါရီ ၂၀ – ၂၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၂၀**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** က ၅၀း၂၀။ မဿဲ ၅း၅။ ၁၁း၂၉။ ရောမ ၁၂း၃။ ဂလာတိ ၆း၁။ ဖိလိပ္ပိ ၂း၂၊၃။ ၁ပေ ၃း၄။

**အလွတ်ကျမ်းချက်**

**"စိတ်နူးညံ့သိမ်မွေ့သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကိုအမွေခံရကြလတ္တံ့။" (မဿဲ ၅း၅)။**

ဝိညာဉ်တော်၏အသီးဖြစ်သည့် နူးညံ့သိမ်မွေ့ခြင်းသည် ကျွန်ုပ်တို့အပြစ်နှင့်ပြည့်ဝလျက်ရှိသော ယဉ်ကျေးမှုလောကတွင် မေ့ပျောက်ဟန်ရှိသည်။ နူးညံ့သိမ်မွေ့သောသူတို့သည် အားနည်းသောသူများဖြစ်သည်ဟု လူအများကထင်မြင်ကြသည်။ ဤအကြောင်းကြောင့် နူးညံ့သိမ်မွေ့သောသူတို့ကို မနှစ်သက်ကြပါ။ သို့သော်ဘုရားသခင်သည် ကျွန်ုပ်တို့ကိုတောင်းဆိုသောအရာဖြစ်သည်။

နူးညံ့သိမ်မွေ့ခြင်းသည် အဘယ်နည်း။ ဘုရားသခင်ကိုနှိမ့်ချသောသဘောနှင့်လူတို့ကိုသိမ်မွေ့သော သဘောထားရှိခြင်းကိုဆိုလိုသည်။ နူးညံ့သိမ်မွေ့သည်ဟုဆိုရာ၌ ဘုရားသခင်သည် အရာ

ခပ်သိမ်းကိုချုပ်ထိန်းထားကြောင်း ကျွန်ုပ်တို့သိသည်ကိုဆိုလိုသည်။ ကျွန်ုပ်တို့ဖြစ်စေလိုသည့်အတိုင်း မဖြစ်လာသော်လည်း ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်သည်ကို ကျွန်ုပ်တို့သိသည်ဟုလည်းဖြစ်သည်။ မကြာခဏကျွန်ုပ်တို့သည် ဤကဲ့သို့ဖြစ်ပျက်ခဲ့သည်။ နူးညံ့သော စိတ်ရှိရန် ယုံကြည်စိတ်ချခြင်းလိုအပ်သည်။ မိမိကိုယ်ကိုယုံကြည် ရန်မဟုတ်၊ ဘုရားသခင်ကိုယုံကြည်ကိုးစားရန်ဖြစ်သည်။

အားနည်းခြင်းနှင့်နှိမ့်ချခြင်းသည် တူလုနီးပါးဖြစ်သည်။ သို့သော် မတူညီပါ။ အားနည်းခြင်းသည် အနုတ်လက္ခဏာဖြစ်သည်။ ခွန်အားနည်းခြင်း၊ သူရဲဘောကြောင်ခြင်းကိုဆိုလိုသည်။ ဤအရာများ သည် ခရစ်တော်ကိုဖေါ်ပြသောအရာများမဟုတ်ပါ။ ခရစ်တော်ပြော သည်မှာ “ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊ ငါ့ထံ၌နည်းခံကြလော့၊ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံး သည် သက်သာခြင်းကိုရလိမ့်မည်။ စိတ်နှိမ့်ချခြင်းသည် ဘုရားသခင် ကိုလုံးလုံးကိုးစားအမှီတံကဲပြုရန် ရွေးချယ်ခြင်း၏အကျင့်ရလဒ်ဖြစ် သည်။ ဤကဲ့သို့ယုံကြည်ကိုးစားခြင်းရှိသည်ဆိုသည်မှာ မိမိ၏အလို ကိုအဓမ္မရယူရန် ပြုလုပ်ခြင်းမဟုတ်ပါ။ ထိုကြောင့် နူးညံ့ခြင်းသည် အားနည်းခြင်းမှရသည်မဟုတ်၊ ခွန်အားမှလာခြင်းဖြစ်သည်။

**တနင်္ဂနွေ ဖေဖေါ်ဝါရီ ၂၁**

**နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်။ (မဿဲ ၁၁း၂၉)။**

(မဿဲ ၁၁း၂၉) တွင် သခင်ယေရှုကျွန်ုပ်တို့အား ဘာကို သွန်သင်နေသနည်း။ နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောသည် ဘယ်ကဲ့သို့ကျွန်ုပ်တို့စိတ်နှလုံးကို သက်သာခြင်းပေးနိုင်မည်နည်း။





နူးညံ့သောစိတ်သဘောသည် ကျွန်ုပ်တို့အလိုရှိသောအရာကို တိုက်ခိုက်ရယူခြင်းကိုမဆိုလိုပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် တိုက်ခိုက်ပေးမည်ကို ယုံကြည်သည်ဟုလည်းဆိုနိုင်သည်။ စိတ်နှိမ့်ချ ခြင်းသည် ရည်မှန်းချက်ကြီးမားခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းတို့ ၏ဆန့်ကျင်ဘက်ဖြစ်သည်။ ဘုရားသခင်၏ကောင်းမြတ်ခြင်း၌ ယုံကြည်ကိုးစားပြီး အခြေအနေအရပ်ရပ်သည် ဘုရားသခင်၏ချုပ်ထိန်း ထားခြင်းမှလာသည်ကို သိခြင်းဖြစ်သည်။ စိတ်နှိမ့်ချသောသူသည် မိမိကိုယ်ကျိုးအတွက် မစဉ်းစားပါ။ (လုကာ ၂၂း၄၂)။ ကျွန်ုပ်တို့ စိတ်နှလုံးသက်သာခြင်းပေးမည်ဆိုသည့် ကတိတော်ကိုရှာရာ၌ ဤသဘောထားသည် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့အလိုရှိ သောအရာများကို ကြိုးစားရယူခြင်းကြောင့် မကြာခဏကျွန်ုပ်တို့သည် တိုက်ခိုက်ကြသည်မဟုတ်လော။ စိတ်နှိမ့်ချသောသူသည် မိမိကိုယ်ကို သေတတ်ရန် လေ့ကျင့်သင်ယူသူများဖြစ်သည်။ ထိုသို့ဖြစ်ရန် ယုံကြည်ခြင်း၊ သည်းခံခြင်းနှင့်ခွန်အားရှိရန် လိုအပ်သည်။ လောက အမြင်ဖြင့် ဤစရိုက်များသည် နူးညံ့သိမ်မွေ့သောသူများမှာရှိမည် မဟုတ်ဟု ထင်မြင်ကြမည်။

(ရောမ ၁၂း၃) တွင် စိတ်နှိမ့်ချခြင်းသဘောကို ဘယ်ကဲ့သို့ ပြသနည်း။ စိတ်နှိမ့်ချသောသူတစ်ဦးအတွက် ဤအရာသည် ဘယ်သို့ သောနည်းလမ်းများဖြင့် အရေးကြီးပါသနည်း။

(ဖေက် ၄း၂) သည် စိတ်နှိမ့်ချခြင်းသဘောကို နားလည်ရန် ကူညီသည့်ကျမ်းပိုဒ်တစ်ခုဖြစ်သည်။ (ရောမ ၁၂း၃) နှင့်မည်ကဲ့သို့ ဆက်သွယ်သည်ကိုသတိပြုပါ။ ခရစ်ယာန်များသည် ၎င်းတို့၏အသက် တာတွင် ဝါကြွားခြင်းနှင့်တစ်ကိုယ်ကောင်းဆန်ခြင်းမှ ကင်းမဲ့ရန်

ထိုကျမ်းပိုဒ် (၂) ပိုဒ်လုံးဖေါ်ပြထားသည်။ ဘယ်ခရစ်ယာန်မဆို ဘာအရာကိုဝါကြွားစရာမှုအကြောင်းရှိသနည်း။ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်ကြသည်။ အကယ်၍သာ သခင်ယေရှု ကျွန်ုပ်တို့အတွက် အသေမခံခဲ့သော် ကျွန်ုပ်တို့အားလုံး ထာဝရပျက်စီးခြင်းသို့ရောက်မည်သာဖြစ်မည်။ ကျွန်ုပ်တို့နှလုံးခုန်တိုင်း၊ အသက်ရှူတိုင်းဘုရားသခင်အပေါ်မှီခိုရ၏။ ထိုကြောင့် ဘာအတွက်ကြောင့် ဝါကြွားစရာအကြောင်းရှိသနည်း၊ ဘာမှုမရှိပါ။ ကျွန်ုပ်တို့ကို ကယ်တင်ရန် သခင်ယေရှုဘာပြုလုပ်ခဲ့သည်ကို စဉ်းစားသင့်သည်။ ထိုသို့ဖြစ်သော် ကျွန်ုပ်တို့ခရစ်ယာန်များသည် လောကတွင်အနူးညံ့ဆုံး၊ စိတ်အနှိမ့်ချဆုံးသောသူများဖြစ်မည်မှာအမှန်ပင်။

သင်သည် အရာခပ်သိမ်းဘုရားသခင်အပေါ် အမှီတံကဲပြုနေသည်ကို စဉ်းစားပါ။ ထိုကြောင့် သင်၏စိတ်နှလုံးထဲ၌ မာနနှင့် ဝါကြွားခြင်းသည် ဘယ်ကလာသနည်း။ သင်ဘယ်ကဲ့သို့စွန့်ပစ်လိုက်မည်နည်း။

**တနင်္လာ ဖေဖေါ်ဝါရီ ၂၂**

**စိတ်နှိမ့်ချခြင်း၏ပုံပမာများ။ (တော ၁၂:၃)။**

အာဗြဟံသည် သူ၏တူလောတနှင့် မြေခွဲဝေရန် ဆုံးဖြတ်သည့်အချိန်ကို ပြန်လည်သတိရပါ။ (က ၁၃:၈၊၉)။ အာဗြဟံ၏ အနာဂတ်သားသမီးများကို လူမျိုးကြီးဖြစ်စေမည်ဟု ဘုရားသခင် ကတိပေးထားခဲ့သည်ကိုလည်း ပြန်လည်သတိရပါ။ အာဗြဟံသည် သူ့အတွက် အကောင်းဆုံးကိုရွေးချယ်ရယူရန်၊ အကြောင်းပြရန်အချက်ကောင်းကောင်းရှိသည်။ သို့သော် အာဗြဟံသည် သူ၏တူလောတကို



ဦးစွာရွေးချယ်ရန် အခွင့်ပေးသည်။ ကျန်ရှိသည့်အရာကို အာဗြဟံ ယူမည်ဟုဆိုသည်။ ဤအချက်သည် စိတ်နှိမ့်ချခြင်း၏ပုံပမာမည်ကဲ့သို့ဖြစ်သနည်း။

ယောသကိုင်ငှး၏အစ်ကိုများအဲဂုတ္တုပြည်သို့ ကျွန်အဖြစ်ရောင်းစားလိုက်သည့်ပုံပြင်ကို လူတိုင်းလိုပင်သိသည်။ ယောသ၏ အစ်ကိုများ သူ့ထံသို့ရောက်ရှိလာသည့်အကြောင်းကို ပြန်ဖတ်ပါ။ ယောသသည် ယခုအခါ ဖါရောဘုရင်ပြီး အကြီးဆုံးသောသူဖြစ်နေပြီ။ သူ၏အစ်ကိုတို့သည် စားနပ်ရိက္ခာဝယ်ရန် တောင်းပန်လျက်ရှိသည်။ (က ၄၅) ကိုဖတ်ပါ။ သူ၏အစ်ကိုများကိုဆက်ဆံရာ၌ ယောသသည် ၎င်း၏စိတ်နှိမ့်ချခြင်းသဘောသည် သူ့အားဘယ်ကဲ့သို့ဩဇာသက်ရောက်စေပါသနည်း။ ယောသသည် စိတ်နှိမ့်ချသူတစ်ဦးမဟုတ်ဟုဆိုကြပါစို့။ ထိုသို့ဖြစ်လျှင် သူသည် ဘယ်ကဲ့သို့ပြုလုပ်လိမ့်မည်နည်း။ လောက၏သဘောထားအရ စိတ်နှိမ့်ချသောသူတို့၏ပုံပမာသည် (က ၅၀:၂၀) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

လူငယ်တစ်ဦးအနေဖြင့် ဒါဝိဒ်သည် ဣသရေလအမျိုးတို့၏ နောက်ဘုရင်တစ်ဦးဖြစ်ရန် ဘုရားသခင်သည် ရွေးချယ်ထားပြီးဖြစ်သည်။ ရှောလုမင်းသည် ဒါဝိဒ်အား အလွန်မနာလိုသောစိတ်ရှိသည်။ နှစ်ပေါင်းများစွာရှောလုသည် ဒါဝိဒ်ကိုလိုက်ပြီး မိမိလူတို့သည်လည်း ဒါဝိဒ်အားသတ်ရန် ကူညီလေသည်။ ဒါဝိဒ်သည် ရှောလုအားသတ်ရန် အခွင့် (၂) ကြိမ်ရရှိခဲ့သည်။ (၁ရာ ၂၄:၃-၇။ ၂၆:၇-၁၂)။ ဒါဝိဒ်သည် စိတ်နှိမ့်ချခြင်းမရှိခဲ့သော် ရှောလုကိုသတ်ရန် မည်သည့်ဆင်ခြင်မှုကိုပေးနိုင်မည်နည်း။ ကျွန်ုပ်တို့အကျိုးအလို့ငှာ အရာတစ်ခုကိုပြုလုပ်ရန် အဘယ်ကြောင့် ဝိညာဉ်ရေးဆင်ခြင်အသုံးပြုရန် လွယ်ကူပါသနည်း။

(တော ၁၂း၃) တွင် မောရှေသည် မြေကြီးပေါ်မှာရှိသော သူအပေါင်းတို့ထက် သာ၍နူးညံ့သိမ်မွေ့သောသဘောရှိ၏ဟုဆိုထား သည်ကိုတွေ့နိုင်သည်။ သို့သော် မောရှေ၏တစွတ်ထိုးလုပ်ဆောင် ချက်များသည် နူးညံ့သိမ်မွေ့သောသူဟု ပြဟန်မတူ။ ဣသရေလ အမျိုးကို အဲဂုတ္တုပြည်မှထွက်ခွာရန် ဖါရောဘုရင်အား တောင်းဆို သည့်အခါ ခွန်အားဖြင့်တောင်းဆိုချက်များကို လုပ်ဆောင်ခဲ့သည်။ ဣသရေလအမျိုးတို့သည် နွားသူငယ်ကိုရှိခိုးဝတ်ပြုသည့်အခါ မောရှေ ၏ဒေါသမီးသည် လောင်ကျွမ်းလေတော့သည်။ ထိုသို့လောင်စာမကုန်မီ မောရှေသည် နွားသူငယ်ကို မီးရှို့အမှုန့်ဖြစ်အောင်ထောင်းပြီး ဣသရေ လအမျိုးတို့ကို သောက်စေ၏။ (ထွက် ၃၂း၁၉၊၂၀)။ မောရှေ၏ နူးညံ့သိမ်မွေ့ခြင်းကို ဘယ်ကဲ့သို့နားလည်နိုင်မည်နည်း။

သခင်ယေရှုသည် နူးညံ့သိမ်မွေ့ခြင်း၏အကြီးမားဆုံးသော ပုံပမာဖြစ်၏ (မဿဲ ၁၁း၂၉)။ သခင်ယေရှု၏နူးညံ့သိမ်မွေ့ခြင်း သာဓကများအချို့ကိုဖော်ပြပါ။ (ယော ၁၈း၂၀-၂၃) တွင် သခင် ယေရှု၏နူးညံ့သိမ်မွေ့ခြင်းဘယ်ကဲ့သို့ပြသသနည်း။ (သို့မဟုတ်) မဿဲ ၂၆း၃၉။ တစ်ချိန်တည်းမှာပင် သခင်ယေရှုပြုလုပ်သည့်အရာများသည် နူးညံ့သိမ်မွေ့သည်ဟု ထင်ဖွယ်မရှိပါ။ သာဓကဖြင့် ဗိမာန်တော်ထဲ တွင် ငွေလဲသူများအား နှင်ထုတ်ခြင်းဖြစ်သည်။ သူတော်ကောင်း ဟန်ဆောင်သည့် ကြောင်သူတော်ဖါရိရှဲများနှင့် ဆက်ဆံပြောဆိုပုံ နှင့်အခြားသောပုံပမာများသည် နူးညံ့သိမ်မွေ့ခြင်းကို ဘယ်ကဲ့သို့ သောရဲရင့်သည့်နည်းနှင့်ပြသနည်း။



**အင်္ဂါ ဖေဖော်ဝါရီ ၂၃**

**စိတ်နှိမ့်ချခြင်း၏အရေးကြီးပုံ။ (ဇေဖနိ ၂း၃)။**

စိတ်နှိမ့်ချခြင်းသည် မာန်မာနထောင်လွှားခြင်း၏ဆန့်ကျင် ဘက်ဖြစ်သည်။ မိမိကိုယ်ကိုအထင်ကြီးကြောင်း ပြောဆိုမှုများကို ယနေ့ကြားနေကြရသည်။ သို့သော် ကိုယ့်ကိုကိုယ်အထင်ကြီးမှုလွန်ကဲ ပြီး မာန်မာနကြီးသူဘယ်ကဲ့သို့ဖြစ်လာသနည်း။

- ♦ နှုတ်တော်ထွက်တရားကို နူးညံ့သိမ်မွေ့သောစိတ်နှင့်ခံယူ ရရှိ (ယာကုပ် ၁း၂၁)။
- ♦ နူးညံ့သောသဘောသည် သက်သေခံရန် လိုအပ်သည် (၁ပေ ၃း၁၅)။

သူတစ်ပါးအပေါ် ဩဇာသက်ရောက်ရန် ကျွန်ုပ်တို့ပြောသည့် အရာများအပေါ်မူတည်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့မည်သူဖြစ်သည်ကို ပြခြင်းဖြင့် ပို၍အရေးကြီးသည်။ ကျွန်ုပ်တို့၏ယုံကြည်ချက်များကို လူများလက်ခံရန် ငြင်းဆန်တိုက်ခိုက်နိုင်မည်ဖြစ်၏။ သို့သော် ကိုယ်ကျိုးမဲ့သည့်အသက်တာ၏ချစ်ခြင်းကို ငြင်းခုံမည်မဟုတ်ပါ။ ခရစ်တော်၌သစ္စာရှိပြီး နူးညံ့သိမ်မွေ့သောအသက်တာသည် လောက ၌တန်ခိုးအရာတစ်ခုဖြစ်သည်။” E.G.White, DA. P. 142 မှ ကောက်နုတ်သည်။

- ♦ နူးညံ့သောသဘောသည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေသည်။ (၁ပေ ၃း၄)။

“အလှအပကိုကြိုက်နှစ်သက်ပြီး လိုချင်သောစိတ်ရှိသည်မှာ ကောင်းသောအရာဖြစ်၏။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘယ်သောအခါမျှမပျက်စီးနိုင်သောအလှအပကို ဦးစွာရှာရန် အလို

ဆန္ဒရှိသည်။ "နူးညံ့သိမ်မွေ့သောသဘော" "စင်ကြယ်သောပိတ်ချောဖြူ" ထက်တန်ဖိုးရှိပြီး လှပသောတန်ဆာဆင်ခြင်းမျိုးကိုရှာ၍ မတွေ့နိုင်ပါ။ (ဗျာ ၁၉း၁၄)။ ဤအရာများကို လောက၌သန့်ရှင်းသူတို့သည် ဝတ်ဆင်ကြမည်ဖြစ်၏။ ဤအဝတ်များသည် ၎င်းတို့အားလှပစေသည်သာမက ကောင်းကင်ဗိုလ်ခြေမင်း၏နန်းတော်ထဲသို့ဝင်ရန် လက်မှတ်လည်းဖြစ်၏။ "ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၏။ အဖြူဝတ်လျက် ငါနှင့်အတူသွားလာကြလိမ့်မည်။ အောင်မြင်သောသူသည် ဖြူသောအဝတ်ကိုဝတ်ဆင်လိမ့်မည်။" (ဗျာ ၃း၄)။ E.G. White, The Acts of the Apostles, pp. 523,524 မှ ကောက်နုတ်သည်။

ယုံကြည်သူခရစ်ယာန်တစ်ဦးသည် ပြင်ပ၌အလှအပကို ဆင်မြန်းပြီး စိတ်တွင်း၌ဝိညာဉ်အသီးကို ရှင်သန်ဖွံ့ဖြိုးရန် ကြိုးစားပြုလုပ်ခြင်းသည် ဘယ်ကဲ့သို့ကိုက်ညီမှုမရှိသနည်း။ သင်၏စိတ်အတွင်း၌နူးညံ့သိမ်မွေ့သောဝိညာဉ်အသီးကြီးထွားလာရာ သင်၏အသက်တာသည် ယခင်ကထက် ဘယ်ကဲ့သို့ခြားနားလာသနည်း။

## ဗုဒ္ဓဟူး ဖေဖော်ဝါရီ ၂၄

**စိတ်နှိမ့်ချခြင်း၏အသီးကိုလက်တွေ့ကျင့်သုံးခြင်း။ (မဿဲ ၅း၃၉)။**

စိတ်နှိမ့်ချခြင်းသဘောကို သူတစ်ပါးနှင့်မည်ကဲ့သို့ဆက်ဆံရာတွင် ဖော်ပြမည်ဖြစ်၏။ ကျွန်ုပ်တို့ပြောသည့်စကား၊ စိတ်သဘောထား၊ အပြုအမူတို့တွင် ဖော်ပြမည့်အရာများဖြစ်သည်။ သင့်ကိုယ်သင် စိတ်နှိမ့်ချသောသူဖြစ်သည်ဟုထင်မည်။ သို့သော် သင်သည် ထိုကဲ့သို့ အမှန်ဖြစ်မည်ကို မဆိုလိုပါ။ နှိမ့်ချသောစိတ်သဘောရှိရန် စိတ်နှိမ့်ချခြင်းကိုပြုရမည်။



(မဿဲ ၅း၃၉)။ ၁၈း၂၁၊၂၂။ ဂလာတိ ၆း၁။ ၂တိ ၂း၂၄၊၂၅။ တိတု ၃း၂။ ဖိလိပ္ပိ ၂း၂၊၃) တို့တွင် ကျွန်ုပ်တို့အသက်တာ၌ မည်ကဲ့သို့စိတ်နှိမ့်ချခြင်းကိုပြသသနည်း။ ဤအခြေအနေများတွင် အဘယ်ကြောင့်စိတ်နှိမ့်ချခြင်းသဘောသည် အလွန်အရေးကြီးပါသနည်း။

စိတ်နှိမ့်ချခြင်းသည် ခွန်အားနည်းခြင်းဖြစ်သည်ဟု လူအများကထင်မြင်ပြောဆိုကြသည်။ ဤသို့ကားမမှန်ပါ။ ယနေ့ဖတ်သည့်ကျမ်းပိုဒ်များကို ပြန်ဖတ်ပါ။ စိတ်နှိမ့်ချခြင်းပြရန် ဝိညာဉ်ခွန်အားလိုသည်ကိုသင်သတိထားမိပါသလား။ စိတ်နှိမ့်ချခြင်းသည် ဝိညာဉ်၏အသီးဖြစ်သည်မှာမှန်၏။ စိတ်နှိမ့်ချခြင်းသည် ဘုရားသခင်ထံမှလာခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်မှလာခြင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် နေ့စဉ်ဘုရားသခင်ထံအပ်နှံရန် လိုအပ်ပေသည်။ နေ့စဉ်ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် နားထောင်ရန်ဆန္ဒရှိဖို့လိုအပ်ပါသည်။ ဤသို့သောနည်းဖြင့်သာလျှင် ကျွန်ုပ်တို့၏အသက်တာတွင် စိတ်နှိမ့်ချခြင်းသဘောကိုပြနိုင်မည်ဖြစ်သည်။

## ကြာသပတေး ဖေဖော်ဝါရီ ၂၅

**နှိမ့်ချခြင်း၏ဆုလာဘ်။ (ဆာလံ ၂၅း၉)။**

"နှိမ့်ချခြင်းသည် ထူးဆန်းအံ့သြဖွယ်ရာဖြစ်၏။ သင်ရရှိပြီးဟုထင်သောအချိန်၌ သင်ဆုံးရှုံးခဲ့ပြီ" ဟု E.D. Hulse ဆိုသည့်ပုဂ္ဂိုလ်ကပြောသည်။

မြို့ငယ်တစ်ခုတွင် ၎င်း၏မြို့သူမြို့သားများအနက် အနှိမ့်ချဆုံးသောသူတစ်ဦးကို အသိအမှတ်ပြုပြီး ဆုချီးမြှင့်လိုသည်။ ၎င်းတို့၏

လူ့အဖွဲ့အစည်းငယ်တွင် စာရင်းကောက်သုံးသပ်လိုက်သောအခါ လူတစ်ဦးကိုရွေးချယ်ရရှိခဲ့သည်။ ထိုနောက် ဆုချီးမြှင့်ရန် အခမ်းအနားသို့အရေးပါသောပုဂ္ဂိုလ်များတက်ရောက်ကြပြီး ထိုသူကိုဖဲကြိုးဖြင့်ဆုချီးမြှင့်လိုက်သည်။ ထိုဖဲကြိုးပေါ်ရေးထားသည့်စာသားမှာ "ဤမြို့တွင်အနှိမ့်ချဆုံးပုဂ္ဂိုလ်" ဟုရေးထားသည်။ သို့သော် ထိုဆုကိုနောက်နေ့၌ ထိုသူထံမှပြန်လည်သိမ်းယူလိုက်ရသည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် ထိုဖဲကြိုးကို ရင်တွင်တပ်ကာဝါကြွားပြီးလမ်းပေါ်လျှောက်နေခြင်းကြောင့်ဖြစ်သည်ဟုဆိုသည်။

(ဆာလံ ၂၂:၂၆။ ၂၅:၉။ ၃၇:၁၁။ ၁၄၇:၆။ ဟေရှာယ ၂၉:၁၉။ မဿဲ ၅:၅) တို့တွင် ဖော်ပြထားသည့်ကတိတော်နှင့်ဆုလာဘ်စာရင်းကို သင်ဘယ်ကဲ့သို့နားလည်သနည်း။

ဤကျမ်းပိုဒ်များသည် နှစ်သက်ဖွယ်ကောင်းသည်။ အဘယ်ကြောင့်ဆိုသော် လူတို့သည် နှိမ့်ချသောသူတို့ကို အမြဲလိုပင်သူများထက်အသာစီးမှုရရှိခြင်းကြောင့်ဟုဆိုသည်။ သို့သော်ဤသင်ခန်းစာတွင် ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ နှိမ့်ချသောသူတို့သည် လူတို့ရှေ့တွင် ချီးမြှောက်ခြင်းခံရသည်ကို စိတ်ပူပန်ခြင်းမရှိပါ။ ထိုသို့ပြုမည့်အစားသူသည် ဘုရားသခင်ကိုချီးမြှောက်မည်သာဖြစ်၏။ ထို့ကြောင့် ဘုရားသခင်သည် နှိမ့်ချသောသူကိုဂုဏ်ပြုရန်ကတိတော်ရှိသည်။ ထိုဆုလာဘ်များသည် ယခု၌သော်လည်းကောင်း၊ ထာဝရကောင်းကင်နှင့်မြေကြီးသစ်တွင်လည်းကောင်း တွေ့ကြုံခံစားရမည်ဖြစ်၏။



**သောကြာ** **ဖေဖော်ဝါရီ ၂၆**

**ထပ်ဆင့်လေ့လာရန်။**

"ခရစ်တော်သည် ရတနာသိုက်ကဲ့သို့ နှလုံးသားထဲတွင်ဝှက်ထားရမည်မဟုတ်ပါ။ သူ့ကိုသိသောသူသည် သူ (ခရစ်တော်) အား လျှို့ဝှက်စွာထားရှိရန်မဟုတ်ပါ။ ကျွန်ုပ်တို့ထံမှ သူ့ကိုသိသောသူတို့နှင့် ကျွန်ုပ်တို့သည် လန်းဆန်းစေသည့်ထာဝရအသက်စမ်းရေကိုသော်လည်းကောင်း၊ ခရစ်တော်ကိုသော်လည်းကောင်း သူတစ်ပါးနှင့်ဝေငှရမည်ဖြစ်သည်။ ခရစ်တော်ကို ကျွန်ုပ်တို့သည် ရဲရင့်စွာနှင့်ပွင့်လင်းစွာဝန်ခံရမည်။ ကျွန်ုပ်တို့၏အကျင့်စရိုက်တွင် သူ၏နူးညံ့ခြင်း၊ နှိမ့်ချခြင်း၊ ချစ်ခြင်းကိုပြသရမည်ဖြစ်၍ လူတို့ကိုသူ၏သန့်ရှင်းသောလှပမှုဖြင့် သူ့ထံသို့ရယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်ခြင်းကိုရေမွှေးပုလင်းကဲ့သို့ သိမ်းဆည်းထားရန် အကောင်းဆုံးနည်းလမ်းမဟုတ်ပါ။ သူ၏မွှေးကြိုင်သောချစ်ခြင်း၏အနံ့သည် ပျံ့နှံ့သွားစေရန်ပုလင်း၏အဆို့ကို ပိတ်ထားခြင်းမပြုရန်ဖြစ်သည်။" E.G.White, Counsels on Health, p.400 မှကောက်နုတ်သည်။

"ခရစ်တော်၏ငြိမ်သက်ခြင်းကို ငွေဖြင့်ဝယ်၍မရရှိနိုင်၊ ထက်မြက်သောစွမ်းရည်လည်းမပိုင်၊ ပညာဉာဏ်နှင့်လည်းမရယူနိုင်ပါ။ ဘုရားသခင်ပေးသနားတော်မူသောလက်ဆောင်မွန်ဖြစ်သည်။ သန့်ရှင်းသောပညတ်တရားများကို နေ့စဉ်အသက်တာတွင်လိုက်လျှောက်ရန်ပျက်ကွက်ခဲ့သော် အလွန်မြင့်မြတ်သောခရစ်တော်

၏တရားကိုအကြီးအကျယ်ဆုံးရှုံးမည်ကို လူများနားလည်နိုင်ရန် ကျွန်ုပ်ဘယ်ကဲ့သို့ပြုလုပ်ရမည်နည်း။ ခရစ်တော်၏နှိမ့်ချခြင်းနှင့်နူးညံ့ခြင်းသဘောသည် ခရစ်ယာန်များ၏တန်ခိုးဖြစ်သည်။ လူ့အကြံအစည်များထက်လည်းကောင်း၊ ငွေဖြင့်တီထွင်ဝယ်ယူနိုင်သောအရာများထက်လည်းကောင်း ပို၍တန်ဖိုးကြီးလှပါသည်။ ငြိမ်သက်ခြင်းနှင့် ကျေးဇူးတော်ဖြင့် ပြည့်ဝသောစင်ကြယ်သည့်နှလုံးသားထက် ဘုရားသခင်ရှေ့တော်၌ တန်ဖိုးကြီးသော အဘယ်သောအရာမျှမရှိပါ။'' E.G. White, Counsel on Health, p. 403 မှ ကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၁၀)
## ဝိညာဉ်တော်၏အသီးကား ကိုယ်ကိုချုပ်တည်းခြင်းဖြစ်၏

ဖေဖော်ဝါရီ ၂၇ – မတ် ၅

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၂၇**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** တရားသူကြီး ၁၃–၁၆။ ၁ကော ၉း၂၄–၂၇။ ဖိလိပ္ပိ ၄း၈။ ကောလောသဲ ၃း၁–၁၀။ ဟေဗြဲ ၁၂း၁၊၂။ ၁ယော ၂း၁၅၊၁၆။

**အလွတ်ကျမ်းချက်**

**"သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏။" (၁ကော ၉း၂၇)။**

(ဂလာတိ ၅း၂၂၊၂၃) တွင် ပေါလုပြုစုထားသော ဝိညာဉ်၏အသီးတွင် ချုပ်တည်းခြင်းကို နောက်ဆုံးနေရာတွင် ဖော်ပြထားသည်ကိုတွေ့ရ၏။ သို့သော် နောက်ဆုံးနေရာတွင် ဖော်ပြသော်လည်း အရေးမကြီးဟုမဆိုလို။ ပထမနေရာတွင် အေးဆေးစွာထားရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အခြားသောဝိညာဉ်အသီးကြီးထွားရာ၌ ချုပ်တည်းခြင်းသည် အလွန်အရေးပါသည့်အခန်းကဏ္ဍတွင် ပါနေခြင်းကြောင့်ဖြစ်သည်။ ချုပ်တည်းခြင်းသည် အခြားသောဝိညာဉ်ကို အတူတကွပေါင်းစည်းထားသော 'ကော်' ဖြစ်သည့်အတွက်ကြောင့်ဖြစ်၏။

အခြားသောဝိညာဉ်များ၏အသီးနည်းတူ ချုပ်တည်းခြင်းသည် ကျေးဇူးတော်၏လက်ဆောင်ဖြစ်သည်။ လေ့ကျင့်သည့်ကျေးဇူးတော်ဟုလည်းခေါ်နိုင်သည်။ ကျေးဇူးတော်ဆိုသည်မှာ လွတ်လပ်ခြင်းကြောင့်ဖြစ်၏။ လေ့ကျင့်သည်ဆိုသည်မှာ ကျွန်ုပ်တို့လုပ်စရာရှိသည့်အတွက်ဖြစ်၏။

ကိုယ်ကိုချုပ်တည်းသည်ဟုဆိုရာ၌ အနုတ်သဘောဆောင်သည်ဟုထင်ရမည်။ သို့သော် ချုပ်တည်းခြင်းသည် ကျေးဇူးတော်၏အရေးကြီးသောအစိတ်အပိုင်းဖြစ်၏။ ကျွန်ုပ်တို့၏ခံစားချက်များ၊ အစားအသောက်၊ လိုအင်ဆန္ဒနှင့်မိမိကိုယ်ကိုမချုပ်တည်းနိုင်ပါက ၎င်းတို့သည် ကျွန်ုပ်တို့ကိုထိန်းချုပ်မည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် ကျေးဇူးတော်အောက်၌ကိုယ်ကိုချုပ်တည်းခြင်းကို ရွေးချယ်ရမည်ဖြစ်၏။ ထိုသို့မဟုတ်လျှင် ကျွန်ုပ်တို့သည် တစ်ပါးသောသူတစ်ဦး (သို့မဟုတ်) အရာတစ်ခု၏ထိန်းချုပ်မှုကို ခံရမည်ပင်ဖြစ်၏။ ကျွန်ုပ်တို့သာလျှင် ဆုံးဖြတ်ရမည်ဖြစ်၏။

**တနင်္ဂနွေ ဖေဖော်ဝါရီ ၂၈**

**ကိုယ်ကိုချုပ်တည်းခြင်း၏ပြဿနာ။ (ဖိလိပ္ပိ ၂း၁၂၊၁၃)။**

ကိုယ်ကိုချုပ်တည်းခြင်းဆိုသည်မှာ မိမိကိုယ်ကိုလေ့ကျင့်ခြင်း၊ စိတ်ခွန်အား၊ စိတ်စွမ်းရည်ဟုလည်းဆိုနိုင်သည်။ ဝိညာဉ်၏အသီးသည် မလုပ်ရန် တားမြစ်ထားသည့်အရာများကို မပြုလုပ်ရန် ခရစ်ယာန်များအား ကန့်သတ်ထားခြင်းထက်ပိုကောင်းသည်။ ကောင်းမည့်အရာကိုလုပ်ရန်လည်း ကျွန်ုပ်တို့ကိုကူညီသည်။



(၁ယော ၂း၁၅၊၁၆) တွင် ကျွန်ုပ်တို့ရှောင်ရန် တပ်မက်ခြင်း (၃) မျိုးကားအဘယ်နည်း။ ၎င်းတို့ကိုဖော်ပြပါ။ ပို၍အရေးကြီးသည်မှာကျွန်ုပ်တို့သတိမထားမိခဲ့သော် ကျွန်ုပ်တို့၏အသက်တာအတွင်း၌ ဘယ်ကဲ့သို့ပြသလာမည်နည်း။

(ဖိလိပ္ပိ ၄း၈) တွင် ခရစ်ယာန်အသက်တာတွင် အာရုံစိုက်ရမည့်အကျင့်များကား အဘယ်နည်း။ ၎င်းတို့ကိုဖော်ပြပါ။ ပေါလုပြောသည့်ဤအရာများကို ကျင့်ခြင်းဖြင့် (၁ယော ၂း၁၅၊၁၆) တွင် ဖော်ပြထားသောတပ်မက်ခြင်းများမှ ဘယ်ကဲ့သို့အကာအကွယ်ဖြစ်မည်နည်း။

ခရစ်ယာန်၏အသက်တာတွင် "ဆောင်ရန်၊ ရှောင်ရန်" များရှိသည်။ လောက၏အရာများ၊ ကိုယ်ခန္ဓာ၏တပ်မက်ခြင်းစသည်တို့ဖြင့် အစဉ်ရုန်းကန်နေရသည်။ ဤပြဿနာကိုပေါလု (ရောမ ၇း၁၅–၁၈) တွင်ဝေငှထားသည်။ သူလုပ်သင့်သည်အရာနှင့် စုံစမ်းခြင်းခံရသည့်အရာနှစ်ခုစပ်ကြား၌ ရုန်းကန်မှုအကြောင်းကို ပြောနေခြင်းဖြစ်၏။ သို့သော် (ရောမ ၈း၁၊၂) တွင် ပေါလုအဖြေပေးသည်။ "ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းနှင့်လွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှလည်းကောင်း၊ သေခြင်းတရား၏လက်မှလည်းကောင်း ငါ့ကိုကယ်လွှတ်ပြီ။"

ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်အောက်၌ ထိန်းချုပ်မှုကိုပြောဆိုနေခြင်းဖြစ်သည်။ ဝိညာဉ်ကင်းမဲ့သောအသက်တာ၌ ဝိညာဉ်အသီးကိုကြီးထွားရှင်သန်စေရန် မပြုလုပ်နိုင်ပါ။ ကျွန်ုပ်တို့လုပ်လိုသည့်

ဆန္ဒရှိသည်။ သို့သော် ပေါလုကျွန်ုပ်တို့အားလုံးကိုယ်စားပြောသည်မှာ ကျွန်ုပ်တို့တွင် တန်ခိုးမရှိဟုဆိုသည်။ (ရောမ ၇) တွင် ဖော်ပြသည့် ပြဿနာ၏အဖြေသည် ဘယ်အချိန်တွင် ထိုပြဿနာကို ကျော်လွှားရမည်မဟုတ်၊ ဘယ်ကဲ့သို့ကျော်လွှားရမည်သာဖြစ်၏။ 'ဘယ်ကဲ့သို့' ဆိုသည်မှာခရစ်တော်၌ ယုံကြည်ခြင်းတွင် တွေ့ရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကို ခရစ်တော်ထံအပ်နှံသည်။ သူ၏ဖြောင့်မတ်ခြင်းကိုခံယူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စီရင်ခြင်းအောက်တွင် မရှိတော့ပြီ။ ထိုနောက် ကျွန်ုပ်တို့ကိုယ်ကို သူ့ထံအပ်နှံပြီး ဝိညာဉ်တော်နှင့်အတူလျှောက်လှမ်းရန် ရွေးချယ်သည်။ သူ၏ဆန္ဒအတိုင်း လိုက်လျှောက်ရန် ရွေးချယ်သည်။ သူ၏အောင်မြင်ခြင်းကတိတော်များကိုလည်းခံယူသည်။ အရေးကြီးသည်မှာ ထိုကတိတော်များကို မလွှတ်တမ်းကိုင်စွဲထားရန်ဖြစ်သည်။ တန်ခိုးသည် ဤနေရာမှရရှိသည်။ ကျွန်ုပ်တို့တစ်ဦးတည်းလုပ်ယူ၍မရပါ။ အပြစ်ကိုဘုရားသခင်၏နာမ၌ကျော်လွှားနိုင်ရန် ကိုယ်ပိုင်ရွေးချယ်မှုကို ပြုလုပ်ရမည်ဖြစ်သည်။ ရန်းကန်ခြင်းသည် အထက်မှယုံကြည်ခြင်းကို ထောင်လိုက်လှမ်းယူရသကဲ့သို့ ခန္ဓာကိုတပ်မက်ခြင်း၏စုံစမ်းနှောင့်ယှက်ခြင်းကို အလျားလိုက်တိုက်ခိုက်ရမည်ဖြစ်၏။ နှစ်မျိုးစလုံးကို ကျွန်ုပ်တို့ပြုလုပ်ရန် လိုအပ်ပါသည်။

## တနင်္လာ မတ် ၁

## ယောသနှင့်ဖြောင့်မတ်ခြင်း၏ရေတိုအကျိုးကျေးဇူး။ (က ၃၉း၇–၂၀)။

ယောသပ်သည် ၎င်း၏အကိုများသစ္စာဖေါက်ကာ သူ့အားကျွန်အဖြစ်ရောင်းစားလိုက်သည်။ သူသည် ဘုရားသခင်၏အချစ်နှင့်



ယုယစောင်မခြင်းကို သံသယရှိရန် ကောင်းသည့်အကြောင်းပြချက်ရှိသည်။ ငယ်စဉ်ကလေးဘဝကပင် သူသည် ဘုရားသခင်၏ချစ်ခြင်းအကြောင်းကို သင်ကြားခဲ့သည်။ သို့သော် ယောသပ်သည် ဘုရားသခင်ကိုမမေ့ပါ။

အဘယ်ကြောင့် ယောသပ်သည် ထိုသို့ပြုလုပ်ရသည်ကို (က ၃၉း၇–၂၀) တွင် ဘယ်နေရာ၌ တွေ့ရှိနိုင်သနည်း။

ယောသပ်သည် စုံစမ်းနှောင့်ယှက်ခြင်းကို အရှုံးပေးရန် ငြင်းဆန်ခြင်းဖြင့် ဘယ်ကဲ့သို့ "ဆု" ချီးမြှင့်ခံရသနည်း။ ယောသပ်သည် မတရားစွပ်စွဲခြင်းကိုခံရပြီး အကျဉ်းထောင်ထဲကျခံရသည်။ သစ္စာရှိခြင်းအတွက် သူသည် ထိုအရာကိုရရှိခြင်းဖြစ်ပါသလား။

ဤအချက်ကိုသတိရရန် အရေးကြီးသည်။ အကယ်၍ကျွန်ုပ်တို့သည် မှန်သည့်အရာကို ခိုင်မြဲစွာပြုလုပ်ပါက ဤအသက်တာတွင် အကောင်းဖြစ်လာလိမ့်မည်ဟု အနက်အဓိပ္ပါယ်ရှိမည်လား။ အပြစ်ကို အလျှော့မပေးရန် ငြင်းဆန်ပြီး အပေးအယူမလုပ်သောသူတို့သည် သားမယားအိမ်ထောင်မိသားစုနှင့် ၎င်းတို့၏အသက်ပါဆုံးရှုံးသည့်သူများအကြောင်း ဘယ်ကဲ့သို့ပြောမည်နည်း။ ကျမ်းစာထဲတွင် ဥပမာများရှိသည်ကိုတွေ့နိုင်သည်။ ထိုကဲ့သို့အလားတူသောအတွေ့အကြုံကိုခံစားရသောသူတို့ကိုလည်း သင်သိကောင်းသိမည်ဖြစ်၏။ (သို့မဟုတ်) သင်ကိုယ်တိုင်ဖြတ်သန်းသွားခဲ့ရမည်ဖြစ်၏။ ယောသပ်သည် ထောင်ထဲတွင် သူ၏အသက်တာကုန်ဆုံးသွားမည်ဆိုပါစို့။ သူသည် အမှန်တရားကိုလုပ်ဦးမည်လော။

(ဂလာတိ ၆း၈) တွင် ကျွန်ုပ်တို့အား ဘာပြောသနည်း။ ထိုလူနှစ်စုသည် ဘယ်ကဲ့သို့ခြားနားသနည်း။ ဘယ်အရာသည် ဘာနှင့်

ဆန့်ကျင်သနည်း။ ကျွန်ုပ်တို့စိုက်သည့်အရာသည် အဘယ်ကြောင့် အလွန်အရေးကြီးသနည်း။ ယောသပ်သည် ရေတိုအကျိုးကျေးဇူး ဘယ်ကဲ့သို့ပင်ဖြစ်စေ ဘာကြောင့်အမှန်တရားကို လုပ်ရသည်ကို နားလည်ရန်ပေါလု၏ရေးသားချက်သည် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ ကူညီသနည်း။

## အင်္ဂါ မတ် ၂

## ရှံဆုန်နှင့်ကျရှုံးခြင်း၏အသီးများ။ (တရား ၁၃း၂၄၊၂၅)။

တရားသူကြီးမှတ်စာ ၁၃၊၁၆ ၌ရှံဆုန်၏ပုံပြင်အကြောင်းကို ကျမ်းစာတော်မြတ်မှဖော်ပြထားသည်။ ကျမ်းပိုဒ်များတွင် ကိုယ်ကိုကိုယ် ချုပ်တည်းခြင်းသဘောကိုဖတ်ပါ။ ရှံဆုန်၏ပုံပမာမှခွန်အားကြီးသည့် သင်ခန်းစာများကို ကျွန်ုပ်တို့သင်ယူနိုင်သည်။ ရှံဆုန်ကဲ့သို့စွမ်းရည်နှင့်ကတိတော်များစွာရရှိသောသူသည် အမှားကိုပြုလုပ်နိုင်သည်မှာ အလွန်ပင်ဝမ်းနည်းစရာပင်ဖြစ်သည်။

"ရှံဆုန်သည် ယောသပ်ရရှိသည့်ခွန်အားအရင်းအမြစ်နှင့်အတူ တူလိုပင်ရရှိခဲ့သည်။ ရှံဆုန်သည် အမှားသို့မဟုတ်အမှန်ကို သူသဘောရှိသည့်အတိုင်း ရွေးချယ်နိုင်သည်။ သို့သော် သူသည် ဘုရားသခင်၏ခွန်အားကိုကိုင်စွဲမည့်အစား အစိုးမရသည့်သူ့နှလုံးသား၏ဆန္ဒကို မိမိကိုယ်ကိုထိန်းချုပ်ခွင့်ပြုခဲ့သည်။ ရှံဆုန်၏အမှားအမှန်သဘောသည် ရောနှောသွားသည်။ ဘုရားသခင်သည် ရှံဆုန်အား ကြီးလေးသောတာဝန်၊ ဂုဏ်သတ္တိနှင့်အသုံးပြုရန် ရွေးနုတ်တော်မူခဲ့သည်။ သို့သော် သူသည် ဘုရားသခင်၏ပညတ်တရားများကို သင်ကြားနာခံပြီး မိမိကိုယ်ကိုချုပ်ထိန်းရန် ဦးစွာသင်ကြားရမည်ဖြစ်၏။ ယောသပ်သည်





ရွေးချယ်ခြင်းများကိုပြုလုပ်ရမည်။ အကောင်းနှင့်အဆိုးနှစ်ခုစလုံးကို သူရင်ဆိုင်ရ၏။ ယောသပ်သည် ဂုဏ်ရှိပြီး သန့်ရှင်းသောအသက်တာ (သို့မဟုတ်) ဒုစရိုက်လမ်းကို ရွေးချယ်နိုင်သည်။ သို့သော် သူသည် ဖြောင့်မတ်သောလမ်းကို ရွေးချယ်ခဲ့သည်။ ဘုရားသခင်သည်လည်း သဘောတူလက်ခံသည်။ ရှံဆုန်သည် အလားတူစုံစမ်းနှောင့်ယှက်ခြင်းမျိုးကို မိမိကိုယ်ကိုယူဆောင်လာခဲ့သည်။ သို့သော် သူ၏ဆန္ဒကိုသူ့အားထိန်းချုပ်ရန် အခွင့်ပေးခဲ့သည်။ ရှံဆုန်ရွေးချယ်သောလမ်းသည် အရှက်တကွဲအကျိုးနည်းပြီး သေခြင်းသို့ပို့ဆောင်ခဲ့သည်။ ရှံဆုန်၏အသက်တာနှင့်ယောသပ်၏အသက်တာတို့သည် အဘယ်မျှပင်ခြားနားပါသနည်း။" E.G.White, The SDA Bible Commentary, vol 2, p. 1007 မှကောက်နုတ်သည်။

ရှံဆုန်အကြောင်းမည်သည့် အရေးကြီးသည့်သတင်းစကားနှင့်သတိပေးချက်ကို (တရား ၁၃း၂၄၊၂၅) တွင် တွေ့ရှိနိုင်သနည်း။

ရှံဆုန်၌ကြီးကျယ်သောအလားအလာကောင်းများရှိသည်။ သို့သော် ကောင်းသောအရာအားလုံးကို ၎င်း၏ဆန္ဒဖြင့် ချုပ်ထိန်းစေခဲ့သည်။ သူ၏ပြဿနာသည် မည်မျှအမှန်တကယ်ဖြစ်သည်ကို ရန်းကန်ခြင်းမပြုပါ။ အကောင်းနှင့်အဆိုးအငြင်းပွားမှုပြဿနာကြီးသည် ပုံပမာမဟုတ်ပါ။ ခရစ်တော်နှင့်စာတန်တို့စပ်ကြားဖြစ်ပွားနေသည့် တိုက်ပွဲကိုဖော်ပြသည်။ ကောင်းကင်၌စစ်ဖြစ်ပွားနေခြင်းသာမဟုတ်၊ လူတိုင်း၏စိတ်နှလုံးထဲ၌လည်း တိုက်ပွဲဖြစ်လျက်ရှိသည်။ ခရစ်တော်သည် သူ၏အောင်မြင်ခြင်းကို လူတိုင်းအားဝေငှရန် လမ်းဖွင့်ထားပေးသည်။ ခရစ်တော်သည် ကျွန်ုပ်တို့အားလုံးအတွက် အောင်မြင်သည်မှာသေချာသည်။ သို့သော် သူ၏အောင်မြင်ခြင်းကို အချိန်တိုင်းရယူရန်

ရွေးချယ်ရမည်ဖြစ်၏။ ကျွန်ုပ်တို့၏ရွေးချယ်ခြင်းသည် ခရစ်တော်နှင့် စာတန်အကြား ဤအငြင်းပွားတိုက်ပွဲတွင် တစ်ဖက်ဖက်တွင် ပါဝင်ရန်ဆုံးဖြတ်ရမည်ဖြစ်၏။

သင်၏နှလုံးသားတွင် ဤအကောင်းနှင့်အဆိုးပဋိပက္ခအငြင်းပွားတိုက်ပွဲကို ဘယ်ကဲ့သို့တွေ့ကြုံခံစားရသနည်း။ ဘယ်ကဲ့သို့သော ရွေးချယ်မှုများကို သင်ပြုလုပ်နေသနည်း။ သင်ဘယ်ဘက်မှာအမှန်တကယ်ရှိသည်ကို ဤရွေးချယ်မှုများသည် သင့်အားဘယ်ကဲ့သို့ ပြောသနည်း။

## ဗုဒ္ဓဟူး မတ်၃

## ပေါလု၏ရှည်လျားသောအပြေးပြိုင်ပွဲ။ (၁ကော ၉း၂၄–၁၇)။

ကောရိန်သုအသင်းတော်သို့ ပေါလုရေးသောဩဝါဒစာများကို သေချာစွာဖတ်ပါ။ ဤကျမ်းပိုဒ်များတွင် ပေါလုသည် မိမိအကြောင်းနှင့်မိမိရန်းကန်မှုအကြောင်းတို့ကို မည်မျှပြောကြားနေသည်ကို သတိပြုပါ။ ပေါလုကဲ့သို့သစ္စာရှိသောခရစ်တော်ယာန်၊ ယုံကြည်ခြင်း၏လူ့ဘီလူးကြီးပင်လျှင် အသွေးအသားအပြစ်နှင့် မိမိကိုယ်ကိုရန်းကန်နေရသည်ကိုသိခြင်းဖြင့် ကျွန်ုပ်တို့နှစ်သိမ့်မှုရနိုင်ပါသည်။ ကျွန်ုပ်တို့သည်သာလျှင် တိုက်ပွဲနှင့်ရင်ဆိုင်နေခြင်းမဟုတ်ပါ။ ကောင်းကင်နိုင်ငံသည် သွေးသား၏စုံစမ်းနှောင့်ယှက်ခြင်းကို သိသောသူများနှင့် ပြည့်လျက်ရှိမည်ဖြစ်၏။

(၁ကော ၉း၂၄–၂၇) ပေါ်အခြေခံပြီး အောက်ပါမေးခွန်းများကိုဖြေဆိုပါ။



၁။ အပြစ်နှင့်မိမိကိုယ်ကို တိုက်ပွဲဝင်ရာ၌ ကျွန်ုပ်တို့အားလုံး ရန်းကန်ခြင်းကိုနားလည်နိုင်ရန် ပေါလုသည် မည်သည့်နှိုင်းယှဉ်မှုကိုအသုံးပြုသနည်း။ ပေါလုပြောနေသည့်အရာများနှင့် ပုံပမာများ၏အရေးကြီးသည့်ခြားနားမှုများကား အဘယ်နည်း။

၂။ ပေါလုပြေးနေသောပြေးပြိုင်ပွဲ၌ သူသည် မိမိကိုယ်ကိုဘယ်မျှ စိတ်ချယုံကြည်မှုရှိသနည်း။ ထိုယုံကြည်မှုသည် ဘယ်ကလာသနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့သည် ထိုကဲ့သို့သော ယုံကြည်ခြင်းမျိုးရှိသင့်သနည်း။

၃။ ပေါလုသည် မိမိကိုယ်ကိုစိတ်ချယုံကြည်မှုပြသည်။ ရှုံးနိမ့်နိုင်ခြေရှိသည်ကိုလည်း သူသိသည်။ ပေါလုဘယ်ကဲ့သို့ ဖော်ပြသနည်း။ ၎င်း၏အဖြေကား အဘယ်သို့ဖြစ်သနည်း။ ၎င်း၏အဖြေသည် ယခုအပတ်သင်ခန်းစာခေါင်းစဉ်နှင့် မည်ကဲ့သို့ဆီလျော်မှုရှိသနည်း။

## ကြာသပတေး မတ် ၄

## ကိုယ်ကိုချုပ်တည်းခြင်း၌ကြီးထွားခြင်း။ (ဟေဗြဲ ၁၂း၁)။

ဤနေရာတွင် ရှေ့ကလေ့လာခဲ့သည့်ပြေးပြိုင်ပွဲ၏နှိုင်းယှဉ်ခြင်းကို တစ်ဖန်အသုံးပြုသည်။ မည်သည့်အလေးများသည် သင့်အားအနောက်သို့ပြန်ဆွဲနေပါသနည်း။

(ကောလောသဲ ၃း၁–၁၀) သည် ခရစ်တော်၌ အသစ်သောလူအဖြစ် သန့်ရှင်းစွာနေထိုင်သောစည်းမျဉ်းများကိုပေးထားသည်။ ဤကျမ်းပိုဒ်များမှ ကျွန်ုပ်တို့၏အသက်တာတွင် မိမိကိုယ်ကိုချုပ်တည်း

ခြင်း၌ကြီးထွားလာရန် အရေးကြီးသည့်လုပ်ဆောင်ရမည့်အရာများပါရှိပါသည်။ မည်သည့်အရာများကို စာရင်းပြုစုထားသနည်း။ သင်၏အသက်တာ၌ ဘယ်ကဲ့သို့အသုံးပြုနိုင်သနည်း။ ကျွန်ုပ်တို့လွယ်ကူစွာဖိစီးနိုင်သောအပြစ်အပေါ် အောင်မြင်ခြင်းရရှိရန် ကျွန်ုပ်တို့ဘယ်ကဲ့သို့အသုံးပြုနိုင်သနည်း။

ကျွမ်းကျင်မှုတိုင်းကို လေ့ကျင့်ရမည်။ ကိုယ်ကိုချုပ်တည်းခြင်းသည် တစ်ရက်တည်းနှင့်မရရှိနိုင်ပါ။ တစ်ရက်ပြီးတစ်ရက်ကျွန်ုပ်တို့ကြိုးစားပြီး လေ့ကျင့်ရာ၌ အောင်မြင်ခြင်းရရှိနိုင်သကဲ့သို့ ရှုံးနိမ့်နိုင်သည်။ ထိထိမိမိရှိသကဲ့သို့ လွဲချော်သွားခြင်းလည်းရှိနိုင်သည်။ "ယုံကြည်ခြင်းနှင့်ဆိုင်၍ကောင်းသောတိုက်လှန်ခြင်းကိုပြုကြလော့။" (၁တိ ၆း၁၂)။ "ထိုသို့ဆိုသော် အကျိုးကိုခံရပြီး စုံလင်ခြင်းသို့ရောက်ရပြီဟု ငါမဆိုလို၊ အကြင်အကျိုးကိုပေးခြင်းငှာ ခရစ်တော်သည် ငါ့ကိုကိုင်ဖမ်းတော်မူ၏။ ထိုအကျိုးကိုကိုင်မိခြင်းငှာ ငါပြေး၍လိုက်သေး၏။" (ဖိလိပ္ပိ ၃း၁၂)။

သင်၏အားနည်းချက်များကိုစစ်ဆေးမည့်နေရာများတွင် သင့်ကိုယ်သင်မထားပါနှင့်။ ထိုသို့သောနေရာများသည် သင်၏လိုအင်ဆန္ဒများကို ထိန်းချုပ်ရန်ခက်ခဲသည့် စုံစမ်းနှောင့်ယှက်ခြင်း၏ပစ်ကွင်းထဲတွင်ရှိသည်။ ဒုစရိုက်ဟုအမြင်ရှိသောအရာခပ်သိမ်းကို ကျွန်ုပ်တို့ရှောင်ရှားရမည်ဖြစ်၏။ (၁သက် ၅း၂၂)။ ထိုသို့ပြုမည့်အစား "သခင်ယေရှုခရစ်ကို ယူတင်ဝတ်ဆောင်ကြလော့၊ ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှာ မကြံစည်ကြနှင့်။" (ရောမ ၁၃း၁၄)။



**သောကြာ** **မတ် ၅**

**ထပ်ဆင့်လေ့လာရန်။**

"E.G.White, ရေးသားသည့် "Patriarchs and Prophets "Samson" ကိုဖတ်ပါ။

"မာနော်ကိုဘုရားသခင်၏ကတိတော်သည် ၎င်း၏သားရှံဆုန်မွေးဖွားရာ၌ ပြည့်စုံခဲ့သည်။ ထိုသူငယ်ကြီးပြင်းလာသည့်အခါကြီးစွာသောကိုယ်ကာယခွန်အားရှိသည်မှာထင်ပေါ်သည်။ သို့သော်ဤသို့ဖြစ်ခြင်းသည် ရှံဆုန်၏ကိုယ်ခန္ဓာထွားကျိုင်းသန်မာမှုအပေါ်မူတည်သည်မဟုတ်။ နာဇရိလူဖြစ်ခြင်းကြောင့်ဖြစ်သည်။ ရှံဆုန်၏ဆံပင်ကိုမရိတ်ခြင်းအရာသည် နာဇရိအဓိဋ္ဌာန်၏လက္ခဏာဖြစ်သည်။ အကယ်၍သာရှံဆုန်သည် ၎င်း၏မိဘကဲ့သို့ ဘုရားသခင်၌သစ္စာရှိခဲ့သော် သူ၏အနာဂတ်သည် ပို၍ပျော်ရွှင်ဖွယ်ကောင်းပြီး မွန်မြတ်မည်ဖြစ်၏။ သို့သော် ရှံဆုန်သည် တစ်ပါးသောဘုရားတို့ကိုကိုးကွယ်သောသူတို့နှင့် မိတ်သဟာယဖွဲ့ခြင်းဖြင့် သူ့အားလမ်းလွဲစေခဲ့သည်။ ရှံဆုန်နေထိုင်သည့်ဇောရာမြို့သည် ဖိလိတ္တိပြည်နှင့်နီးသဖြင့်သူတို့နှင့်မိတ်ဖြစ်ကြ၏။ ရှံဆုန်အသက်ငယ်စဉ် သူ၏အသက်တာကိုမှောင်မည်းစေခဲ့သောမိန်းမများစွာတို့ကို ချစ်ကြိုက်ခဲ့သည်။ ဖိလိတ္တိအမျိုးတို့၏တိမနတ်မြို့တွင် ရှံဆုန်သည် မိန်းမတစ်ယောက်ကို စိတ်ဝင်စားခဲ့သည်။ ထိုမိန်းမကိုယူရန် စိတ်ဆုံးဖြတ်လိုက်သည်။ ဘုရားသခင်ကိုကြောက်ရွံ့သောသူ၏မိဘများသည် ထိုသို့မပြုရန် ကြိုးစားသော်လည်း ရှံဆုန်၏အဖြေကား "အလွန်နှစ်သက်ပါသည်" ဟု ပြောသည်။ မိဘများသည် လက်လျှော့လိုက်ရပြီး ထိုမိန်းမနှင့်ပေးစားလိုက်ရသည်။" E.G.White, PP, p.562 မှကောက်နုတ်သည်။

–၀–

## သင်ခန်းစာ (၁၁)
## ဝိညာဉ်တော်၏အသီးကားဖြောင့်မတ်ခြင်းဖြစ်၏

မတ် ၆ – ၁၂

**ဥပုသ်နေ့မွန်းလွဲပိုင်း** မတ် ၆

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** မဿဲ ၂၃း၂၅–၂၈။ ရောမ ၃း၂၈။ ၈း၄။ ၁၀း၃။ ဂလာတိ ၃း၆။ ၁ယော ၂း၃–၆။ ၅း၁–၃။

**အလွတ်ကျမ်းချက်**

**"ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ပြည်တော်ကို အမွေခံရကြလတ္တံ့။" (မဿဲ ၅း၆)။**

လွန်ခဲ့သောအပတ်၌ နဝမမြောက်ဝိညာဉ်တော်၏အသီးကို လေ့လာပြီးဖြစ်သည်။ (ဂလာတိ ၅း၂၂၊၂၃)။ လာမည့် (၂) ပတ်တွင် ဝိညာဉ်တော်၏နောက်ထပ်အသီး (၂) လုံး ကိုဆက်လက်သင်ကြားမည်ဖြစ်သည်။ "အလင်းတော်၏အကျိုးမူကား၊ အလုံးစုံသောကောင်းမွန်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သစ္စာစောင့်ခြင်းဖြစ်သတည်း။' (ဧဖက် ၅း၉)။ ဤကျမ်းပိုဒ်တွင် ပေါလုသည် 'ကောင်းမွန်ခြင်း' အကြောင်းပြောသည်။ သို့သော် ဖြောင့်မတ်ခြင်းနှင့်သစ္စာရှိခြင်းကိုလည်း ပေါင်းထည့်သည်။ 'ဖြောင့်မတ်ခြင်း' ၏အနက်အဓိပ္ပါယ်ကို ယခုအပတ်လေ့လာမည်ဖြစ်သည်။



ဖြောင့်မတ်ခြင်းကိုကျွန်ုပ်တို့နှစ်မျိုးနားလည်သည်။ ၁။ ခရစ်တော်ကျွန်ုပ်တို့အတွက်ပြုလုပ်ပေးသောဖြောင့်မတ်ခြင်းဖြစ်သည်။ (imparted righteousness) ၂။ သန့်ရှင်းသောဝိညာဉ်တော်မှကျွန်ုပ်တို့ကိုယ်တွင်း၌ ပြုလုပ်ပေးခြင်းဖြစ်သည်။ (imparted righteousness) ဤဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့ကိုသူ၏ပုံရိပ်ကဲ့သို့ပြောင်းလဲခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်း (၂) ပိုင်းရှိသော်လည်း အမှန်တကယ်မှာတစ်ခုတည်းသောဖြောင့်မတ်ခြင်းသာရှိသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြစ်သည်။ ဤဖြောင့်မတ်ခြင်းမရှိပါက ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရန် မြော်လင့်ခြင်းရှိနိုင်မည်မဟုတ်ပါ။

**တနင်္ဂနွေ** **မတ် ၇**

**ဖြောင့်မတ်ခြင်းသည်လိုအပ်သောအရာဖြစ်၏။ (မဿဲ ၆း၃၃)။**

(ရောမ ၃း၂၈။ ဆာလံ ၁၁း၇။ သု ၁၅း၉။ ၁ပေ ၂း၂၄။ ရောမ ၈း၄။ မဿဲ ၆း၃၃။ ၁ယော ၂း၂၉) ကိုဖတ်ပြီး အောက်ပါမေးခွန်းများကိုဖြေဆိုပါ။

* အကယ်၍ ပညတ်တရားသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့ကိုမသင့်မြတ်နိုင်ခဲ့သော် ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့ဖြောင့်မတ် (သန့်ရှင်း) နိုင်မည်နည်း။
* ဘုရားသခင်သည် အပြစ်ကိုမုန်းသည်။ သို့သော် အပြစ်သားကိုချစ်သည်။ ထိုကြောင့် မည်သည့်မှားသောဆုံးဖြတ်ချက် (ရွေးချယ်မှု) ကိုမပြုလုပ်ရမည်နည်း။
* ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းကို ဦးစွာရှာရသော် ကျွန်ုပ်တို့၏အသက်တာကို ဘယ်ကဲ့သို့ပြောင်းလဲသင့်သနည်း။

## တနင်္လာ မတ် ၈

## ကိုယ်တိုင်ပြုလုပ်သည့်ဖြောင့်မတ်ခြင်း။ (ရောမ ၁၀း၃)။

(ရောမ ၁၀း၃) တွင် ပေါလုဘာအကြောင်း ပြောဆိုနေသည်ဟုသင်ထင်သနည်း။ ဤသူများသည် အဘယ်သူများနည်း။ ဤသူများသည် မိမိ၏ဖြောင့်မတ်ခြင်းကို ဘယ်ကဲ့သို့တည်ဆောက်ရန်ကြိုးစားသနည်း။ သူတို့သည် လူသားတို့၏ဇာတိပကတိရှိကြောင်းကို ကျွန်ုပ်တို့သိသဖြင့် အဘယ်ကြောင့် မဖြစ်နိုင်သနည်း။

ကိုယ်တိုင်ပြုလုပ်ခြင်းဆိုသည်မှာ ကိုယ်တိုင်မိမိအိမ်ကိုပြုပြင်ခြင်း၊ သစ်ထည်တစ်ခုကို ကိုယ်တိုင်ပြုလုပ်ခြင်းကိုဆိုလိုသည်။ ထိုသို့ပြုလုပ်သောသူသည် ကျွမ်းကျင်မသင်တန်းများတက်ရောက်သင်ကြားပြီးသောသူများမဟုတ်ပါ။ ကိုယ်တိုင်ပြုလုပ်သောသူများဖြစ်သည်။ တစ်ခါတစ်ရံအောင်မြင်သောသူတို့ကို ကိုယ့်ကိုကိုယ်ပြုလုပ်သောသူများဟု ကျွန်ုပ်တို့မြင်သည်။ သို့သော် ကိုယ်တိုင်ပြုလုပ်သည့်ဖြောင့်မတ်ခြင်းသည် မဖြစ်နိုင်သောအရာဖြစ်သည်ဟု ကျမ်းစာတော်မြွက်ကဆိုသည်။ ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့ကိုယ်ကိုဖြောင့်မတ်ရန်ကျွန်ုပ်တို့ဘယ်ကဲ့သို့မျှမပြုလုပ်နိုင်ပါ။ "အကျွန်ုပ်တို့ရှိသမျှသည် စင်ကြယ်ခြင်းမရှိပါ။ ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည် ညစ်သောအဝတ်နှင့်တူကြပါ၏" (ဟေရှာ ၆၄း၆)။ ကိုယ်ကိုကိုယ်ဖြောင့်မတ်အောင်ကြိုးစားပြုလုပ်သောသူသည် မှားသောလမ်းသို့ မကြာခဏရောက်တတ်သည်။

မိမိကိုယ်ကိုဖြောင့်မတ်အောင်ပြုလုပ်သောသူတို့မှ ဖြစ်လာသောပြဿနာများကို (မဿဲ ၅း၂၀။ ၂၃း၂၅–၂၈) တွင် သခင်ယေရှုဘယ်ကဲ့သို့ဖော်ပြထားသနည်း။



ခရစ်ယာန်များနားလည်ရန် အရေးကြီးသောအရာတစ်ခုမှာ ၎င်းတို့၏ဖြောင့်မတ်ခြင်းအတွက် ခရစ်တော်အပေါ် အပြည့်အဝမှီခိုနေခြင်းဖြစ်ကြောင်း သိရှိရန်ဖြစ်သည်။ ဘုရားသခင်ရှေ့တော်၌ သူတို့အားသန့်ရှင်းအောင်ပြုလုပ်ခြင်းသည် ခရစ်တော်သူတို့အတွက် ပြုလုပ်ပေးခြင်းကြောင့်သာဖြစ်သည်။ သူတို့သည် ခရစ်တော်အတွက် ပြုလုပ်ခြင်းမဟုတ်ပါ။ ထိုအချက်ကိုမေ့လျော့နေပါက ထိုသူသည် မိမိကိုယ်ကိုဖြောင့်မတ်ရန်နှင့် ဝါကြွားရန်သွေးဆောင်ခြင်းကို ခံရမည်ဖြစ်သည်။ ဖါရိရှဲနှင့်ကျမ်းတတ်ပုဂ္ဂိုလ်များသည် ထိုကဲ့သို့ဖြစ်ခြင်း၏ပြည့်စုံသည့်ပုံပမာဖြစ်၏။ အခြားသူများသူတို့ကိုဘယ်ကဲ့သို့ထင်မြင်မည်ကို သူတို့သည် အလွန်စိုးရိမ်ပူပန်သည်။ အမှန်တကယ်အရေးကြီးသောအရာကိုသူတို့မေ့လျော့လျက်ရှိသည်။

ဖါရိရှဲနှင့်ကျမ်းတတ်တို့၏အပြစ်နည်းတူ ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့သောနည်းမျိုးဖြင့် အပြစ်ပြုလုပ်နိုင်ဖွယ်ရှိသည်။ ဤထောင်ချောက်သည်။ ကျွန်ုပ်တို့ထင်သည်ထက်ပို၍ ဖုံးကွယ်နေကြောင်းဘယ်ကဲ့သို့ဖြစ်နိုင်သနည်း။

## အင်္ဂါ မတ် ၉

## ခရစ်တော်ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်း။ (ရောမ ၅း၁၇)။

(ရောမ ၅း၁၇–၁၉) တွင် ပေါလုပြောနေသောအရာကိုသင့်စကားဖြင့် ပြန်ရေးပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စီရင်ခြင်းအောက်တွင် ဘယ်ကဲ့သို့ရှိသနည်း။ ကျွန်ုပ်တို့ဘယ်ကဲ့သို့ဖြောင့်မတ်ရာသို့ရောက်မည်နည်း။

(ဂလာတိ ၃း၆ နှင့် ယာကုပ် ၂း၂၃) အရ ခရစ်တော်၏ ဖြောင့်မတ်ခြင်းသည် ဆုကျေးဇူးဖြစ်သည်ဟုဆိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘယ်ကဲ့သို့ရယူနိုင်မည်နည်း။

(ရောမ ၅း၁၉) တွင် နားမထောင်ခြင်း (ပညတ်တော်ကို လွန်ကျူးခြင်း) နှင့်နားထောင်ခြင်း (ပညတ်တရားကိုလိုက်လျှောက်ခြင်း) ကိုသတိပြုပါ။ တစ်ယောက်သောသူ၏နားမထောင်ခြင်း (အာဒံ) သည် ကျွန်ုပ်တို့အားလုံးအပြစ်သို့ရောက်ကြပြီ။ ဤအရာသည် ကျမ်းစာ၏ အခြေခံသွန်သင်ချက်ဖြစ်သည်။ အာဒံ၏အပြစ်သည် လူသားများကို အပြစ်တွင်းထဲသို့ကျစေသည်။ နေ့စဉ်ကျွန်ုပ်တို့သည် ၎င်း၏အကျိုး ရလဒ်အောက်တွင် အသက်ရှင်နေထိုင်နေကြသည်။ မည်သူမျှမလွတ် ကင်းပါ။

သို့သော် ထိုကျမ်းပိုဒ်တွင်လည်း နားထောင်ခြင်းအကြောင်း ပြောနေသည်။ မည်သူ၏နားထောင်ခြင်းနည်း။ ခရစ်တော်သာဖြစ်၏။ သူတစ်ဦးတည်းသာလျှင် ကယ်တင်ခြင်းရရန်လိုအပ်သည့်ဖြောင့်မတ် ခြင်းရှိသည်။ ဘုရားသခင်၏ကြွယ်ဝသောကျေးဇူးတော်ကို လက်ခံ သောသူအားလုံးအတွက်ပေးသည့် ဖြောင့်မတ်ခြင်းဖြစ်၏။ (ရောမ ၅း၁၇)။ ဤကျမ်းပိုဒ်၌ပင် ဤကျေးဇူးတော်ကို လက်ခံရရှိသောသူတို့ သည် ဖြောင့်မတ်ခြင်းကျေးဇူးကိုလည်းရရှိမည်ဟု ပေါလုပြောသည်။ ကျေးဇူးလက်ဆောင်ဖြစ်ကြောင်း သတိပြုပါ။ ကျေးဇူးတော်အနေဖြင့် အဖိုးအခနှင့်မဟုတ်၊ ထိုက်တန်ခြင်းဖြင့်မဟုတ်ပါ။ အဖိုးအခဖြင လည်းကောင်း၊ ထိုက်တန်၍လည်းကောင်းဖြစ်သည်နှင့် တစ်ပြိုင်နက် ကျေးဇူးတော်မဟုတ်တော့ပါ။ (ရောမ ၄း၄)။



သို့သော် လူတိုင်းကိုအကန့်အသတ်မရှိပေးသောကျေးဇူးတော် မဟုတ်ပါ။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် လူတိုင်းကိုအလို အလျောက်ပေးသည်မဟုတ်။ လက်ခံရရှိသောသူများထံသို့ ကျေးဇူး တော်လာမည်ဖြစ်ကြောင်း ပေါလုပွင့်လင်းစွာပြောသည်။ အာဗြဟံ ကဲ့သို့ဘုရားသခင်ကို ယုံကြည်သောသူတို့သည် ယုံကြည်ခြင်းဖြင့် တောင်းခံသောသူတို့ကို ဖြောင့်မတ်ခြင်းဆုချီးမြှင့်မည်ဖြစ်၏။ (ဂလာတိ ၃း၆)။

## ဗုဒ္ဓဟူး မတ် ၁၀

## ဖြောင့်မတ်ခြင်းနှင့်နားထောင်ခြင်း။ (၁ယော ၂း၂၉)။

ကျွန်ုပ်တို့သည် ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် အကျွမ်းဝင် သည်။ သို့သော် ထိုဖြောင့်မတ်ခြင်းသည် ကျွန်ုပ်တို့၏အသက်တာတွင် ပြသရမည်ဖြစ်၏။ ဖြောင့်မတ်ခြင်းသည် လူနှင့်ဘုရားသခင်စပ်ကြား သဘောတူညီမှုယူထားခြင်းမဟုတ်ပါ။ ရရှိထားသောသူတစ်ဦး၏ အသက်တာ၌ အမှန်တကယ်ဖြစ်ပေါ်လာသည်။ ယောဟန်၏စကား ကိုအဘယ်မျှလောက် ကျွန်ုပ်တို့နားထောင်သင့်သနည်း။ "ချစ်သားတို့ သင်တို့ကိုအဘယ်သူမျှမလှည့်ဖြားစေနှင့် အကြင်သူသည် ဖြောင့်မတ် ခြင်းတရားကိုကျင့်၏။ ကိုယ်တော်ဖြောင့်မတ်သည်နည်းတူ ထိုသူသည် ဖြောင့်မတ်ခြင်းရှိ၏။" (၁ယော ၃း၇)။

ဖြောင့်မတ်ခြင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ဘယ်ကဲ့သို့ လှည့်ဖြားခြင်းခံနိုင်ဖွယ်ရှိသနည်း။

ဖြောင့်မတ်ခြင်းသည် နားထောင်ခြင်းနှင့်ချည်ထားသည့် ဝိညာဉ်တော်အသီးဖြစ်သည်။ တချို့သောသူများအတွက် နားထောင်

ခြင်းသည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရသည်မဟုတ်၊ တစ်ခါ တစ်ရံလူတစ်ဦးအား ဤသို့ပြောမည်။ "သင်သည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ပြီးဖြစ်တယ်။ အခု၊ သင်သည်သူ့ကို သင့်အသက်တာ၏သခင်ဟု လက်မခံဘူးလား။" ဤအချက်ကား ဘုရားသခင်၏အလိုတော်ကိုနားထောင်ခြင်းနှင့် ကယ်တင်ခြင်းသည် သီးခြားအရာနှစ်ခုဖြစ်ကြောင်း ထင်မြင်စေသည်။ ဤအရာသည် ကယ်တင်ခြင်းသည် မည်သည့်အရာဖြစ်သည်ကို မှားယွင်းစွာနားလည် ခြင်းဖြစ်သည်။ ဖြောင့်မတ်သောအသက်တာဖြင့် နေထိုင်ခြင်းသည် ကယ်တင်ခြင်းရရှိခြင်း၏ဟုတ်မှန်သောပုံပမာဖြစ်သည်။

(၁ယော ၂း၃-၆) ၌ယောဟန်ပြောလိုသည့်အချက်ကား အဘယ်နည်း။

အကယ်၍ ကျွန်ုပ်တို့သည် နားထောင်ခြင်းအကြောင်းကို ဆွေးနွေးသော် ကျွန်ုပ်တို့သည် အကျင့်အားဖြင့် ကယ်တင်ခြင်းရသည် မဟုတ်ဟု တစ်ဦးတစ်ယောက်ကပြောမည်။ သို့သော် ကျွန်ုပ်တို့သတိ ရရန်အချက်မှာ (Lucifer) လူစီဖာသည် ဘုရားသခင်၏အလိုတော် ကိုနားမထောင်ခြင်းအကြောင်းကြောင့် ကောင်းကင်မှနှင်ထုတ်ခြင်းကို ခံရသည့်အချက်ဖြစ်၏။ အာဒံနှင့်ဧဝကိုလည်း ထိုနည်းတူပြောနိုင် မည်။ သူတို့၏နားထောင်ခြင်းဖြင့် ၎င်းတို့အား ဧဒင်ဥယျာဉ်တွင် နေရန်အခွင့်ရသည်မဟုတ်ပါ။ သူတို့၏နားမထောင်ခြင်းအကြောင်း ကြောင့်သာလျှင် ဧဒင်ဥယျာဉ်မှနှင်ထုတ်ခြင်းကို ခံရခြင်းဖြစ်၏။

"ဖြောင့်မတ်ခြင်းသည် မှန်ကန်သည့်အရာကို ပြုလုပ်ခြင်း ဖြစ်သည်။ ၎င်းတို့၏လုပ်ဆောင်ချက်ဖြင့် တရားစီရင်ခြင်းခံရမည် ဖြစ်၏။ ကျွန်ုပ်တို့၏အကျင့်စရိုက်သည် ကျွန်ုပ်တို့၏အပြုအမူအားဖြင့် ပြသသည်။ အကျင့်သည် ယုံကြည်ခြင်းမှန်/မမှန်ဖြစ်သည်ကိုပြ သည်။" E.G.White, Christ Object Lesson, p. 312 မှ ကောက်နုတ်သည်။



သင်၏အသက်တာတွင် ဖြောင့်မတ်ခြင်းအသီးအဘယ်မျှ ကောင်းသည်ကိုပြသနည်း။ သင်၏အသက်တာတွင် ဖြောင့်မတ်ခြင်း အသီးရရှိရန် ရပ်တန့်ထားသည့်အရာများကို စွန့်လွှတ်ရန် ဘယ်ကဲ့ သို့ကျင့်ရန် လိုအပ်မည်နည်း။

**ကြာသပတေး** **မတ် ၁၁**

**ဖြောင့်မတ်သည့်အသက်တာ။ (၁ယော ၅း၁-၃)။**

ယောဟန်သည် ဘုရားသခင်၏ချစ်ခြင်း၊ ယုံကြည်သူအချင်း ချင်းချစ်ခြင်းနှင့်ပညတ်တရားစောင့်ခြင်းတို့ကို မည်ကဲ့သို့ဆက်စပ်ထား ရသနည်း။

"လူတစ်ဦးသည် တာဝန်အရ ဘုရားသခင်၏ပညတ်တရား များကိုစောင့်ခြင်းဖြင့် နားထောင်ခြင်း၏ဝမ်းမြောက်ခြင်းသို့ ဝင်စား ရမည်မဟုတ်။ ဘုရားသခင်၏လိုအပ်ချက်များသည် လေးလံသော တာဝန်များဖြစ်လာသော် ထိုအသက်တာသည် ခရစ်ယာန်အသက်တာ မဟုတ်ကြောင်း ကျွန်ုပ်တို့သိနိုင်မည်ဖြစ်၏။ ဖြောင့်မှန်သောနားထောင် ခြင်းသည် ခရစ်ယာန်တို့၏အတွင်း၌ စည်းမျဉ်းများ၏လုပ်ဆောင် ချက်ဖြစ်၏။ ဘုရားသခင်၏ပညတ်တော်ကိုချစ်ခြင်း၊ ဖြောင့်မတ်ခြင်း ကိုချစ်ခြင်းမှရရှိသည်။ ဖြောင့်မတ်ခြင်းအားလုံး၏သော့ချက်သည် ကယ်တင်ရှင်၌သစ္စာရှိခြင်းပင်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့ ကိုမှန်သောအရာသို့ ပို့ဆောင်မည်။ အဘယ်ကြောင့်ဆိုသော် မှန်ကန်

သောကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဖြောင့်မှန်သောအရာကိုပြုလုပ်ခြင်းသည် ဘုရားသခင်ကိုနှစ်သက်ကျေနပ်စေခြင်းကြောင့်ဖြစ်၏။” E.G.White, Christ Object Lesssons, pp. 97,98. မှကောက်နုတ်သည်။

ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် ကပ်တိုင်တွင် ကြီးစွာသောဆက်ကပ်ခြင်းကို စဉ်းစားခြင်းဖြင့် ပို၍ကောင်းသောဘုရားသခင်အားသစ္စာရှိရန် ဆန္ဒဖြစ်ပေါ်စေသည်။ အဘယ်သို့သောအခြားနည်းလမ်းမျိုးရှိနိုင်မည်နည်း။ ပညတ်တရားကိုစောင့်ရန် သူများအားပြောရန်တန်ခိုးမရှိပါ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုယ်စားအသေခံခြင်းနှင့်သခင်ယေရှုကိုညွှန်ပြခြင်းဖြင့် တန်ခိုးရရှိမည်ဖြစ်၏။ အပြစ်သားများ၏အပြစ်ကို သခင်ယေရှု၌ ခွင့်လွှတ်ခြင်းရရှိနိုင်ကြောင်းကို အသိပေးခြင်းဖြင့် တန်ခိုးရရှိမည်ဖြစ်၏။ ထိုနောက် ခရစ်တော်၏ဖြောင့်မတ်သောဝတ်ရုံတော်ဖြင့် ဘုရားသခင်ရှေ့တော်၌ ပြည့်စုံစွာရပ်တည်နိုင်မည်ကို ၎င်းတို့သိရှိရန် လိုအပ်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏အသက်တာကို ခွန်အားပေးမည့်အရာသည် ဘုရားသခင်ကိုချစ်ခြင်း (ငရဲကိုကြောက်ခြင်းမဟုတ်) ဖြစ်ရမည်။ ကပ်တိုင်ပေါ်နှင့် ၎င်းမှခံစားရရှိမည့်ကြွယ်ဝသောကတိတော်များအပေါ်အာရုံစိုက်ခြင်းထက် ပို၍ဘုရားသခင်အား ချစ်စေသောဘယ်အရာမျှရှိမည်မဟုတ်ပါ။

ဘုရားသခင်ကို သင်အမှန်တကယ်ချစ်ပါသလား။ ချစ်ခဲ့သော် ဘယ်ကဲ့သို့သိသနည်း။ (သင့်ကိုသင်လှည့်ဖြားနေပါသလား)။ ဤချစ်ခြင်းသည် မှန်ကန်ကြောင်း သင်၏အပြုအမူနှင့် အပြောအဆိုဖြင့်ဘယ်ကဲ့သို့ပြသနည်း။ ဤချစ်ခြင်းသည် မှန်ကန်ကြောင်း ဘာသက်သေရှိသနည်း။



**သောကြာ မတ် ၁၂**

**ထပ်ဆင့်လေ့လာရန်။**

ကျမ်းစာတော်မြတ်နှင့် သခင်ယေရှုသည် အတုအယောင်မဟုတ်ကြောင်း ယုံကြည်ခြင်းသည် လုံလောက်မှုမရှိသေးပါ။ သခင်ယေရှု၏နာမတော်တစ်ခုတည်းဖြင့် ကယ်တင်ခြင်းရရှိမည်ကို ယုံကြည်ခြင်းဖြစ်သည်။ သို့သော် တစ်ချိန်တည်း၌ပင် ယုံကြည်ခြင်းဖြင့် သူ့ကိုကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ပြုလုပ်ရန်မလုံလောက်သေးပါ။ ခရစ်တော်၏ယုံကြည်ခြင်းကိုခံယူပြီး ကျွန်ုပ်တို့၏နာမည်ကို အသင်းတော်စာရင်းတွင် ပါဝင်ခြင်းသည်လည်း လုံလောက်မှုမရှိသေးပါ။ “ပညတ်တော်တို့ကိုစောင့်သောသူတို့သည် ဘုရားသခင်၌တည်၏။ ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ ငါတို့အား ပေးတော်မူသောဝိညာဉ်တော်ကို ငါတို့သည်အမှီပြု၍ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကို သိရကြ၏။ (၁ယော ၃း၂၄)။ “ထိုသခင်ကိုကိုယ်တိုင်သိကျွမ်းသည်ကို အဘယ်သို့သိရသနည်းဟူမူကား ပညတ်တော်တို့ကိုစောင့်ရှောက်လျှင် သိရသတည်း။” (၁ယော ၂း၃)။ E.G. White, Christ Object Lessons, pp. 312,313 မှကောက်နုတ်သည်။

–ဝ–

## သင်ခန်းစာ (၁၂)
## ဝိညာဉ်တော်၏အသီးကားသမ္မာတရားဖြစ်၏

မတ် ၁၃ – ၁၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၁၃**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ဖြော ၂၅း၂။ ဆာလံ ၅၁း၁၇။ ယေရမိ ၂၉း၁၃။ ယောဟန် ၇း၁၆၊၁၇။ ၁၄း၆။ ၁၇း၃။ ဟေဗြဲ ၅း၁၄။

**အလွတ်ကျမ်းချက်**

**"ငါ့ကိုရှာသောအခါ စိတ်နှလုံးအကြွင်းမဲ့နှင့်ရှာလျှင် တွေ့ကြလိမ့်မည်။" (ယေရမိ ၂၉း၁၃)။**

ဂရိဘာသာစကားအရ အမှန်တရား (Aletheia) သည် အနက်အဓိပ္ပါယ်နှစ်မျိုးရှိသည်။ (objedtice truth) ဓမ္မဓိဋ္ဌာန်ကျသောအမှန်ဖြစ်ရပ်များ၊ စည်းမျဉ်းများဖြစ်သည်။ (Subjictine Truth) စိတ်ထဲ၌ရှိသောပုဂ္ဂိုလ်ရေးခံစားချက်၊ မုသားမှကင်းသည့်သဘော၊ အမှန်တရားသည် ကျွန်ုပ်တို့သိသည့်အရာ၊ ဓမ္မဓိဋ္ဌာန်ကျသည့် အကြောင်းအရာများဖြစ်သည်။ သို့သော်စိတ်ထဲ၌ရှိသောမုသားကင်းသည့်အမှန်တရားလည်းရှိသည်။ ကျွန်ုပ်တို့သင်ယူရရှိထားသော အကြောင်းအရာမှ ကျွန်ုပ်တို့တစ်ဦးချင်းဘယ်ကဲ့သို့ လိုက်လျှောက် ဖြေကြားသည်နှင့် ပါဝင်သက်ဆိုင်သည်။ ဤအရာနှစ်မျိုးလုံးကျွန်ုပ်





တို့၏အသက်တာတွင် အမှန်ရှိပါက ဓမ္မတရားကိုဝိညာဉ်တော်အသီးအဖြစ်ပြမည်ဖြစ်၏။

ထိုအကြောင်းကြောင့် ခရစ်ယာန်များလျှောက်လှမ်းခြင်းအရာ၌အမှန်တရား၏နှစ်ပိုင်းလုံးသည် အလွန်အရေးကြီးသည်။ သခင်ယေရှုခရစ်၌ရှိသည့် ဓမ္မဓိဋ္ဌာန်ကျသောအခြေခံဓမ္မတရားကို ကျွန်ုပ်တို့သိရှိရန်လိုအပ်သည်။ ထိုနောက်ကျွန်ုပ်တို့အသက်တာကို ပုဂ္ဂိုလ်ရေးခံစားချက်အတွေ့အကြုံဖြင့် ပြောင်းလဲသည့်ဓမ္မတရားကိုလည်း လိုအပ်သည်။

ယုဒလိုဆင်ခြင်ကြည့်ပါလေ။ သူသည် ခရစ်တော်နှင့်သုံးနှစ်ခွဲကျော်အတူနေခဲ့သည်။ ၎င်းအား အမှန်တရားကို မျိုးစုံပြသခဲ့ပြီးဖြစ်၏။ ခရစ်တော်၏အမှန်တကယ်အသက်တာကို တွေ့မြင်ပြီး ၎င်း၏အကြောင်းကို လေ့လာခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံးခရစ်တော်အကြောင်းကို ဖတ်ကြားသိရှိသည့်အရာများကို သူသည် ကိုယ်တိုင်တွေ့မြင်ခဲ့ရသည်။ သို့သော် နောက်ဆုံး၌သူ့အတွက် အဘယ်မျှကောင်းကျိုးပြုသနည်း။

ယုဒ၏ပုံသက်သေသည် ကျွန်ုပ်တို့အားလုံးကိုသတိရှိရန်ဖြစ်ပါစေ။

**တနင်္ဂနွေ** **မတ် ၁၄**

**ငါသည်––– သမ္မာတရားလည်းဖြစ်၏။ (ဟေဗြဲ ၁၄း၆)။**

(ယော ၁၄း၆) ကို သင်ထင်မြင်သည့်အတိုင်း ရှင်းလင်းပြီးစာပိုဒ်တစ်ပိုဒ်ရေးပါ။

အဆင့်တစ်ခုတွင် သမ္မာတရားသည် ပုဂ္ဂိုလ်ရေးခံစားချက်သဘောကိုစိန်ခေါ်သည့် ကျမ်းပိုဒ်ဖြစ်သည်။ ယနေ့လောကတွင်

ဤသဘောတရားသည် အလွန်ရေပန်းစားလျက်ရှိသည်။ သခင်ယေရှု၏စကားသည် အလွန်ရှင်းသည်။ "လူတိုင်းဘုရားသခင်ကိုမိမိလမ်းအတိုင်းရှာသည်" ဆိုသည့်အချက်မှာလုံးဝမရှိပါ။ ဤစကားများဖြင့် သခင်ယေရှုသည် ဓမ္မဓိဌာန်ကျသည့်သမ္မာတရားသည် အမှန်ဖြစ်ကြောင်းပြ၏။ ငါသည် သမ္မာတရားဖြစ်၏။ ပုဒ်မ။

တစ်ချိန်တည်း၌ပင် အခြားသောအပိုင်းတစ်ခုလုံးရှိသေးသည်။ သမ္မာတရားသည် လူပုဂ္ဂိုလ်ဖြစ်၏။ သမ္မာတရားကို လူပုဂ္ဂိုလ်နှင့်ဆက်ဆံခြင်းဖြင့် သိရှိရသည်။ သမ္မာတရားသည် သိရှိသည့်အကြောင်းအရာများသာဖြစ်သည်ဟူသောသဘောနှင့် အလွန်ခြားနားပါသည်။ သခင်ယေရှုသည် လူသားဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ ထို့ကြောင့် သင်သည်သမ္မာတရားကိုသိလိုသော် သခင်ယေရှုကိုသိရမည်ဖြစ်၏။

အထက်၌ရေးသားထားသောအရာများသည် (ယော ၁၇း၃) တွင် ခရစ်တော်ပြောသည့်စကားကို ကျွန်ုပ်တို့နားလည်စေရန် ဘယ်ကဲ့သို့ကူညီသနည်း။

ဘုရားသခင်နှင့်ဆက်ဆံခြင်းရှိသည်မှာ ဘာသာရေးဖြစ်သည်ဆိုသည့်သဘောကို ကျွန်ုပ်တို့သတိထားရမည်ဖြစ်သည်။ လူတိုင်းည် ဘုရားသခင်နှင့်တစ်နည်းမဟုတ်တစ်နည်းဖြင့် ဆက်ဆံမှုရှိသည်။ ဘုရားသခင်သည် အမှန်တကယ်ရှိသည်ကို ငြင်းဆန်သောသူတို့သည် သူနှင့်ဆက်ဆံမှုရှိသည်။ ပိလတ်မင်းသည် သခင်ယေရှုနှင့်ဆက်ဆံခဲ့သည်။ ယဇ်ပုရောဟိတ်မင်းကယာဖလည်း ထိုနည်းငင်းပင်။ မာရ်နတ်ပင်လျှင် ခရစ်တော်နှင့်ဆက်ဆံခြင်းရှိခဲ့သည်။ ဧဝံဂေလိတရားသည် သခင်ယေရှုနှင့်ဆက်ဆံရန် ကျွန်ုပ်တို့ကိုမတောင်းဆိုပါ။ သို့သော်



သူ့အားဆက်ကပ်ရန်သာ အလိုရှိသည်။ သာဓကဖြင့် နိကောဒင်သည် သခင်ယေရှုနှင့်ဆက်ဆံမှုရှိသည်။ အချိန်ကုန်လွန်သွားသည်နှင့် နိကောဒင်သည် သူ၏အသက်တစ်ခုလုံးကို ခရစ်တော်ကိုအပ်နှံခဲ့သည်။ ထိုကဲ့သို့ဆက်ဆံခြင်းသည် ကျွန်ုပ်တို့အားလုံးလိုအပ်ပါသည်။

သင်သည် သခင်ယေရှုနှင့် ဆက်ဆံခြင်းရှိသည်မှာ မေးရန်မရှိပါ။ မေးရန်ရှိသည်မှာ ဘယ်ကဲ့သို့သောဆက်ဆံမှုမျိုးရှိသနည်း။ ထိုနောက်ပို၍ကောင်းမွန်အောင်ဘယ်ကဲ့သို့ပြုလုပ်မည်နည်း။

**တနင်္လာ မတ် ၁၅**

**သမ္မာတရားနှင့်ဝိညာဉ်တော်။ (ယော ၁၆း၁၃)။**

သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် ကျွန်ုပ်တို့ကို ခရစ်တော်ကိုညွှန်ပြပြီး ၎င်း၌တည်ရှိရန်ဖြစ်ကြောင်း ယမန်နေ့ကလေ့လာခဲ့သည်။ "ခမည်းတော်ထံမှထွက်လာ၍ သမ္မာတရားနှင့်ပြည့်စုံသော၊ ဝိညာဉ်တော်တည်းဟူသော ခမည်းတော်ထံမှသင်တို့ဆီသို့ငါစေလွှတ်လတ္တံ့သောဥပဇ္ဈာယ်ဆရာသည် ရောက်လာသောအခါ ငါ၏အကြောင်းကိုသက်သေခံလိမ့်မည်။ (ယော ၁၅း၂၆)။

ဤခွန်အားကြီးသောပညာစကားများကို စဉ်းစားပါ။ "သန့်ရှင်းသောဝိညာဉ်တော်၏ဆက်လက်ဦးဆောင်မှုနှင့် ကူညီမှုမပါဘဲနှုတ်စကားတော်ကိုဟောကြားခြင်းသည် အလဟသဖြစ်မည်သာတည်း။ သူသည် ဘုရားသခင်၏သမ္မာတရားတော်ကို သွန်သင်သည့်တစ်ဦးတည်းသောအကောင်းဆုံးဆရာဖြစ်သည်။ ဝိညာဉ်တော်အားဖြင့်နှလုံးသားအတွင်းသို့ သမ္မာတရားဝင်ရောက်သည့်အခါကျမှသာလျှင်အသိစိတ်ကိုနိုးကြားပြီး အသက်တာကိုပြောင်းလဲစေမည်ဖြစ်သည်။

လူတစ်ဦးသည် ဘုရားသခင်၏နှုတ်စကားတော် (ကျမ်းစာ) ကို သွန်သင်နိုင်မည်ဖြစ်၏။ သူသည် မိန့်မှာချက်များနှင့် ကတိတော်များအားလုံးကို ရှိမည်ဖြစ်၏။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာတရားကို ထိရောက်စွာနှလုံးသားကို ရိုက်ခတ်ခြင်းမရှိခဲ့သော် ဘယ်သူ၏စိတ်နှလုံးကိုမျှ ကျောက်ပေါ်သို့ကျရောက်စေပြီး ပြိုကွဲအောင်ပြုလုပ်နိုင်မည်မဟုတ်ပါ။" E.G.White, DA. pp. 671, 672 မှကောက်နုတ်သည်။

E.G.White သည် သန့်ရှင်းသောဝိညာဉ်တော်အလုပ်၏ အရေးကြီးကြောင်းကို ဘယ်ကဲ့သို့ပြုလုပ်သနည်း။

သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်တွင် ဓမ္မဓိဌာန်ကျသောရည်မှန်းချက်နှင့်စိတ်ထဲ၌ရှိသောပုဂ္ဂိုလ်ရေးခံစားချက်နှစ်မျိုးလုံးကိုတွေ့ရှိနိုင်သည်။ ဝိညာဉ်တော်ကြွလာပြီး သခင်ယေရှုအကြောင်းပြောသည်။ သတိပေးစကားပြောသည်။ "ဥပဓ္ဓျာယ်ဆရာသည် ရောက်လာလျှင် ဒုစရိုက်အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း လောကသားတို့အား ထင်ရှားစွာဖော်ပြမည်။" (ယော ၁၆း၈)။ ဤအကြောင်းအချက်များသည် ဘုရားသခင်နှင့်လောက၏အကြောင်းဖြစ်၏။ တစ်ချိန်တည်းမှာပင် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် ဤသမ္မာတရားကို သွန်သင်ပြီးရပ်တန့်၍နေသည်မဟုတ်။ ၎င်းတို့၏အနက်အဓိပ္ပါယ်ကိုနားလည်ပြီး ကျွန်ုပ်တို့၏အသက်တာကို ပြောင်းလဲရန်လိုအပ်သည်။ ကျွန်ုပ်တို့အသက်တာသည် မပြောင်းလဲခဲ့သော် ဤရည်မှန်းချက်များနှင့် သမ္မာတရားသည် မည်သည့်ကောင်းကျိုးမှဖြစ်ထွန်းမည်မဟုတ်ပါ။ E.G.White ၏ပြောဆိုချက်အရ ဝိညာဉ်တော်၏အလုပ်သည်



ကျောက်ပေါ်တွင် ကျွန်ုပ်တို့ကျိုးပဲ့ကြေမွသောနှလုံးဖြစ်စေရန်ဖြစ်၏။ (ဆာလံ ၅၁း၁၇)။

**အင်္ဂါ မတ် ၁၆**

**စိတ်နှလုံးအကြွင်းမဲ့။ (ယေရမိ ၂၉း၁၃)။**

စိတ်နှလုံးအကြွင်းမဲ့ဆိုသည်မှာ နှုတ်ဖြင့်သော်လည်းကောင်း၊ အလုပ်ဖြင့်သော်လည်းကောင်း၊ စစ်မှန်သောရိုးဖြောင့်ခြင်းကိုဆိုလိုသည်။ မရိုးသားသောပန်းပုဆရာများသည် ၎င်းတို့ထုလုပ်သည့်အရာများ၏အက်ကြောင်းများ၊ အပြစ်အနာအဆာများတွင် ဖရောင်းများဖြင့်လျှို့ဝှက်စွာဖြည့်ဆည်းခြင်းကို ပြုလုပ်ကြသည်။ သို့သော် ထိုဖရောင်းများသည် ကြာရှည်စွာမခံပါ။ စစ်မှန်ရိုးဖြောင့်ခြင်းဆိုသည်မှာ မှန်ကန်ရမည်ဖြစ်၏ 'နှလုံးသားမှ' အဓိပ္ပါယ်ရှိစွာဖြင့် ပြောဆိုလုပ်ဆောင်ခြင်းဖြစ်သည်။

(၂ကော ၂၅း၂) သည် ဘာကိုဆိုလိုသနည်း။ ကျွန်ုပ်တို့အတွင်း၌ရှိသည့်အကြောင်း ဘယ်ကဲ့သို့အရေးကြီးကြောင်း ညွှန်ပြသနည်း။

လူ၏လုပ်ဆောင်ချက်များသည် ရိုးသားဖြောင့်မှန်ရမည်သာဖြစ်သည်။ တစ်ခါတစ်ရံလူတစ်ဦးသည် မှားယွင်းသောအကြောင်းများအတွက် မှန်သည့်လုပ်ဆောင်ချက်များပြုလုပ်နိုင်မည်မှာ ဖြစ်နိုင်ဖွယ်ရှိသည်။ မိမိကိုယ်ကိုသော်လည်းကောင်း၊ အခြားသူများကိုသော်လည်းကောင်း ကျွန်ုပ်တို့သည် အချိန်တိုင်းလိမ်လည်ကောင်းလိမ်လည်နိုင်မည်ဖြစ်၏။ သို့သော် ဘုရားသခင်ကို ကျွန်ုပ်တို့ဘယ်သောအချိန်မှ လိမ်နိုင်မည်မဟုတ်ပါ။ ဒါဝိဒ်မင်းကြီးသည် ၎င်း၏သား

အတွက် ဆုတောင်းရာ၌ သူလိုလားသည့်ပထမဦးဆုံးအချက်သည် "စုံလင်သောစိတ်နှလုံးကို ပေးသနားတော်မူပါ" ဟုဆိုသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ရိုးသားဖြောင့်မတ်ခြင်းသည် အရေးကြီး၏။ အဘယ်ကြောင့်ဆိုသော် မရိုးသားသောသူတစ်ဦး၏စိတ်နှလုံးသည် ဖြောင့်မှန်သောအရာ၌ အပ်နှံထားခြင်းမရှိခြင်းကြောင့်တည်း။ ထိုနောက်သူသည် စိတ်နှစ်ခွရှိသောသူဖြစ်၏။ ထိုသို့သောသူတို့ကို အရာတစ်ခုသည် ဆွဲကိုင်ထားလျက်ရှိသည်။ သူသည် ၎င်း၏နှလုံးသားကို ဘုရားသခင်၌သစ္စာရှိရန် လုပ်ဆောင်ခွင့်မပေးမခြင်း သူသည် ဘုရားသခင်ရှေ့၌ စုံလင်သောစိတ်နှလုံးရှိမည်မဟုတ်ပါ။ သော့ချက်မှာဘုရားသခင်အား လုံးလုံးဆက်ကပ်အပ်နှံရန်ဖြစ်သည်။ သူသည် မိမိကိုယ်ကိုလုံးလုံး စွန့်လွှတ်ရမည်။ လွယ်မည်မဟုတ်ပါ။ ထိုသို့ဖြစ်ရန် သင်သည် ကျောက်ပေါ်၌ကျိုးပဲ့ကြေမွရန် လိုအပ်မည်ဖြစ်၏။

သင်၏ယုံကြည်ခြင်း၌ သင်မည်မျှရိုးသားစစ်မှန်မှုရှိသနည်း။ တစ်ခါတစ်ရံသင့်မှာရှိသော ယုံမှားသံသယဖြစ်မှုအကြောင်းကိုပြောနေခြင်းမဟုတ်ပါ။ (သို့မဟုတ်) အဖြေမရှိသည့်မေးခွန်းများအကြောင်း ပြောနေခြင်းမဟုတ်ပါ။ (လူတိုင်းတစ်ချိန်တစ်ခါတွင် ယုံမှားသံသယဖြစ်မှုနှင့် အဖြေမရသည့်မေးခွန်းများရှိမည်ဖြစ်သည်။) အပြစ်နှင့် ရုန်းကန်ခြင်းအကြောင်းကို ပြောနေခြင်းလည်းမဟုတ်ပါ။ သင်၏ စိတ်နှလုံးသားအကြောင်းပြောခြင်းဖြစ်သည်။ ဘုရားသခင်ကို အပြည့်အဝသစ္စာရှိပါသလား။ သူ့ရှေ့၌စုံလင်သလော။ သို့တည်းမဟုတ် ဘုရားသခင်နှင့်လောကနှစ်ခုကြားတွင်ကွဲပြား၍ ရှိနေသလော။ သင်၏စိတ်သည် လောကတွင်ရှိနေပါက ဘယ်ကဲ့သို့သောရွေးချယ်မှုကို ပြုလုပ်ရမည်နည်း။



**ဗုဒ္ဓဟူး** **မတ် ၁၇**

**"ဩတ္တပ္ပစိတ်တွင်သံပူနှင့်ခတ်ခြင်း။" (၁တိ ၄း၂)။**

ယခင်အပတ်၌ ကျမ်းပြုဆရာနှင့်ဖါရိရှဲတို့၏အတုအယောင်ဖြောင့်မတ်ခြင်းကို သခင်ယေရှုၓင်းတို့အား ရင့်သီးစွာပြောဆိုခဲ့သည့်အကြောင်းကိုလေ့လာခဲ့ပြီးဖြစ်သည်။ (မဿဲ ၂၃း၂၇)။ သူတော်ကောင်းဟန်ဆောင်သည့်ကြောင်သူတော်များဟု သခင်ယေရှုၓင်းတို့ကိုခေါ်သည်။ သူတို့သည် သရုပ်ဆောင်သည့်ရုပ်ရှင်မင်းသားများကဲ့သို့ဖြစ်သည်။ ၎င်းတို့၏လျှို့ဝှက်အပြစ်များနှင့် အတွင်းစိတ်အကြံအစည်များကို သခင်ယေရှုမြင်နိုင်ကြောင်း သူတို့အားသိစေသည်။ သခင်ယေရှုသူတို့အား ဤကဲ့သို့ပြောသည်နှင့်တူသည်။ "မင်းတို့စိတ်ထဲမှာရှိတာတခြား၊ မင်းတို့လုပ်တာကတခြား၊ ပြဇာတ်မှာသရုပ်ဆောင်နေသလိုလုပ်နေကြတယ်။ မင်းတို့တွေဟာ မဖြောင့်မှန်နိုင်ဘူးလား" အခြားတစ်ချိန်၌ သခင်ယေရှုဤသို့ပြောသည်။ "ဟေရှာယပြောသည်မှာမှန်၏။ ၎င်းတို့ကိုကောင်းဟန်ဆောင်သောသူများဟုကြိုဟောခဲ့သည်။ "ဟေရှာယသည် လျှို့ဝှက်သောသင်တို့ကို ရည်မှတ်လျက် ဤလူမျိုးသည် နှုတ်ခမ်းနှင့်ငါ့ကိုရိုသေကြ၏။ စိတ်နှလုံးမူကား ငါနှင့်ဝေးလှ၏။" (မာကု ၇း၆)။ သခင်ယေရှုဆိုလိုသည်မှာ အလွန်ရှင်း၏။

(၁တိ ၄း၂ နှင့် တိတု ၁း၁၅) တွင် မည်သည့်အရေးကြီးသောအချက်ကို ပေါလုပြောနေသနည်း။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်ထိတွေ့ရန် ကြိုးစားသည့်နေရာသည် ကျွန်ုပ်တို့၏ 'ဩတ္တပ္ပစိတ်' တွင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အမှားကိုဆက်လက်ပြုလုပ်နေခဲ့သော် ဘာဖြစ်လာနိုင်သနည်း။

ကျွန်ုပ်တို့သည် ဒုစရိုက်မကောင်းမှု၌ ဆက်လက်လုပ်ဆောင်နေလေ၊ သမ္မာတရားမှပို၍လွဲသွားလေဖြစ်မည်။ တစ်ဖန် သင်သည် ကယ်တင်ခြင်းရရန်အတွက် လိုအပ်သည်ထက် ပို၍အသိဉာဏ်ရှိမည်ဖြစ်၏။ သို့သော် ဝမ်းနည်းစွာဖြင့် ကယ်တင်ခြင်းရရှိရန် ဓမ္မဓိဋ္ဌာန်ကျသည့်သမ္မာတရားကို လိုသည်ထက်ပို၍ သိသောသူတို့သည် ပျောက်ဆုံးခြင်းသို့ရောက်မည်ဖြစ်သည်။ ထိုကြောင့် ဓမ္မဓိဋ္ဌာန်ကျသော သမ္မာတရားတစ်ခုသာလျှင် ဝိညာဉ်၏အသီးမဟုတ်။ ကျွန်ုပ်တို့အသက်တာတွင် ပြသောသမ္မာတရားသည် ကျွန်ုပ်တို့ပြသရန်နှင့် လိုအပ်သောအသီးဖြစ်၏။

(ဟေဗြဲ ၅း၁၄ နှင့် ယော ၇း၁၆၊၁၇) အရ သမ္မာတရား၏သဘောသည် ဝိညာဉ်တော်အသီးအဖြစ် ကျွန်ုပ်တို့နားလည်နိုင်ရန် ဘယ်ကဲ့သို့ဆိုသနည်း။ သင်၏ 'သံပူခတ်သည့်သြတ္တပ္ပစိတ်' အတွေ့အကြုံကား အဘယ်နည်း။ သတိရှိသောစိတ်ကို သတိမရှိစေရန်ဖြစ်ဖို့အဘယ်မျှလောက်ကြာမြင့်သနည်း။ အဘယ်ကြောင့် ထိုကဲ့သို့ဖြစ်ရသနည်း။ အဘယ်ကြောင့် ထိုအတွေ့အကြုံသည် ဝိညာဉ်ရေးအရအန္တရာယ်ရှိပါသနည်း။

## ကြာသပတေး မတ် ၁၈

### သမ္မာတရား၌ကျင်လည်ခြင်း။ (၂ယော ၄)။

သခင်ယေရှုနှင့်ကယ်တင်ခြင်းရရှိရန် ဆက်ဆံရေးသည် မည်ကဲ့သို့အနက်အဓိပ္ပါယ်ရှိသည်ကို (၂ယော ၄ နှင့် ၁ယော ၁း၆) တွင် အရေးကြီးသည့်အချက်ကို ညွှန်ပြသနည်း။



သမ္မာတရားသည် ဝိညာဉ်တော်၏အသီးဖြစ်သည်။ ကျွန်ုပ်တို့သိသည့်အရာသာမဟုတ်၊ ကျွန်ုပ်တို့လုပ်သည့်အရာဖြစ်သည်။ ဘုရားသခင်၏အလင်းရောင်၌ ကျင်လည်မည်ဖြစ်သည်။ အသိဉာဏ်ပညာထက်ပိုသည်။ အမှောင်ထဲ၌လျှောက်လှမ်းခြင်းသည် ဘယ်ကဲ့သို့ဖြစ်သည်ကို ယောဟန်ရှင်းပြထားသနည်း။ (၁ယော ၂း၉–၁၁)။

အလင်းထဲ၌ လျှောက်လှမ်းခြင်း (သို့မဟုတ်) သမ္မာတရား၌ လျှောက်လှမ်းခြင်းသည် ပညတ်တော်ဆယ်ပါးကို စောင့်ရှောက်သည်သာလွန်သည်။ နောက်ဆုံး၌ သမ္မာတရား၌ကျင်လည်သက်ရှင်ခြင်းသည် လူများနှင့်ကျွန်ုပ်တို့ဘယ်ကဲ့သို့ လုပ်ကိုင်ပေါင်းသင်းဆက်ဆံမှု၌ပြသခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် လူများနှင့်ဆက်ဆံရာ၌ ကြမ်းတမ်း၊ မုန်းတီး၊ ခွင့်မလွှတ်၊ စိတ်ကောက်ပြီးပါးနပ်ထက်မြက်သည်ဟုဆိုကြပါစို့။ ထိုသို့ပြုလျှင် ကျွန်ုပ်တို့သည် အမှောင်ထဲ၌ လျှောက်နေခြင်းဖြစ်သည်။ ဥပုသ်နေ့ကိုမည်မျှပင် ကြပ်တည်းစွာဖြင့် စောင့်ရှောက်သော်လည်း ဘယ်သို့မျှအကျိုးရှိမည်မဟုတ်ပါ။ သခင်ယေရှုထံတော်မှ ယုံကြည်ခြင်းမည်မျှရယူသော်လည်း ဘယ်သို့မျှအကျိုးမရှိပါ။ ဆယ်ဖို့တစ်ဖို့ပေးပြီး ဘုရားဝတ်ပြုကျောင်းသို့ သွားသော်လည်း အကျိုးမရှိပါ။ တစ်နည်းအားဖြင့် အသင်းတော်၏ယုံကြည်ချက်များကိုသင်ယူခြင်းသည် သူတစ်ပါးအား ကြင်နာခြင်း၊ ကိုယ်ကျိုးမဲ့ခြင်း၊ ပေးကမ်းခြင်းထက် ပို၍လွယ်ကူသည်မဟုတ်ပါသလား။

## သောကြာ မတ် ၁၉

### ထပ်ဆင့်လေ့လာရန်။

"ဘုရားသခင်အတွက် မည်မျှကြာရှည်စွာအလုပ်လုပ်ခြင်းသည် အကြောင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏အလုပ်တွင် သစ္စာရှိမှုသည်သာလျှင်

ဘုရားသခင်လက်ခံခြင်းဖြစ်သည်။ ကျွန်ုပ်တို့အမှုထမ်းခြင်းအရာ၌ မိမိကိုယ်ကိုလုံးလုံးဆက်ကပ်အပ်နှံရန် လိုအပ်သည်။ အသေးငယ်ဆုံးသောတာဝန်ဝတ္တရားကို စိတ်နှိမ့်ချစွာဖြင့် ရိုးသားဖြောင့်မတ်စွာပြုလုပ်ခြင်းသည် အကျိုးခံစားလိုသောစိတ်ဖြင့် ကြီးစွာသောအလုပ်ကိုလုပ်သည်ထက် ဘုရားသခင်ကိုကျေနပ်နှစ်သိမ့်စေပါသည်။ ခရစ်တော်၏စိတ်သဘောကို မည်မျှကျွန်ုပ်တို့ခင်တွယ်သည်ကို ဘုရားသခင်ကျွန်ုပ်တို့၏နှလုံးသားကို ရှာဖွေလျက်ရှိသည်။ ကျွန်ုပ်တို့မည်မျှအလုပ်လုပ်သည်ထက် အလုပ်ကိုချစ်မြတ်နိုးပြီး သစ္စာရှိစွာဖြင့် ဆောင်ရွက်ခြင်းကို ပို၍တန်ဖိုးထားသည်။ E.G.White, Christ Object Lessons, p.402 မှကောက်နုတ်သည်။

"ရိုးသားသောစိတ်ဖြင့် အမှုတော်ကိုထမ်းဆောင်ခြင်းသည် ကြီးစွာသောဆုလဒ်ရှိ၏။ မထင်ရှားသောအရာကိုမြင်တော်မူသောသင်၏အဘသည် အကျိုးကိုထင်ရှားစွာပေးတော်မူလတ္တံ့။" (မဿဲ ၆း၆)။ ခရစ်တော်၏ကျေးဇူး၌ ကျွန်ုပ်တို့အသက်ရှင်ခြင်းဖြင့် အကျင့်စရိုက်ကို ဖွံ့ဖြိုးရှင်သန်စေပါသည်။ နဂိုမူလချစ်နှစ်သက်ဖွယ်သောအရာများသည် နှလုံးသားတွင်း၌ မူလအတိုင်းပြန်လည်ရောက်ရှိလာသည်။ ခရစ်တော်၏အကျင့်စရိုက်ကိုရရှိပြီး ဘုရားသခင်၏ပုံရိပ်ရောင်ခြည်တော်သည် ပေါ်လာလေ၏။ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်လျှောက်လှမ်းသောသူတို့၏မျက်နှာသည် ကောင်းကင်၏ငြိမ်သက်ခြင်းကိုပြ၏။ သူတို့သည် ကောင်းကင်၏ပတ်ဝန်းကျင်နှင့် ဝန်းရံလျက်ရှိ၏။ ဤဝိညာဉ်များအတွက် ကောင်းကင်နိုင်ငံတော်သည် စတင်နေပြီးဖြစ်၏။ ခရစ်တော်၏ဝမ်းမြောက်ခြင်းကို သူတို့ရရှိနေပြီ။ လူများအတွက် ကောင်းချီးမင်္ဂလာဖြစ်စေခြင်း၏ ဝမ်းမြောက်ခြင်းဖြစ်သည်။



သူတို့သည် သခင်၏အသုံးပြုခြင်းကို လက်ခံရသောဂုဏ်ကို ရရှိကြသည်။ သူတို့သည် သူ၏နာမတော်၌ အလုပ်လုပ်ရန် ကိုးစားခြင်းကိုခံရသောသူများဖြစ်သည်။" E.G.White, The Adeventist Home, p.535 မှကောက်နုတ်သည်။

–ဝ–

## သင်ခန်းစာ (၁၃)
## ဝိညာဉ်တော်၏အသီး–
## ခရစ်ယာန်တို့၏အကျင့်စရိုက်

မတ် ၂၀ – ၂၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ် ၂၀**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** မဿဲ ၆း၃၃။ ယော ၁၅း၈။ ရောမ ၃း၂၀–၂၆။ ၁၄း၁၇။ ၁တိ ၆း၁၁။ ၁ယော ၂း၁၅။

**အလွတ်ကျမ်းချက်**

**"တစ်ပါးအမျိုးသားတို့တွင် ဤနက်နဲသောအရာနှင့်ဆိုင်သော မဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည် သိစေခြင်းငှာ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမြော်လင့်ခြင်းအကြောင်းတည်းဟူသောသင်တို့အထဲ၌ တည်တော်မူသောခရစ်တော်ပေတည်း။" (ကောလောသဲ ၁း၂၇)။**

ဘုရားသခင်၏ဘုန်းတော်ကိုပြရန် မောရှေသည် ဘုရားသခင်ကိုတောင်းဆိုခဲ့သည်။ ထိုနောက် ဘုရားသခင်၏အကျင့်စရိုက်ကို ချစ်သနားခြင်း၊ မေတ္တာကရုဏာနှင့် ပြည့်စုံ၍စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းတို့ဖြင့် ပြသခဲ့တော်မူသည်။ (ထွက် ၃၄း၆)။ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်



ဘုရား၏ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သခင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ (၂ကော ၃း၁၈)။

"ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် သူကယ်တင်ခဲ့သောအပြစ်သားများသည် ယုံကြည်ခြင်းကိုလက်ခံရရှိမည်ဖြစ်၏။ ထိုယုံကြည်ခြင်းသည် ချစ်ခြင်းမေတ္တာဖြင့် ဆောင်ရွက်ခဲ့သဖြင့် စိတ်ကိုအပြစ်အားလုံးမှကင်းစင်စေသည်။ ထိုနောက်ခရစ်တော်နှင့်တူသည့် အကျင့်စာရိတ္တပေါ်ထွန်းလာမည်။ ခရစ်တော်ကိုကျွန်ုပ်တို့ တွေ့ကြုံခံစားရသည့်အခါ ကျွန်ုပ်တို့သည် ပြောင်းလဲပြီး သူနှင့်ပို၍ပို၍တူလာမည်ဖြစ်၏။ ဘုန်းတော်တစ်ခုမှတစ်ခုသို့၊ အကျင့်စရိုက်တစ်ခုမှတစ်ခုသို့ ပို၍တူလာမည်ဖြစ်၏။ ကောင်းသည့်အသီးဖြစ်ထွန်းလာမည်။ အကျင့်စာရိတ္တသည် ဘုရားသခင်၏စရိုက်ကဲ့သို့ ပိုမိုရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်၏။ ရိုးသားခြင်း၊ စင်ကြယ်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ကြင်နာခြင်းတို့ပြသမည်ဖြစ်၏။" E.G.White, My Life Today, p. 54 မှ ကောက်နုတ်သည်။

**တနင်္ဂနွေ** **မတ် ၂၁**

**ဘုရားသခင်၏နိုင်ငံတော်ကိုရှေးဦးစွာရှာလော့။ (မဿဲ ၆း၂၆)။**

အများသောအားဖြင့် ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် ကျွန်ုပ်တို့ရသင့်သည့်အရာများထက် ရလိုသောအရာများကို တောင်းလျှောက်ကြသည်။ သင်၏တောင်းလျှောက်ခြင်းများအတွက် ကောင်းသည့်အကြောင်းပြချက်များရှိနိုင်မည်။ သို့သော် သင်၏တောင်း

လျှောက်ခြင်းသည် ရလိုသောအရာနှင့် ရသင့်သောအရာ (၂) ခု၌ ဘယ်ဘက်တွင် ပိုနေပါသနည်း။ အောက်တွင်ဖေါ်ပြထားသော ကျမ်းပိုဒ်နှစ်ပိုဒ်သည် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့နားလည်စေသနည်း။

> "ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကို ဦးစွာရှာကြလော့။ နောက်မှထိုအရာများကို ထပ်၍ပေးတော်မူလတ္တံ့။" (မဿဲ ၆း၃၃)။

အဘယ်ကြောင့် သခင်ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကိုရှေးဦးစွာရှာရန် ပြောသနည်း။ (မဿဲ ၁၆း၂၆ ကိုဖတ်ပါ)။

ဘုရားသခင်၏နိုင်ငံတော်သည် ဘယ်ကဲ့သို့ဖြစ်သည်ကို (ရောမ ၁၄း၁၇) တွင် ဖေါ်ပြထားသနည်း။

ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသည် ဝိညာဉ်၏အသီးဖြစ်ကြောင်း သတိပြုပါ။ ထိုကြောင့် ဝိညာဉ်၏အသီးကိုရှေးဦးစွာရှာရမည်။ နောက်ဆုံး၌လောကပေးနိုင်သည့်အရာများကိုရရှိမည်ဖြစ်၏။ သို့သော် ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းမရှိပါက ဘယ်ကဲ့သို့အဓိပ္ပါယ်ရှိမည်နည်း

သင်၏ဆုတောင်းခြင်းများနှင့် သင်၏ယေဘုယျအသက်တာအကြောင်းသည် ဘယ်ကဲ့သို့ထင်မြင်သနည်း။ သင်အလိုရှိသောအရာကိုရယူခြင်း (သို့မဟုတ်) ဘုရားသခင်အလိုတော်ရှိသည့်အတိုင်းဖြစ်ခြင်းလော။

## တနင်္လာ မတ် ၂၂

## အခြားသောဝိညာဉ်တော်၏အသီး။ (ဂလာတိ ၅း၂၂၊၂၃)။

ခရစ်ယာန်၏အကျင့်စာရိတ္တအစိတ်အပိုင်းဖြစ်သည့် အသီးသည် (ဂလာတိ ၅း၂၂၊၂၃ နှင့် ဧဖက် ၅း၉) ၌သာစာရင်းပြုထား



သည်မဟုတ်ပါ။ (၁တိ ၆း၁၁။ ၂တိ ၃း၁၀ နှင့် ၂ပေ ၁း၅–၇) ၌လည်း များစွာသောအသီးကို ဖေါ်ပြထားသည်ကိုလည်း တွေ့ရ၏။ ကောင်းသည့်အချက်များလည်း ပေါင်းထည့်ထားသည်ကို တွေ့ရ၏။ ဘုရားသခင်ဝတ်၌မွေ့လျော်ခြင်း၊ စင်ကြယ်ခြင်း၊ ပညာစသည်တို့ကိုလည်းတွေ့ရသည်။ (၁ကော ၁၃း၄–၈) တွင် ချစ်ခြင်း၏စရိုက်များကို 'မရှိ' ဟူသောစကားကို အသုံးပြုထားသည်။ "မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာမကျင့်တတ်၊ ကိုယ်အကျိုးကိုမရှာတတ်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်"

ဝိညာဉ်အသီးနှင့်ဆိုင်လျှင် ကျမ်းစာထဲတွင် တစ်နေရာတည်းစာရင်းပြုစုထားခြင်းမဟုတ်သည်မှာ ယခုသေချာရှင်းပြီးဖြစ်မည်။ ခရစ်ယာန်တို့၏စရိုက်အရောင်အသွေးအမျိုးမျိုးရှိသည်။

(၁ပေ ၆း၁၁) တွင် "ဘုရားသခင်ဝတ်၌မွေ့လျော်ခြင်း" ကိုဖေါ်ပြထားသည်။ (ရောမ ၅း၄–၅) တွင် မြော်လင့်ခြင်းကို ဖေါ်ပြထားသည်။ (၂ပေ ၁း၅–၇) ၌ (ဂလာတိ ၅း၂၂၊၂၃) တွင် မဖေါ်ပြထားသည့်သီလကို ကောင်းသည့်စရိုက်စာရင်းတွင် ဖေါ်ပြထားသည်။ (၂ပေ ၅း၅၊၆) တွင် ပညာကိုလည်း စာရင်းတွင်ပါဝင်သည်ကိုတွေ့နိုင်သည်။ ဤကျမ်းပိုဒ်၌ ပေါလုသည် ဝိညာဉ်၏အသီးဟုမခေါ်ပါ။ သို့သော် ဤအရာများသည် အမှန်ပင်ဝိညာဉ်၏အသီးများဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှု၏နောက်လိုက်များအနေဖြင့် ဘယ်ကဲ့သို့သောသူများဖြစ်သည်ကို ပြသခြင်းကြောင့်ဖြစ်သည်။

**အင်္ဂါ** **မတ် ၂၃**

**ယုံကြည်ခြင်း၌ဗွဲ့သတ္တိရှိ၏။ (ရောမ ၃း၂၀–၂၆)။**

ကျွန်ုပ်တို့သည် ဝိညာဉ်တော်အသီးကို ဘုရားသခင်၏ ဂုဏ်တော်နှင့် ဘုန်းတော်အတွက် ရှင်သန်ကြီးထွားရန်၊ ပြုစုပျိုးထောင်ရန်အံ့ဩဖွယ်ကောင်းသည့်အလုပ်ကို ပြုလုပ်ရန်ပေးထားသည်။ လူအနေဖြင့်ကောင်းမြတ်သောအရာများကို စဉ်းစားသော် စိတ်ပျက်မည်မှာ အမှန်ပင်ဖြစ်မည်။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ရှိသည်ထက်ပို၍ အသီးကိုသီးရန် သင့်မသည်မဟုတ်ပါသလား။ ဤမေးခွန်းသည် ကောင်းသောမေးခွန်းဖြစ်သည်။ "သင်တို့သည် ယုံကြည်ခြင်း၌ တည်လော၊ မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။" (၂ကော ၁၃း၅)။ ကျွန်ုပ်တို့သည် မည်သည့်အသက်တာဖြင့် နေထိုင်နေပြီး လောကကိုဘယ်ကဲ့သို့သက်သေခံသည်ကို ကျွန်ုပ်တို့ကိုယ့်ကို စစ်ဆေးရန် လိုအပ်သည်။

တစ်ချိန်တည်း၌ ကျွန်ုပ်တို့သ် အန္တရာယ်နှင့်ရင်ဆိုင်ရတတ်သည်။ ခရစ်ယာန်များအနေဖြင့် သခင်ယေရှု၏ပုံပမာကိုကြည့်နိုင်သည်။ သူသည် အပြစ်ကင်းမဲ့စွာနေထိုင်ခဲ့သောလူသားတစ်ဦးတည်းသာဖြစ်သည်။ ကျွန်ုပ်တို့ကိုယ်ကို သူနှင့်နှိုင်းယှဉ်ကြည့်သော် စိတ်ပျက်ရန်အဘယ်မျှလွယ်ကူသည်ကိုသိ၏။ စုံလင်သောပညတ်တရားနှင့် စုံလင်သောကယ်တင်ရှင်၏ပုံသက်သေကို လိုက်လျှောက်ရန် ကျွန်ုပ်တို့ရှိသည်။ ထိုပညတ်တရားနှင့် ကယ်တင်ရှင်ကဲ့သို့ဖြစ်ရန် တိုင်းတာရာ၌ မမီနိုင်သည်ကို ကျွန်ုပ်အားလုံးအသိပင်။ ဤကဲ့သို့ကြီးထွားလိုသည့်အတိုင်း တွေ့ကြုံခံစားခြင်းမရှိသဖြင့် စိတ်ပျက်ရန် အလွန်ပင်လွယ်ကူမည်။





သို့သော် ဤနေရာတွင် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းဆိုသည့်အဓိအပွါယ်ကို ပြည့်ဝစွာနားလည်ရန် လိုအပ်သည်။ ကယ်တင်ခြင်းဘယ်နေရာတွင်ရှိသည်ကိုသိရန် လိုအပ်သည်။ ထိုနောက် သခင်ယေရှုကပ်တိုင်ပေါ် ကျွန်ုပ်တို့အတွက် ဘာပြုလုပ်သည်ကိုသိရှိရန် လိုအပ်သည်။

(ရောမ ၃း၂၀–၂၆) သည် ကယ်တင်ခြင်းအကြောင်း ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ပြောသနည်း။ ကျွန်ုပ်တို့သည် အသီးအနည်းငယ်ကိုသီးပြီး စိတ်ပျက်လျက်ရှိစဉ် ဤဖြောင့်မတ်ခြင်းတရားကို အဘယ်ကြောင့်စွဲကိုင်ထားရန် အလွန်အရေးကြီးပါသနည်း။

ကျွန်ုပ်တို့သည် အဘယ်မျှလောက်ပင်ခရစ်ယာန်၏အသက်တာကိုလေးနက်စွာကြိုးစား၍နေထိုင်ပြီး အပြစ်တရားနှင့် မိမိကိုယ်ကိုတိုက်ပွဲဝင်ခဲ့သော်လည်း ဘုရားသခင်ကျွန်ုပ်တို့ကို လက်ခံခြင်းသည် သခင်ယေရှုနှင့် ၎င်း၏ဖြောင့်မတ်ခြင်း၌ တွေ့ရှိနိုင်သည်ကို သိရှိရန် လိုအပ်ပါသည်။ ထိုဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့အတွက် လုပ်ဆောင်ခဲ့ပြီးနောက် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ကိုပေးအပ်သည်။ ထိုနောက်ကျွန်ုပ်တို့သည် ဘယ်သောအခါမျှ အရှုံးပေးမည်မဟုတ်ပါ။ ဘာကြောင့် အရှုံးပေးရမည်နည်း။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၌မဟုတ်၊ သခင်ယေရှု၌လုံခြုံစွာတည်နေမည်ဖြစ်၏။

**ဗုဒ္ဓဟူး** **မတ်၂၄**

**လောက၏စိန်ခေါ်မှု။ (၁ယော ၂း၁၅)။**

(၁ယော ၂း၁၅) ၌ ဘာကိုပြောနေသနည်း။ လောကကို ချစ်သောသူကို ဘုရားသခင်မည်မျှမချစ်ဟုဆိုလိုပါသလား။ သို့တည်း

မဟုတ်၊ လောကကိုချစ်သောသူသည် ဘုရားသခင်ကိုမချစ်သလော။ ရှင်းပြပါ။

“တစ်ခါတစ်ရံလူ၏စိတ်ဆန္ဒသည် ကောင်းကင်၏သန့်ရှင်းခြင်းကိုတောင့်တလျက်ရှိ၏။ သို့သော် ကျွန်ုပ်တို့သည် လောက၏အသံများကိုဘေးသို့ဖယ်ရှားပြီး ဘုရားသခင်၏ဝိညာဉ်တော်၏ပို့ဆောင်မှုကိုနားထောင်ရမည်ဖြစ်၏။ အကယ်၍ ထိုကဲ့သို့ကျွန်ုပ်တို့မပြုခဲ့သော် လောက၏အရာများကို ထာဝရနှင့်ဆိုင်သောအရာများထက် အရေးကြီးအောင်လုပ်ဆောင်ရာကျ၏။ ဤသို့သောနည်းဖြင့် နှုတ်ကပတ်တော်၏အသီးကိုသီးနိုင်ရန် ဖြစ်နိုင်ချေမရှိပါ။ အဘယ်ကြောင့် သို့သော် အသက်တာ၏စိတ်သည် လောက၏ဆူးများဖြင့် ရှင်သန်ကြီးထွားစေရန်ပို၍ အားပေးရန် သန္နိဋ္ဌာန်ချထားသောကြောင့်ဖြစ်၏။” E.G. White, Christ’s object Lessons, p.51 မှ ကောက်နုတ်သည်။

ကျွန်ုပ်တို့သည် ပညတ်တရားကိုစောင့်ခြင်းဖြင့် ကယ်တင်ခြင်းရရှိနိုင်သည်ဆိုသည့်အန္တရာယ်ကို သတိထားရမည်။ ကျမ်းစာထဲ၌ ဣသရေလအမျိုးတို့သည် ပတ်လည်၌ရှိပြည်များနှင့်ပို၍တူအောင်မိမိကိုယ်ကိုပြုလုပ်သည့်အခါ အမြဲဖေါက်ပြန်သည်ကိုတွေ့ရ၏။ (၁ယော ၂း၁၅)။ သတိပေးသည်မှာ လောကကိုချစ်သော်၊ ဘုရားသခင်ကိုချစ်ရန်မဖြစ်နိုင်ကြောင်း ဖေါ်ပြထားသည်။ သာသနာလုပ်ငန်းလောကတွင် ဆောင်ရွက်သည့်အခါ အသင်းတော်အနေဖြင့် သတိရှိရန်လိုအပ်သည်။ ဘုရားသခင်၏နာမတော်အားဖြင့်ဟုဆိုကာ ဩဇာလွှမ်းမိုးခြင်းမခံရလေအောင်သတိပြုရမည်။

လူတစ်ဦးတစ်ယောက်သည် ဘုရားသခင်ကိုချစ်သည်ထက် လောကကိုပို၍ချစ်သည်ကို ဘယ်ကဲ့သို့သိရှိနိုင်သနည်း။ ဘယ်ကဲ့သို့သောလက္ခဏာကို ကြည့်ရမည်နည်း။



(ယာကုပ် ၄း၄) တွင် ဘုရားသခင်ကို ချစ်ခြင်းထက် လောကကိုချစ်ခြင်း၏အဓိပ္ပါယ်သစ်ကိုတွေ့နိုင်၏။ လောက၌ပျောက်ဆုံးနေသောအသင်းဝင်များကို ယာကုပ်သည် အဘယ်ကြောင့် မတရားသောမေထုန်၌မှိဝဲသောပုံပမာနှင့် နှိုင်းရသနည်း။ (၁ယော ၂း၁၅) တွင် ပြောသည်ကိုလည်း သတိပြုပါ။ ဘုရားသခင် (သို့မဟုတ်) လောကလော။

လောက၏မည်သည့်အစိတ်အပိုင်း၌ သင်အများဆုံးရုန်းကန်မှုပြုရသနည်း။ မည်သည့်အရာများသည် သင့်အားစုံစမ်းနှောင့်ယှက်သနည်း။ သင့်အား နှစ်သိမ့်ကျေနပ်မှုမပေးနိုင်ဘဲ နောက်ဆုံး၌ပျက်စီးရန်ဖြင့် မျောပါမသွားစေရန် ယုံကြည်ခြင်း၏တိုက်ပွဲကိုသင်ဘယ်ကဲ့သို့တိုက်ရန် သင်ကြားမည်နည်း။

## ကြာသပတေး မတ် ၂၅

### ဝိညာဉ်တော်အသီးကိုဘယ်ကဲ့သို့သီးရမည်နည်း။ (ယော ၁၅း၈)။

သစ်စေ့ကိုကျွန်ုပ်တို့မပြုလုပ်နိုင်ပါ။ သို့သော် သစ်စေ့ကိုအသီးသီးစေရန်အထိ ကျွန်ုပ်တို့ပြုလုပ်နိုင်သည့်အရာများရှိသည်။ ဝိညာဉ်တော်ပြည့်ဝသောအသက်တာသည်လည်း ထိုနည်းတူဖြစ်သည်။ ယုံကြည်သူတစ်ဦး၏စိတ်နှလုံးတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုသည် အသက်၏အလွန်နက်နဲသောနားမလည်နိုင်သည့်လျှို့ဝှက်ချက်ဖြစ်သည်။ သို့သော် ကြီးထွားခြင်းကို ဘယ်ကဲ့သို့ဆောင်ရွက်ရန် ကျမ်းစာတော်မြတ်တွင် ရှင်းလင်းစွာညွှန်ကြားချက်များပေးထားသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းတော်အတွက် မြောက်မြားစွာသောအသီးကိုသီးစေရန် ခရစ်တော်၏ဆန္ဒကို ပြည့်ဝစေမည်ဖြစ်၏။ (ယော ၁၅း၈)။

ဝိညာဉ်၏အသီးကိုကြီးထွားစေရန် ခွန်အားပေးသည့်နည်းများကို အောက်တွင်ဖော်ပြထားသည်။

*** ဘုရားသခင်၏သမ္မာတရားတော်ကိုလေ့လာခြင်း။**

(၂တိ ၃း၁၆) တွင် ကျမ်းစာတော်မြတ်သည် ဘယ်ကဲ့သို့အကျိုးပြုကြောင်း ဖော်ပြထားသနည်း။ (ငယ် ၁၇ ကိုဖတ်ပါ)။ ဆာလံ ၁၁၉း၁၀၅ ကိုလည်းဖတ်ပါ။

*** ဆုတောင်းခြင်း။**

"ဆုတောင်းခြင်းသည် စိတ်နှလုံး၏ဝင်သက်၊ ထွက်သက်ဖြစ်၏။ ဝိညာဉ်တန်ခိုး၏လျှို့ဝှက်ချက်ဖြစ်သည်။ ဆုတောင်းခြင်းသည် စိတ်၏ကျန်းမာခြင်းကို ကာကွယ်ပေးသည်။ ဆုတောင်းခြင်းသည် နှလုံးသားကို ဘုရားသခင်နှင့်နီးကပ်စေပါသည်။ ဆုတောင်းခြင်းသည်လည်း ဘာသာရေးတွေ့ကြုံခံစားမှုတို့၏အကြောကြွက်သားများကို သန်မာစေပါသည်။ သင်သည် အချိန်မှန်မှန်ဆုတောင်းရန် ပျက်ကွက်ခဲ့သော် ဘုရားသခင်နှင့် လက်ကိုင်တွဲမှုပြုတ်မည်ဖြစ်၏။ ဝိညာဉ်ရေးဆက်သွယ်မှုအားနည်းပြီး ဘာသာရေးတွေ့ကြုံခံစားမှုတို့၏ခွန်အားလည်း လျော့သွားမည်ဖြစ်၏။" E.G.White, Gospel Workers, pp. 254,255 မှကောက်နုတ်သည်။

*** ကောင်းသောအကျင့်ဖြင့်နှလုံးသွင်းခြင်း။**

"ကြွင်းသောစကားဟူမူကား ညီအစ်ကိုတို့သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှတို့ကိုလည်းကောင်း၊ ပါရမီတစ်ပါးပါး၊ ကောင်းသောသတင်းတစ်ပါး



ပါးနှင့်ဆိုင်သောအကျင့်တို့ကိုလည်းကောင်း နှလုံးသွင်းကြလော့။ (ဖိလိပ္ပိ ၄း၈)။ မွန်မြတ်စင်ကြယ်သောအတွေးကို နှလုံးသွင်းရန် ဘယ်ကဲ့သို့ပြုစုရမည်နည်း။

*** ခရစ်ယာန်သက်သေခံခြင်း**

နတ်ဆိုးစွဲသောရောဂါပျောက်ကင်းသည့်သူသည် သခင်ယေရှုနောက်တော်သို့လိုက်ရန် ခွင့်ပန်ခဲ့သည်။ သို့သော် ထိုသို့ပြုမည့်အစား သူ၏နေရပ်သို့ပြန်ကာ ထာဝရဘုရားသခင်အဘယ်မျှလောက်ကျေးဇူးပြုတော်မူသည်ကို ပြန်ပြောရန် မိန့်တော်မူသည်။ (မာကု ၅း၂၈–၂၀)။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ဝေမျှခြင်းဖြင့် အသက်တာတွင် ဝိညာဉ်အသီးကို ဘယ်ကဲ့သို့ကြီးထွားစေနိုင်သနည်း။

ဝိညာဉ်တော်အသီးသည် အလိုအလျောက်ဖြစ်ပေါ်လာမည်မဟုတ်ပါ။ သင်၏အနာဂတ်သည် သင်၏ရွေးချယ်မှုဖြင့်သာ အဆုံးအဖြတ်ပေးမည်။ သင်၏ဝိညာဉ်ရေးတိုးတက်ကြီးထွားလာရန် သင့်နေထိုင်ပုံ၊ သင့်မိတ်ဆွေ၊ အရာခပ်သိမ်းတို့၌ မည်သည့်ပြောင်းလဲချက်မျိုးကိုပြုလုပ်ရန်လိုအပ်သနည်း။

**သောကြာ မတ် ၂၆**

**ထပ်ဆင့်လေ့လာရန်။**

"ဘုရားသခင်သည် မွန်မြတ်စင်ကြယ်သောအတွေးများဖြင့် ကျွန်ုပ်တို့နှလုံးသွင်းရန် တောင်းပန်လျက်ရှိသည်။ သူ၏အလွန်ကြီးကျယ်သောကယ်တင်ခြင်းစီမံကိန်း၏လုပ်ဆောင်မှုကိုလည်းကောင်း၊ သူ၏ချစ်ခြင်း၊ သနားကြင်နာခြင်းတို့ကိုလည်းကောင်း၊ ကျွန်ုပ်တို့နှလုံးသွင်းရန် ဆန္ဒရှိသည်။ ထိုနောက်ဖြောင့်မတ်ခြင်းတရားကိုပို၍

ရှင်းလင်းစွာနားလည်လာမည်ဖြစ်၏။ သန့်ရှင်းသောသမ္မာကျမ်းစာတော်မြတ်ကို လေ့လာပြီး ဘုရားသခင်နှင့် နီးကပ်စွာဆက်ဆံခြင်းသည် စင်ကြယ်သောအတွေးနှင့် ရှိသောစိတ်နှလုံးကို ပြောင်းလဲစေမည်ဖြစ်သည်။

"ထိုနောက်အသီးကိုသီးလော့" နှုတ်ထွက်စကားများကိုကြားပြီးကျင့်သောသူတို့သည် နားထောင်ခြင်းဖြင့် အသီးကိုသီးမည်ဖြစ်၏။ စိတ်နှလုံးထဲ၌ ဘုရားသခင်၏သမ္မာကျမ်းကို လက်ခံရရှိသောသူသည် ကောင်းသည့်အလုပ်ဖြင့် ပြသမည်ဖြစ်၏။ ၎င်း၏ကောင်းကျိုးရလဒ်များသည် ခရစ်တော်နှင့်တူသည့်စရိုက်နှင့် ၎င်း၏အသက်တာတွင် တွေ့ရှိမည်ဖြစ်သည်။ ခရစ်တော်သည် မိမိကိုယ်ကိုပြောသည်မှာ "အကျွန်ုပ်၏ဘုရားသခင် ကိုယ်တော်၏အလိုကိုဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာရှိပါ၏။" (ဆာလံ ၄၀း၈)။ "ငါသည် ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည် ကြားသည်အတိုင်းတရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏အလိုသို့လိုက်၏။ (ယော ၅း၃၀)။ "ထိုသခင်၌ငါတည်၏ဟုဆိုသောသူသည် ထိုသခင်ကျင့်တော်မူသည်နည်းတူ ကျင့်ရမည်။" (၁ယော ၂း၆)။

–၀–